အမိပ္ပါယ်အမြွက်ကား။ ။အိမ်ရှင်သည် ၁-နေ့သားဖြစ်အံ့၊ ၂-နေ့ဆောက်မူ ဆင်းရဲအံ့။ ၃-နေ့ဆောက်မူ ပြီးစီးအံ့။ ၄-နေ့ဆောက်မူ လာဘ်ရအံ့။ ၅-နေ့ဆောက်မူ ဒဏ်သင့်အံ့။ ၆-နေ့ဆောက်မူ အမှုကိစ္စများအံ့။ ၇-နေ့ဆောက်မူ ချစ်သူများအံ့။ အိမ်ရှင် ၂-နေ့သား စသည်တို့၌လည်း မွေးနံကစ၍ နောက်ကို တစဉ်းဆုံးအောင် နည်းယူ၍ သိလေ။ ယခုပြလိုက်သော ဇယားပုံကား အိမ်ဆောက်တခုသာ သုံး ရ သည် မ ဟုတ်၊ အခါပေးခြင်း၊ အမှုကိစ္စ ရွက်ဆောင်ခြင်း၊ ခရီးသွားခြင်း၊ ယာယီပြောင်းခြင်း၊ ဆေးကောင်း ဆေးညစ်၊ အင်းကောင်း အင်းညစ်ကြံခြင်း စသောအားဖြင့် အရာရာမှာ အသုံးပြုရသည်။

## (၃၃) အိမ် ၃-မျိုးကိုပြခြင်း

| အိမ် | အသင့် | အကျိုးအပြစ် |
|---|---|---|
| အောက်ဝါမြင့်မူ | ဘားသင့် | ဥစ္စာရှားပါးတတ်၏။ |
| အောက်ဝါနိမ့်မူ | လိပ်သင့် | ရောဂါများတတ်၏။ |
| အောက်ထက်မျှမူ | နွားသင့် | ချမ်းသာစေတတ်၏။ |

## (၄၀) အိမ်သစ် ကျောင်းသစ်၌ ရေးရန်အက္ခရာ ၄-လုံးကို ပြခြင်း

အရှေ့တောင်က တိုင်မှာ သိကြားမင်းဆို၍ သိ-ကိုရေး၊ အနောက်တောင်က တိုင်မှာ နဂါးမင်းဆို၍ န-ကိုရေး။ အနောက်မြောက်က တိုင်မှာ ဗိဿနိုးနတ်မင်းဆို၍ ဗိ-ကိုရေး။ အရှေ့မြောက်က တိုင်မှာ ဘုရားရှင်ဆို၍ ဘု-ကိုရေး။ ။ဟင်းသပဒါး ရွှေရေ၊ ငွေရေ၊ စိန်ကျောက်ရေ ဖျော်၍ရေးရမည်၊ ဘေးရန်ကို ကွယ်ကာစေတတ်၏။

## (၄၁) အိမ်, ကျောင်းဆောက်ရာ မပြုသင့်သည်ကို ပြခြင်း

တိုင်ဟောင်းမှာ ပန်းမဆွဲကောင်း။ ။ထုပ်မစွပ်ခင် ရက်မမတင်ကောင်း။ ။ကြမ်းထက်ပို၍ တိုင်တို့ကို မထားကောင်း။ ကျောင်း, အိမ် မဆောက်ခင် ဝင်းမခတ်ကောင်း။ ။ကွမ်းတိုင်ပေါ် တွင် ဝါးကို မတင်ကောင်း။ ။ခေါင်လျှောက် ခွ တင်မပြီးမီ ကြမ်းကို မထောက်ကောင်း။ ။တိုင်ထူသောအခါ တိုင်ချင်းထိခိုက်အောင် မပြုကောင်း။ ။ထုပ်စွန်းထက် စရွေးကို ပို၍မထားကောင်း။ ။အိမ်, ကျောင်း အသစ် ပြီးမြောက်သောအခါ အနောက်မြောက် အနောက်တောင်က တံခါးမပြုကောင်း။

## (၄၂) ပရိဂ္ဂါရ ခသည်ခေါ်ပုံကို ပြခြင်း

မိမိ၏ မွေးနံ့ အရပ်ကစ၍ ပ၊ အာ၊ နုး ဘူ၊ ဂ၊ တေ၊ ဋ္ဌ၊ သိ၊ ဟု ရှစ်မျက်နှာချ။ ။အထူးကား မုဒ္ဒဟူးနေ့၊ မွန်းယိမ်းသွားဖြစ်လျှင် ရာဟုသားဖြစ်၏။ ရာဟုအရပ်ကစ၍ ချရသည်။ ။ဂ-နေ့သားပုံကို ချ၍ပြဦးအံ့။

၁-နေ့သားပုံ၊ ၂-နေ့သားပုံ၊ ၃-နေ့သားပုံ၊ ၄-နေ့သားပုံ၊

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ပ | အာ | န | သိ | ပ | အာ | ဌာ | သိ | ပ | တေ | ဌာ | သိ |
| သိ | ၁ | ဘု | ဌာ | ၂ | န | တေ | ၃ | အာ | ဂ | ၄ | ပ |
| ဌာ | တေ | ဂ | တေ | ဂ | ဘု | ဂ | ဘု | န | ဘု | န | အာ |

၅-နေ့သားပုံ၊ ၆-နေ့သားပုံ၊ ၇-နေ့သားပုံ၊ ၈-နေ့သားပုံ၊

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဘု | ဂ | တေ | အာ | န | ဘု | ဂ | တေ | ဌာ | န | ဘု | ဂ |
| န | ၅ | ဌာ | ပ | ၆ | ဂ | ဘု | ၇ | သိ | အာ | ဂ | တေ |
| အာ | ပ | သိ | သိ | ဌာ | တေ | န | အာ | ပ | ပ | သိ | ဌာ |

| အကျဉ်းခေါ် | အကျယ်ခေါ် | ပြုသင့်သောအမှု |
|---|---|---|
| ပ | ပရိဝါရ | နေထိုင်သင့် |
| အာ | အာယု | နံပင်စိုက်သင့် |
| န | နဂရ | ရွာပြည်တည်သင့် |
| ဘု | ဘုမိ | အညစ်အကြေးစွန့်သင့် |
| ဂ | ဂဟပတိ | ကျီကြဲဘဏ္ဍာထားသင့် |
| တေ | တေဇ | ထီးတံခွန်ကျောင်းကန်တည်သင့် |
| ဌာ | ဌာန | ဆင်မြင်း၊ ကျွဲနွားထားသင့် |
| သိ | သိရိ | လယ်ယာမြေထားသင့် |

ဤ-ပရိဝါရစသော အခန်းအနားကား များစွာ အဆိုရှိ၏။ တခုနှင့်တခု စကားမညီ၊ ပြည်ရှင်မင်းများ သုံးစွဲသော အရာ လည်းဖြစ်၏။ သို့သော်လည်း မည်သူမဆို ကျမ်းဆိုအတိုင်း ကျင့်နိုင်ပြုနိုင်မှုကား၊ ကြက်သရေ တိုးတက်ရာ၏။ တိုက်ရိုက် မသုံးစွဲနိုင်က ပရိယာယ်ဖြင့် သော်လည်း ပြုရာ၏။ ဥပမာ- တနင်္ဂနွေသား တယောက်သည် တောင်အရပ်၌ ဘူမိကျ၍ အိမ် သာများ ပြုသင့်၏။ သို့သော်လည်း လူတည်း သူတည်း ကျနေ သည်ဖြစ်အံ့။ သင့်လျော်သောအရပ်မှာ အိမ်သာပြု၍ ဘူမိကျရာ အရပ်က မြေကို၊ အနည်းငယ်ယူ၍ ဖြူးရာ၏။ အနောက်အရပ်မှာ တေဇကျ၍ ကျောင်းကန်စေတီ တည်ရမည်ဖြစ်လျက်၊ ၎င်းအ ရပ်၌ အခွင့်မရ။ အခြားသောအရပ်၌ ကျောင်းကန်စေတီ ပြုရ သော် ၎င်းတေဇ ကျရာ အရပ်ကမြေကိုယူ၍ဖြူးပြီးမှ၊ ကျောင်း ကန် စေတီ စသည်ကို တည်ထားကိုးကွယ်ရာ၏။ ဤသို့စသည်ဖြင့် ဆိုင်ရာအရပ်ကမြေကိုယူ၍ လျော်စွာပြုခြင်းသည် ပရိယာယ်ဖြင့် သော်လည်း ပြုသည်မည်၏။ ကြွင်းသောအမှု ကြွင်းသောနေ့များ ကိုလည်း နည်းတူသိရာ၏။

——o——

## (၄၃) မစိုက်အပ်သော သစ်ပင်ကိုပြခြင်း

| အရပ် | မစိုက်ကောင်းသောအပင် |
|---|---|
| အရှေ့ | ညောင်နှင့်သပြေ |
| တောင် | ရှစ်ရှား-ငှက်ပျော-သင်္ဘောပင် |
| အနောက် | လက်ပံ-ထိန် |
| မြောက် | ရှစ်ရှား-သဖန်း |

## (၄၄) မိုက်အပ်သော သစ်ပင်ကိုပြခြင်း

| အရပ်။ | စိုက်ကောင်းသောသစ်ပင်။ |
|---|---|
| အရှေ့ | သဖန်း-ကြခတ်။ |
| အရှေ့တောင် | သရဖီပင်။ |
| တောင် | ပုန်းညက်။ |
| အနောက်တောင် | အုန်းပင်။ |
| အနောက် | ရှားပင်။ |
| အနောက်မြောက် | ကံ့ကော်ပင်။ |
| မြောက် | သီးပင်။ |
| အရှေ့မြောက် | ဥသျှစ်။ |

အရပ် ရှစ်မျက်နှာ၌ မှာတိုင်းစိုက်မူ ဘေးရန်ကာ၏။ ချမ်းသာ၏။

## (၄၅) နေ့စိုက်သစ်ပင်စိုက်ရန်ကိုပြခြင်း။

| နေ့စဉ်။ | ကောင်းတတ်။ |
|---|---|
| ၁-နေ့စိုက်မူ | အမြစ် ကောင်းတတ်။ |
| ၂-နေ့စိုက်မူ | အနှံ ကောင်းတတ်။ |
| ၃-နေ့စိုက်မူ | အညွှန့် ကောင်းတတ်။ |
| ၄-နေ့စိုက်မူ | အပွင့် ကောင်းတတ်။ |
| ၅-နေ့စိုက်မူ | အနံ့ ကောင်းတတ်။ |
| ၆-နေ့စိုက်မူ | အသီး ကောင်းတတ်။ |
| ၇-နေ့စိုက်မူ | အရွက် ကောင်းတတ်။ |

## (၄၆) တနည်း နေ့လိုက်သ သစ်ပင်စိုက်ရန်ကို ပြခြင်း

| နေ့စဉ်။ | ကောင်းတတ် |
|---|---|
| ၁-နေ့စိုက်မူ | အမြစ်ဥငင်း၊ အနှစ်ဥငင်း၊ ကောင်းတတ်။ |
| ၂-နေ့စိုက်မူ | အနံ့မွှေးတတ်၊ အစေးလည်း များတတ်။ |
| ၃-နေ့စိုက်မူ | အဖူးကောင်းတတ်၊ဆူးအခါးအစပ်ကောင်း |
| ၄-နေ့စိုက်မူ | အပွင့် ကောင်းတတ်။ |
| ၅-နေ့စိုက်မူ | ကိုင်းခွ ကောင်းတတ်၊ အစေ့မာတတ်။ |
| ၆-နေ့စိုက်မူ | အသီးကောင်းတတ်။ |
| ၇-နေ့စိုက်မူ | အပွေး အရွက် ကောင်းတတ်။ |

## (၄၇) မိုးကျရက်ကို ပြခြင်း။

လဆန်း လဆုတ် တရက်၊ ၆-ရက်၊ ၇-ရက်၊ ၁၂-ရက်၊ ၁၃-ရက်၊ သစ်ပင်စိုက်မူ မိုးကျတတ်၏။

## (၄၈) ၁၂-လ မိုးကျနေ့ကိုပြခြင်း။

တန်ခူးလမှာ အင်္ဂါနေ့ ကဆုန်လမှာ သောကြာနေ့၊ နယုန်လမှာ ဗုဒ္ဓဟူးနေ့၊ဝါဆိုလမှာ စနေနေ့၊ ဝါခေါင်လမှာ ကြာသပတေးနေ့၊ တော်သလင်းလမှာ ဗုဒ္ဓဟူးနေ့၊ သီတင်းကျွတ်လမှာ သောကြာနေ့၊ တန်ဆောင်မုန်းလမှာ စနေနေ့၊ နတ်တော်လမှာ ဗုဒ္ဓဟူးနေ့၊ ပြာသိုလမှာ ကြာသပတေးနေ့၊ တပို့တွဲလမှာ ကြာသတေးနေ့၊ တပေါင်းလမှာ တနင်းလာနေ့၊ သစ်ပင်စိုက်မူ မိုးကျတတ်၏။

## ပိုးကျနေ့ စယားပုံကိုပြခြင်း

| လစဉ် | ပိုးကျနေ့ | လစဉ် | ပိုးကျနေ့ |
|---|---|---|---|
| ခူး | ၃-နေ့ | ကျွတ် | ၆-နေ့ |
| ဆုန် | ၆-နေ့ | မုန်း | ၇-နေ့ |
| ယုန် | ၄-နေ့ | ပျော် | ၄-နေ့ |
| ဆို | ၇-နေ့ | သို | ၅-နေ့ |
| ခေါင် | ၅-နေ့ | တွဲး | ၅-နေ့ |
| လင်း | ၄-နေ့ | ပေါင်း | ၂-နေ့ |

## ၄၃- နွားစသည်ကို မဝယ်သင့်သောအခါ

အိမ်နေမိန်းမ ကိုယ်ဝန်ရှိသောအခါ နွား-စသည်ကိုဝယ်မှု ဘေးထိတတ်၏။

အသက် နှစ်စုံ အခါဝယ်မူ၊ သော ဟ ရောက် တယ် ၏။ ။ ဝယ်လိုလျှင် ပရိယာယ်ဖြင့် ပြုရာ၏။ ပြုရပုံကား- ဆွေမျိုး သား ချင်း တဦးဦးကို ခိုင်းစေ၍၊ ထိုသူ၏ အ ထံ ရက် လည် အောင် ထားပြီးမှ ယူရာ၏။

## (၁၀) မမွေးသင့်သော သတ္တဝါ
## ၉-ဦးကိုပြခြင်း

၁။ ခွေးကြောင်။ ၂။ ကြောင်နက်။ ၃။ ကြက်ညို။
၄။ ခိုပြာ။ ၅။ နွားနှမ်း။ ၆။ မြင်းဝါ။
၇။ ဆင်ဟိုင်း။ ၈။ ကျွဲဖြူ။ ၉။ လူနွတ်ခမ်းပဲ့။

**(ဤသတ္တဝါ ၉-ဦးကိုမွေးလျှင် ဘေးရောက်တတ်၏။)**

## (၅၁) မမွေးသင့်သော နွား ၇-မျိုးကိုပြခြင်း

၁။ အသားပွ တင်ပါးနိမ့်သောနွား။
၂။ ပေါင်စောင်း မြင်းခေါင်းဖေါက်ပြန်သောနွား။
၃။ သွားကြားရေယို ချိုတယ်လူး နံတို နံကြပ်နွား။
၄။ မျက်တွင်းကျ ခြေခွင်နွား။
၅။ မြေကပ်ပါသည့်ကို ခါသောနွား၊ ခေါင်းတိုသောနွား။
၆။ မွေးရှည် မြီးရှည် မွေးကြမ်း လည်ရှည်နွား။
၇။ နှာခေါင်းစဥ်းသောနွား။

ဤနွား ၇-မျိုး မမွေးကောင်း၊ မွေးလျှင် ဘေးဖြစ်တတ်သည်။

## (၅၂) မွေးသင့်သော နွား ၉-မျိုးကိုပြခြင်း

၁။ ထိပ်လည်ကြာနေသောနွား။
၂။ လည်ပင်းဖွေ့ရှိသောနွား။
၃။ ခြေလက်ဖြူသောနွား။
၄။ မြီးဖျားဖြူသောနွား။
၅။ ခွါရှည်သောနွား။
၆။ ကျောက်ကုန်းဖွေ့ရှိသောနွား။
၇။ မြီးရင်းဖွေ့ရှိသောနွား။
၈။ မျက်စေ့မျက်နှာ တင့်တယ်သောနွား။
၉။ နားတိုသောနွား။

(ဤနွား ၉-မျိုးကိုမွေးလျှင် ချမ်းသာစေတတ်၏။)

## (၅၃) နံသင့် နွားမွေးပုံကို ပြခြင်း

| ၇-ရက်သား | မွေးရန် နွား |
| --- | --- |
| ၁-နေ့သား | နွားနီ၊ နွားဖြူ၊ နွားနှမ်း။ |
| ၂-နေ့သား | နွားနီ၊ နွားပြောက်။ |
| ၃-နေ့သား | နွားနက်၊ နွားဖြူ၊ နွားကျား။ |
| ၄-နေ့သား | နွားနီ၊ နွားကျား၊ နွားဖြူ။ |
| ၅-နေ့သား | နွားကြောင်၊ နွားပြာ၊ နွားနှမ်း၊ နွားနက်။ |
| ၆-နေ့သား | နွားကြောင်၊ နွားပြာ၊ နွားနှမ်း၊ နွားပြောက်။ |
| ၇-နေ့သား | နွားကြောင်၊ နွားပြာ၊ နွားနှမ်း၊ နွားနီ၊ နွားနက် |

## (၅၄) နွားမျက်စဉ်းကို ပြခြင်း

ကျွန်းသားမီးသွေး၊ ငြုပ်ကောင်း၊ ဆား ချင်း၊ ၎င်းလေးပါး ကြိတ်၊ နွားပိန်မှု မြက်စဉ်းခတ်။

## (၅၅) နွားနှာတိုက်ဆေး

တောပင်စိမ်းရေ၊ ဆန်ဆေးရေ ၂-ပါး နွားနှာကို တိုက်။ သရက်ခေါက် တဆယ်၊ ထန်းငယ်လက် တဆယ်၊ ၃-ခွက် တခွက်တင်ကျို၊ သရက်ရွက်ကြီးသော နွားနှာကိုကိုက်။

## (၅၆) ဆင်-မြင်း-ကျွဲ-နွား နှာဆေး

ဆင်သမန္တယ်၊ မြင်းစကုံနီ၊ ကျွဲနပေါင်း၊ နွားမြေရင်း အမျှစိ ထောင်း။ ဆင်နှာကို ဆင်သမန္တယ်၊ မြင်းနှာကို မြင်းစကုံနီ၊ ကျွဲ နှာကို ကျွဲနပေါင်း၊ နွားနှာကို နွားမြေရင်း ကဲတိုက်။

## (၅၇) နွား-ကျွဲ ပိုးထိဆေး

နွား-ကျွဲကို မြွေဆိုးကိုက်သော် ကျွဲနပေါင်းရေကိုယူ၍ အဝ တိုက် ချမ်းသာ၏။

## (၅၈) ၇-နေ့သား မြင်းမွေးရန်ကိုပြခြင်း

| ၇-ရက်သား | မွေးရန်မြင်း |
|---|---|
| ၁-နေ့သား | နီမောင်း၊ ဖေါင်း၀တ်။ |
| ၂-နေ့သား | မြင်းပြောက်၊ မြင်းဖြူ၊ အုန်းခွံ။ |
| ၃-နေ့သား | မြင်းနက်၊ စိုင်။ |
| ၄-နေ့သား | လေးဘက်ဖြူ၊ မြင်းနီ။ |
| ၅-နေ့သား | မြင်း၀ါ။ |
| ၆-နေ့သား | ခံသီးမှည့်အဆင်း မြင်း။ |
| ၇-နေ့သား | မြင်းနီ၊ မြင်းနက်။ |

## (၅၉) မွေးသင့်သောကြောင်

လက် ခြေ မြီး ထူး နှာရောင်ပွသော ကြောင်ကား မွေးသင့် သောကြောင်တည်း။

## (၆၀) မွေးသင့်သောခွေး

ခြေသည်း လက်သည်း နက်၍ ကိုယ်လုံးဖြူသော ခွေး။ ။ လက်ခြေ မည်း၍ငင်း၊ ဖြူ၍ငင်း နှာရောင်ဖြူ။ ကိုယ်မှာနီလျက် ကြံစုံသောခွေး။ ။အမြီး ပုတ်သင်မြီး။ နားရွက် ရှည်လျက် မျက်ဆံဖြူး၍အမွေးကြောင်သောခွေး။ဤဆိုခဲ့သောခွေးများသည် ခွေးရှင်ကို ချမ်းသာစေတတ်၏။

## (၆၁) မွေးသင့်သောဆိတ်

သွား ၉–ချောင်း၊ ၁၀–ချောင်း ရှိသောဆိတ်၊ လက်ဝဲ လက်ျာဖွဲ့ပါလျက် ရှေးဦးလာ၍ စားသောက်တတ်သောဆိတ်။ ဤဆိတ်များကား၊ မွေးထားသင့်သော ဆိတ်များတည်း။

## (၆၂) မမွေးသင့်သောကြက်

ဥကို ဘောက်စားသော ကြက်မ။ ငါးဥ, ရှစ်ဥ ဥသော ကြက်မ။ ဥပျော့ဥသော ကြက်မ။ ဥငယ်ဥသော ကြက်မ။ ဤ ကြက်များကို ဘုရားကျောင်းကံလှူသင့်၏။

## (၆၃) အဦးမွေးသင့်သောသတ္တဝါ

အခြေ ၄–ချောင်းတွင်အမ။ အခြေ ၂–ချောင်းတွင် အထီး ကို အဦးဝယ်ယူမွေးကျွေးအပ်၏။

## (၆၄) မျိုးကြဲရက်

၂–နေ့၊ ၄–နေ့၊ ၅–နေ့၊ ၆–နေ့ နေ့လေးပါးမှာ မျိုးကြဲရာ၏။ ပြဿဒါးစသောရက်လည်း လွတ်စေ၊ ၁၂–လ ပြက္ခဒိန် ရက် ကောင်းကြံမိစေ။

## (၆၅) လယ်နှင်းပူဇော်နည်း

လယ်ထွန်လိုသော ယောက်ျားသည်၊ ထွန်ကိုနွားတပ်ထား။ ထွန်ကိုင်းကို ကိုင်ပြီးလျှင် မြတ်လေးပန်းဖြင့် လယ်နတ်ကိုပူဇော်

ခပ်သိမ်းသော အပြစ်ကင်း၍ လွန်မင်းသော အသီးအနှံတို့နှင့် ပြည့်စုံပါလို၏ဟု သုံးကြိမ်ဆုတောင်းလေ။

**၁၂-လပြက္ခဒိန်ချုပ်က ရက်ကောင်းကြိမ်ခေ**

## (၆၆) ထွန်သွားတပ်နည်း

| ထွန်သွား | အကျိုး |
|---|---|
| ၁-ချောင်းတပ် | ချမ်းသာအံ့ |
| ၃-ချောင်းတပ် | စားဘွယ်များအံ့ |
| ၅-ချောင်းတပ် | ဥစ္စာများအံ့ |
| ၁၀-ချောင်းတပ် | ကြက်သရေတိုးအံ့ |

## (၆၇) စပါးသွင်းရာ မသွင်းရာနေ့

၁-နေ့၊ ၂-နေ့၊ စပါးမသွင်းကောင်း။ ။တနည်း ၂-နေ့ ၅-နေ့၊ စပါးမသွင်းကောင်း။ ။ကြွင်း ၅-နေ့တွင် တနေ့နေ့မှာ သွင်းလေ။ စီးပွားချမ်းသာတိုးအံ့။

**၁၂-လပြက္ခဒိန်ချုပ်က ရက်ကောင်းလည်းကြိမ်ခေ**

## (၆၈) ကောက်သစ်ဆန်စားနေ့

ကောက်သစ်ဆန်ကို ၄-နေ့၊ ၅-နေ့ ၆-နေ့၊ ဝင်း ၃-နေ့တွင် တနေ့နေ့မှာစားလေ မိဘဆရာ ရတနာသုံးပါးအားလှူပေ။

**၁၂-လပြက္ခဒိန်ချုပ်က ရက်ကောင်းလည်းကြိမ်ခေ**

## (၆၉) မဟာဘုတ်တွက်နည်း။

ဘွားသက္ကရာဇ်ကိုတည် ၇-ခုစား၊ တခုကြွင်းမူ အောင်လံထူ စစ်သူကြီးပွဲဟုဆို၍ တိုင်ထူ၊ ၂-ခုကြွင်းမူ ကြီးပွဲအောင်လံထူစစ်သူ၊ ၃-ခုကြွင်းမူ၊ စစ်သူကြီးပွဲအောင်လံထူ၊ ၄-ခုကြွင်းမူ လံထူစစ်သူကြီးပွဲအောင်၊ ၅-ခုကြွင်းမူ၊ ပွဲအောင် လံထူစစ်သူကြီး၊ ၆-ခုကြွင်းမူသူကြီးပွဲအောင်လံထူစစ်၊ ၇-ခုကြွင်းမူ ထူစစ်သူကြီးပွဲအောင်လံဟုဆို၍နံသင့်ချ။နည်းရ၍ ၁-ခုကြွင်းကိုင် တပုဂ်ပြအံ့။

| | | |
|---|---|---|
| | အဓိပတိ ၅ | |
| ထွန်း ၇ | သိုက် ၃ | ရာဇ ၆ |
| မရဏ ၄ | ဘင် ၁ | ပုတိ ၂ |

ပုတိ- ဘင်- မရဏ၊ ဘွားမူ ငြိုငြင်စွာ မွေးမြူရအံ့။ ထွန်း-သိုက် ရာဇ- အဓိပတိ-ဘွားမူ ချေမ်းစွာ မွေးမြူရအံ့။

### မဟာဘုတ်ဟော

ပုတိဘွားကား- အလည် အပယ်များအံ့။ အဝေးရပ်ဟု ကိဝ်ကောင်ကျအံ့၊ ငယ်ခါရောဂါများအံ့။

ဘင်ဘွားကား ကြောက် ကတ် အံ့။ညည်း စိမ် ဂျက် များအံ့။ ငယ်ခါချုချာအံ့။

မရဏဘွားကား ကြောက်ကက်အံ့။ ငယ်ခါသေအံ့။ ပဒေါသော် မင်းဖြစ်အံ့။

အထွန်းဘွားကား- ကျော်စောအံ့။ ဂုဏ်ရှိအံ့။ စိတ်ဖက်အံ့။ ညဏ်ရှိအံ့။

G.—8

သိုက်ဘွားကား– အကြီးများအံ့။ မင်း၊ ဘုန်းကြီးဖြစ်အံ့။ ဥစ္စာများအံ့၊ သဒ္ဒါရှိအံ့။

ရာဇာဘွားကား– စိတ် ထက် အံ့၊ လက် မှု ပ ညာ တတ် အံ့၊ မင်းနားစိုးနားကပ်အံ့။

အ ဓိ ပ တိ ဘွား ကား– ဂုဏ်ရှိအံ့၊ ရဲရင့်အံ့၊ နှုတ် မှု ပ ညာ ဝါသနာပါအံ့။

———o———

## (၇၀) မေးလာသော စကားလုံးရေ ၇-ခုစားအဟော

မိုးဃ်း– သံ–ကံ–လုံး–ထစ်–ညံ့–အုံး။ လက်ာ။
ပိုဃ်း– မိုးမှ လုရွာ၊ စုတေလာ၊ လောင်းလျှာသမန္ဒစ။
သံ – သန္ဒေရင့်မာ၊ ဗောဓိလျှာ၊ ဘွားခါထူးကဲစွ။
ကံ – ကံအကြောင်းပါ၊ နတ်ရပ်ခွာ၊ တောမှာကျင့်ကြံရ၊
လုံး – လုံးစုံတရား၊ သိမြင်ငြား၊ ဘုရားဖြစ်မည်ပ။
ထစ် – ထစ်ကြူးကြောငြာ၊ မိဂဒါ၊ စကြာတရားပြ။
ညံ့ – ညံ့ဆူလိုက်ခံ၊ ငိုပွဲကြုံ၊ ရွှေဘုံနိဗ္ဗာန်ကြွ။
အုံး –အုံးဩမွှဲကြောက်ပြီး၊ရှိန်ပြောင်ငြီး၊ဝါတ်မီးတေဇောတ၊

———o———

## (၇၁) ကြိုပ်စားသက်ရောက်အဝိုကောက်

ဇာဠ– ခမ်း– စက်· ဝင် နက်– မှုင် ရိတ်– သန်း– အသက် တည့်– ၈–ခုစား၊ မစားတက်မူ ၈–၃ အကြွင်ကြွင်နှုတ်။ မနှုတ်

လောက်သော် အကြွင်းအတိုင်း မွေးနံ ရှိ ရာ က စ ၍ လက်ျာရစ် ရေလေ။ သုံးလျှင် ရှစ်ခွင်ပြည့်သွားရာ၏။

၁–နေ့သားဖြစ်မူ ဆင်္ဌကာစ၊ ၂–နေ့ သား ဖြစ် မူ ခန်းကာစ၊ နံသင့်ရာက စ၍ရေ။

# ငြိုဟ် အိမ်

| | | |
|---|---|---|
| ဆင်္ဌ ၁ | ခန်း ၂ | ၃ ဖက် |
| သန်း ၆ | | ၄ ဝင် |
| ရိပ် ၀ | ၅ | ၇ နက် |

| လက်ာ | ဟောရန်စာတမ်း |
| --- | --- |
| ဆုင် | ဆုင် ကင်းကွာ၊ အသူရာ အောက်မှာ စောက်ထိုးကျ။ |
| ခန်း | ခန်းကြီးလှစွာ၊ ဃောသကာ၊ အရာသူဌေးရ။ |
| စက် | စက်စက်ရှိပြီး၊ သွေးသံစီး၊ ညိုးကြီးစုံးတွေက။ |
| ဝင် | ဝင်လာတကာယ်၊ ပဘာမယ်၊ ရတယ်မင်းကုသ။ |
| နက် | နက်လှ ပင်လယ်၊ ပြင်အကျယ်၊ တ ကယ် ပျက် ကိန်း ကျ။ |
| မှင် | မှင်သက်ရွှေ၊ ဘုံနန်းမြေ၊ အမွေသိမ်းပိုက်ရ။ |
| ရိပ် | ရိပ်ညောင်ပင်ရင်း၊ ဆဒ္ဒန်မင်း၊ ထန်ပြင်းမြွားစူးရှ။ |
| သန်း | သန်း ရွှေ မြ လယ်၊ လွှန် တင့် တယ်၊ မင်းကြွယ်ဘုန်း သစ်ထ။ |

## (၇၂) ငြိုဟ်ပွင့်ရာကိုပြခြင်း

လဆန်း ၅-ရက်၊ ၁၅-ရက်။ လဆုတ် ၁၀-ရက်ကြိမ်သော အခါ အနောက်တောင်မှာ ငြိုဟ်ပွင့်၏။

လဆန်း ၄-ရက်၊ ၁၄-ရက်။ လဆုတ် ၉-ရက် ကြိမ်သော အခါ တောင်မှာ ငြိုဟ်ပွင့်၏။

လဆန်း ၃-ရက်၊ ၁၃-ရက်။ လဆုတ်ရက်၊ ကြိမ်သောအခါ၊ အရှေ့တောင်မှာ ဂြိုဟ်ပွင့်၏။

လဆန်း ၂-ရက်၊ ၁၂-ရက်။ လဆုတ် ၇-ရက် ကြိမ်သော အခါ၊ အရှေ့မှာ ဂြိုဟ်ပွင့်၏။

လဆန်း ၁-ရက်၊ ၁၁-ရက်။ လဆုတ် ၆-ရက် ကြိမ်သော အခါ၊ တောင်းကင်မှာ ဂြိုဟ်ပွင့်၏။

လဆန် ၁၀-ရက်၊ လဆုတ် ၅-ရက်၊ ၁၅-ရက် ကြိမ်သော အခါ၊ မြေမှာ ဂြိုဟ်ပွင့်၏၊

လဆန်း ၉-ရက်၊ လဆုတ် ၄-ရက်၊ ၁၄-ရက် ကြိမ်သော အခါ၊ အရှေ့မြောက်မှာ ဂြိုဟ်ပွင့်၏။

လဆန်း ၈-ရက်၊ လဆုတ် ၃-ရက်၊ ၁၃-ရက် ကြိမ်သော အခါ၊ မြောက်မှာ ဂြိုဟ်ပွင့်၏။

လဆန်း ၇-ရက်၊ လဆုတ် ၂-ရက်၊ ၁၂-ရက် ကြိမ်သော အခါ၊ အနောက်မြောက်မှာ ဂြိုဟ်ပွင့်၏။

လဆန်း ၆-ရက်၊ လဆုတ် ၁-ရက်၊ ၁၁-ရက် ကြိမ်သော အခါ၊ အနောက်မှာ ဂြိုဟ်ပွင့်၏။

**ခြည်သည့်အမှုမဆို၊ ဂြိုဟ်ပွင့်ရာသို့ မျက် နှာ မူ ၍၊ ခွက်သောင်သော် အောင်မြင်တတ်၏။**

———o———

| လဆန်း | လဆုတ် | ပွင့်ရာအရပ် |
|---|---|---|
| ၅-၁၅ | ၁၀ | အနောက်တောင်၊ |
| ၄-၁၄ | ၉ | တောင်။ |
| ၃-၁၃ | ၈ | အရှေ့တောင်။ |
| ၂-၁၂ | ၇ | အရှေ့။ |
| ၁-၁၁ | ၆ | တောင်းကင်။ |
| ၁၀ | ၅-၁၅ | မြေ။ |
| ၉ | ၄-၁၄ | အရှေ့မြောက်။ |
| ၈ | ၃-၁၃ | မြောက်။ |
| ၇ | ၂-၁၂ | အနောက်မြောက်။ |
| ၆ | ၁-၁၁ | အနောက်။ |

## (၇၃) ခရီးသွားသင့် မသွားသင့်တွက်ပုံ

ခရီးသွားလိုသောအရပ်က ဂြိုဟ်သက်နှော၊ ၈-ခုစား။မစားတတ် လျှင်၊ ၈-ခု ၈-ခု အကြိမ်ကြိမ် နှုတ်၊ မနှုတ် လောက်မူ။ အကြွင်း၊ သုညကြွင်းသော်။ ၈-ခုကြွင်းဟုမှတ်၊ ၁ ခု ကြွင်းမူ၊ မင်းပူဇော်အံ့။ ၂-ခုကြွင်းမူ ဆင်းရဲအံ့။ ၃ ခု ကြွင်းမူ၊အောင်အံ့။ ၄-ခုကြွင်းမူ၊ခိုက်ရန်ဖြစ်အံ့။ ၅ ခု ကြွင်းမူ၊ လာဘ်ရအံ့။ ၆-ခုကြွင်းမူ၊ နာဖျားအံ့။ ၇ ခု ကြွင်းမူ ခိုးသူခိုးအံ့။ ယုံးမူ၊ ရပ်ရွာသို့မပြန်ရတတ်။

## (၇၄) ခနဝ်ရထောက်ကျဲခတ်ကိန်း

အသက်တည်၊ ၂-ခုနှော၊ ၀-ခုစား။ မစားတတ်မူ၊ ၀-ခု ၀-ခုအကြိမ်ကြိမ်နုတ်။

၁-ခုကြွင်းမူ၊ အရှေ့။ ။၅-ခုကြွင်းမူ၊ အရှေ့မြောက်။ ။
၂-ခုကြွင်းမူ၊ အနောက်မြောက်။ ။၆-ခုကြွင်းမူ၊ အရှေ့တောင်။
။ ၃-ခုကြွင်းမူ၊ အနောက်။ ။၇-ခုကြွင်းမူ၊ တောင်။ ။
၄-ခုကြွင်းမူ၊ မြောက်။ ။၀-ခုကြွင်းမူ၊အနောက်တောင်။ ။
ရှောင်လေ၊ နေဝ်ရယာဉ်ပင်းကို၊ ကျဲခတ်သောကိန်းတည်း။

## (၇၅) အနေ့အသွားတွက်ကိန်း

အသက်တည်၊ ၄-ခု စား။ ၁-၃-ကြွင်းမူ၊ အနေ၊ ၂-၄ ကြွင်းမူ၊ အသွားမှတ်၊ အနေကျမူ၊ ယာယီမရှေ့ကောင်း၊အသွား ကျမူ၊ ယာယီပြောင်းလေ။

တနည်း၊ ဘွားသက္ကရာဇ်ကိုတည်၊ ရောက် သက် ကို နှုတ်၊ ၂-ခုနှင့်ပွား၊ ၇-ခု နှင့် စား၊ ၁-၃-၇-ကြွင်း မူ၊ အ သွား၊ ၂-၄-၅-၆-ကြွင်းမူ၊ အနေမှတ်။

## (၇၆) မပြန်ရတောင်းသောကိန်း

ခရီးသွားလိုသူ၏ အ သက်ကို ကည်၊ ၆-ခုနှုတ်၊ ၀ -ခုစား။ အကြွင်းနံပေါ်ရာ အရပ်ကိုရှောင်။

## (၇၇) ခန္တာပျက်တွက်နည်း

အသက်ကိုတည်၊ မွေးနံဂြိုဟ်သက်နှော၊ ၃-ခုမြောက် ၉-ခု စား။ ၉-ခုကြွင်း၊ သုညကြွင်းမူ၊ ခန္တာပျက်၏။

## (၇၈) ခန္ဓာပျက်သကြားပြုနည်း

ခန္ဓာပျက်မူ၊ ငါးရှင်-သားရှင်၊ သက်စေ့လွတ်၊ ဆွမ်းသက်စေ့၊ ဘုရားမှာတင်၊ သူနာကိုယ်နှင့်၊ နံသင့်သစ်သားကို၊ တိုင်း၍ဖြတ်၊ နန္ဒင်းလိမ်း၊ သူနာနှင့်မျှောင်၍၊တည့်သိပ်၊သူနာ၏ ဆံပင်ကိုယူ၊ အဖျားမှာချည်၊ သူနာ၏၊ အဝတ်နှင့်၊ လက်သည်းကို၊ လက်ပေါက်ရာမှာချည် ခြေသည်းကို၊ အရင်းမှာချည်၊ သူနာ၏ဘူမိ အရပ်မှာပြစ်၊ ဆန်ကို ၃-ထုပ်ထုပ်၊ သူနာ၏ခေါင်းရင်းမှာ တထုပ် ခြေရင်းမှာတထုပ် အလည်မှာ တထုပ်ထား၊ တည့်သိပ်၊ ခေါင်းရင်းထုပ်ကို၊ ဆွမ်းသက်စေ့လှူ၊ ခြေရင်းအထုပ်ကို၊ ကိရစ္ဆာန်ကိုကျွေး၊ အလည်ထုပ်ကို၊ ဆင်းရဲသားအားပေး၊

## (၇၉) စန်းလွှန်း-ကြွင်း-နဝင်းပြွတ် တွက်နည်း

| | | | |
|---|---|---|---|
| အသက်တည် | ၁၅-ခုနှော | ၈-ခုစား | သုံးမှု- စမ်းပြွတ်။ |
| အသက်တည် | ၁၇-ခုနှော | ၈-ခုစား | သုံးမှု-လွှန်းပြွတ်။ |
| အသက်တည် | ၁၂-ခုနှော | ၈-ခုစား | သုံးမှု-လက်ပြွတ်။ |
| အသက်တည် | ၉-ခုနှော | ၃-ခုစား | သုံးမှု-ကြွင်းပြွတ်။ |
| အသက်တည် | ၃-ခုနှော | ၉-ခုစား | သုံးမှု-နဝင်းပြွတ်၊ |

**အသုံးများသောသူကား-မိုးရိပ်ရ နိဗ္ဗာန်၏**

---

## (၈၀) ဆေးသုံး-ခေတ်သုံးတွက်နည်း

အသက်တည်၊ ၃- ခုစား၊သုံးမှုဆေးသုံး၏။ ဆေးမစားအပ်၊

အသက်တည်။ ၂၀-နှော။ ၄-ခုစား၊ သုံးမှု မြေခတ်ပျက်၏။ ဦးခေါင်း နာတတ်သည်။

အသက်တည်။ ၁၂-ခုနှော။ ၄-ခုစား။ သုံးမှု ရေခတ်ပျက်၏။ လည်ချောင်း နာတတ်သည်။

အသက်တည်။ ၄-ခုနှော။ ၄-ခုစား။ သုံးမှု မီးခတ်ပျက်၏။ ရင်နာ ဖြစ်တတ်သည်။

အသက်တည်။ ၆-ခုနှော။ ၆-ခုစား။ သုံးမှု လေခတ်ပျက်၏။ ဝမ်းနာ ဖြစ်တတ်သည်။

မြေခတ်ပျက်မှု သက်ရောက် နံသင့်ရာ ဘုရား၌ သဲအခွက် ၂၀-လှူ။ ရေခတ်ပျက်မှု သက်ရောက် နံသင့်ရာဘုရား၌ ရေအလုံး ၂၅-လုံးလှူ။ မီးခတ်ပျက်မှု သက်ရောက် နံသင့်ရာဘုရား၌ မီး ၄-တိုင်လှူ။ လေခတ်ပျက်မှု သက်ရောက် နံသင့်ရာဘုရား၌ ယပ် ၆-စင်းလှူ။

## (၈၁) ပုည ဇီဝ ကမ္မတွက်နည်း

အသက်တည်၊သုံးဘော်ထား၊အထက် ၃-ခုမြှောက်၊အလည် ၅-ခုမြှောက်။အောက်ဆုံး ၉-ခုမြှောက်၊၁၂-ခုစား အထက်ဆုံး သုံးမှု ပုညသုံး၏။ တေဇကျရာအရပ်၌ ညောင်ထောက်ရာ၏။ အလည်သုံးမှု ဇီဝသုံး၏။ အာယုကျရာ အရပ်၌ ငါးသက်စေ့ လွှတ်ရာ၏။ ။အောက်ဆုံးသုံးမှု ကမ္မသုံး၏။ ပရိဝါရ ကျရာ အရပ်၌ ကိုယ်လေးအချိန် ဆန်လှူရာ၏။

## (၈၂) ကမ္မကြွယ စသည်တွက်နည်း

ရောက်ရာ သက္ကရာဇ်ကိုတည် အသက်နှင့်စား။ လာဘ်ကို ၇-ခုမြှောက်။ ၁၂-ခုနှင့်ထပ်၍စား၊ ၀-၁-၂ ကြွင်းမှု ကမ္မကြွယ

၃-၄-၅ ကြွင်းမူ ဥပစ္ဆေဒက။ ၆-၇-၀ ကြွင်းမူ ဥပပိဠိက။ ၉-၁၀-၁၁ ကြွင်းမူ အာယုက္ခယ ဥပပိဠိကမှာသင့်၏။ ကြွင်း ၃-ခုမှာ စိုးရိမ်ရန်ရှိသည်။

## (၈၃) ကြွက်စားသက်ရောက် ညှံ့သောအခါ စသည်၌ ယတြာပြုပုံ

ကြွက် စား သက် ရောက် ညှံ့ သော အ ခါ မ ကောင်း သော တိတ်၊ နိမိတ်၊ အိပ်မက်မြင်သောအခါ စသည်တို့၌ ဖက်ကစေ့ သက်စေ့ပြု။ ရရာပန်းကို နံ့စေ့ထည့်။ ရေချမ်းအိုးနံ့စေ့၊ တန်ခိုးကြီး ဘုရားမှာ ကြွက်စားသက်ရောက် ကျရာအရပ်က ပူဇော်လေ။ ။ ဤသို့ပြုရ မြတ်ပုညကြောင့်။ သဗ္ဗဘယာ၊ ရန်များစွာမှ၊ ကင်းကွာ လွတ်ရပါစေသောင်။ **။သုတောင်းလေ။**

## (၈၄) ဖက်ရွက် နိမိတ်

ကိစ္စအမှုရှိသော အခါ၌ တယောက်ယောက်ကို ဖက်ရွက် ခူးစေ၍ နိမိတ်ယူရာ၏။ အရင်းပြတ်ပါမူ သေကြေ ပျက်စီးအံ့။ အဖျားပြတ်ပါမူ စိုးရိမ်ရန်များအံ့။ အပေါက်ပါမူ ခိုက်ရန်များ အံ့။ အနာအဆာလွတ်မူ ချမ်းသာအေးမြအံ့ဟု နိမိတ်ကိုသိရာ၏။

## (၈၅) အခြေလေးချောင်းသော သတ္တဝါ အိမ်-ရွာ မြို့ဝင် နိမိတ်

အခြေ လေးချောင်း တောသတ္တဝါ အရှေ့ကဝင်မူ မင်းပူ ဇော်အံ့။ အနောက်ကဝင်မူ သောကရောက်အံ့။ အရှေ့တောင်က ဝင်မူ ပျက်စီးအံ့။ ကြွင်းသောအရပ်ကဝင်မူ မထောင်းသာ။

## (၈၆) တောင်ပို့ နိမိတ်

တောင်ပို့ အရှေ့တောင်က ပေါက်မူ မီးလောင်တတ်၏။ အနောက်ကပေါက်မူ ဘေးထိဘတ်၏။ အနောက်တောင်ကပေါက်မူ ခိုးဂှက်တတ်၏။တောင် အနောက်၊ အနောက်မြောက်၊မြောက်၊ အရှေ့မြောက် အရပ်များကပေါက်မူ ချမ်းသာတတ်၏။

## (၈၇) ကျီးသာ နိမိတ်

ကျီးသည် အရှေ့မြောက်က သာမူ လာဘ်ရအံ့။ ။အရှေ့ကသာမူ ချစ်သူတွေ့အံ့။ ။အရှေ့တောင်က သာမူ မီးလောင်အံ့။ ။တောင်က သာမူ ကိုယ်နှင့်တူသူ လာအံ့။ ။အနောက်တောင်ကသာမူ ဥစ္စာကိုလူခိုးအံ့။ ။အနောက်ကသာမူ ဘေးဖြစ်အံ့။ ။အနောက်မြောက်ကသာမူ အောက်လူလာရောက်အံ့။ မြောက်ကသာမူ စကားကောင်း ကြားအံ့။

## (၈၈) ငှက်မြည်သံ နိမိတ်

ငှက် သည် အ ရှေ့ က မြည် မူ ဥ စ္စာ ပျက် အံ့။ ။အ ရှေ့တောင်က မြည်မူ၊ ခိုက်ရန်ဖြစ်အံ့။ ။တောင်ကမြည်မူ၊ သေအံ့။ အနောက်တောင်က မြည်မူ၊ ခိုးသူခိုးအံ့။ ။အနောက်က မြည်မူ၊ မိန်းမရအံ့။ ။အနောက်မြောက်က မြည်မူ၊ မိန်းမရအံ့။ ။ မြောက်ကမြည်မူ၊ လာဘ်ရအံ့၊ အရှေ့မြောက်ကမြည်မူ၊ မင်းပူဇော်အံ့။

## (၈၉) ဖို-မ-နပုံး ငှက်သံ နိမိတ်

အသံပြင်းမူ၊ ငှက်ယောက်ျား။ အသံညှင်းမူ၊ ငှက်မိန်းမ။ မပြင်းမပြော့ရှိမူ၊ ငှက်နပုံး။ ငှက်ယောက်ျားသံ ကြားမူ၊ သေအံ့။

ငှက်မိန်းမသံ ကြားမူ၊ ချစ်ခင်သူတွေ့အံ့။ ငှက် န ပိုး သံ ကြား မူ၊ အကျိုးအပြစ် မထင်။

## (၃၀) ငှက်သံ အကြိမ် နိမိတ်

ငှက် သည် တ ကြိမ် တည်း မြည် မူ၊ ဆင်း ရဲ တွေ့ အံ့။ ။၂-ကြိမ်မြည်မူ၊ အနာနှိပ်စက်အံ့။ ။၃-ကြိမ်မြည်မူ လာဘ်ရအံ့။ ။၄-ကြိမ် မြည် မူ ကျော် စော အံ့။ ။၅-ကြိမ်မြည်မူ၊ ချမ်းသာအံ့။ ။၆-ကြိမ်မြည်မူ၊ စည်းစိမ်ရအံ့။ ။၇-ကြိမ်မြည်မူ၊ လာဘ်ယုတ်အံ့။ ။၈-ကြိမ်မြည်မူ၊ ပြီးစီးအံ့။

## (၃၁) လူကို ကြွက်ခဲ နိမိတ်

ကြွက် သည် လက် ကို ခဲ မူ ရွှေ ငွေ ရ အံ့။ ။ခြေ ကို ခဲ မူ လာဘ်ရအံ့။ ။သလုံးကိုခဲမူ၊ ရောဂါရအံ့။ ကုပ်ကိုခဲမူ၊ စုတ်ကြီးလှအံ့။

## (၃၂) အဝတ်ကြွက်ခဲ နိမိတ်

ကြွက်သည် အဝတ်၏ အနားနှစ်ဘက်ကို ခဲမူ၊ စီးပွားရှောအံ့။ ။၄-ထောင့် အနားကိုခဲမူ၊ စီးပွားတက်အံ့။ ကြွင်းသော အရပ်မှာခဲမူ ဘေးဖြစ်အံ့။

## (၃၃) လက်သည်းပွင့် နိမိတ်

လက်မပွင့်မူ၊ ခင်ပွန်းပျက်အံ့။ လက်ညှိုးပွင့်မူ အမျိုးပျက်အံ့။ လက်လယ်ပွင့်မူ၊ သူပုဇော်အံ့။ လက်သူကြွယ်ပွင့်မူ၊ ပွင့်လမ်းအံ့။ လက်သန်းပွင့်မူ၊ ချစ်သူပေါ်အံ့။

## (၃၄) မိုးခေါင်မည်ကို သိကြောင်း နိမိတ်

မိုးအခါ ရေအိုးအောက် ပရွက်ဝင်မှု မိုးခေါင်အံ့။ ။ ဘားသတ္တဝါ ကုန်း၌ကျက်စားမှု မိုးခေါင်အံ့။ ။ဘား မြည်သံပါးမှု မိုးခေါင်အံ့။ ။ငှက်သိုက် မြေနားပြုမှု မိုး ခေါင်အံ့။ ။မုဠွန်ရေနား တွင်းပြုမှု မိုးခေါင်အံ့။ ။ကုန်း သတ္တဝါရေ၊ ရေသတ္တဝါ ကုန်းကျက်စားမှု မိုးခေါင်အံ့။ ။

ဤကား ကောင်းသူတို့၏ အမှတ်အသားတည်း။

## (၃၅) ငတ်မွတ်အံ့သည်ကို သိကြောင်း နိမိတ်

တိရစ္ဆာန်များ ဇာတ်တူသားကို အစားများမှု၊ ပုဇဉ်း ကြောင်၊ ကြွက်၊ ကျေး၊ ကျီး၊ မြွေ ဤ ၆-ဦး အထူးပေါများမှု၊ အစားအစာ ဆောဆောလျှင်လျှင် ခံတမင်လူများပြုမှု ငတ်မွတ် မည့် နိမိတ်တည်း။

## (၃၆) ဆင်းရဲဖြစ်မည်ကိုသိကြောင်း နိမိတ်

အိမ်၏ ဆည်လည်း မြို့ရွာ၏ ဆည် လည်း တိုင်း နိုင် ငံ ၏ ဆည်လည်း ဟူ၍ ဆည်လည်း သုံးလုံးရှိသည်တို့တွင် လူငယ် သူငယ် တို့သည် အိမ်၏ ဆည်လည်း မည်ကုန်၏။ ထိုအိမ်၏ ဆည်လည်းသည် အမယ်လေး ဘလေး စသော ပူပြင်းသော အသံကိုမြည်မှု အိမ်၌ဘေးရောက်တတ်၏။ အေးမြ ကြည်သာ မင်္ဂလာရှိသော အသံကိုပြည်မှု အိမ်၌ ဂပြော ရည်ပင်တက် ၏။ ။ဇာတ် ရုပ်သေး စသော သဘင်သည်တို့သည် မြို့ရွာ၏ ဆည်လည်း မည်ကုန်၏။ ထိုမြို့ရွာ၏ ဆည်လည်းသည် အသေ အပျောက် ဇာတ်ကိုများစွာပြ၏။ အပူတိုက်ကို အဆို အပြည်

များမှု မြို့ရွာ ဘေးသင့်တတ်၏။ ။ရှုးသွပ်သော သူတို့သည် တိုင်းနိုင်ငံ၏ ဆည်လည်းမည်ကုန်၏။ထိုတိုင်းနိုင်ငံ၏ ဆည်လည်းသည် ပူပြင်းသော အသံကိုမြည်မူ တိုင်း နိုင် ငံ ပူ ပြင်း တတ် ၏။ သာသာယာယာ မင်္ဂလာရှိသောအသံကို မြည်မူ မြို့ရွာသာယာ တတ်၏။

## (၉၇) အသားလှုပ်၍ သိကြောင်း နိမိတ်

## လက်ဝဲဘက် အသားအရေ

လက်ဝဲဦးကင်းလှုပ်မူ သတင်းမကောင်း ကြားရအံ့၊ နှလုံး မသာဖြစ်အံ့။
မျက်ခုံးလှုပ်မူ မိတ်ဆွေကောင်း တွေ့အံ့၊ ကြံတိုင်းပြီးအံ့။
အောက်မျက်ခန်းလှုပ်မူ ငိုရအံ့။
နားလှုပ်မူ လာဘ်ရအံ့၊ သူနှစ်လိုအံ့။
ပါးလှုပ်မူ ရွှေ, ငွေရအံ့။
နှုတ်ခမ်းလှုပ်မူ အဝေးစကားကြားအံ့၊ မျက်လိုအံ့၊
ပခုံးလှုပ်မူ ဥစ္စာပို့လာအံ့၊ မျက်လိုအံ့၊ အစားပေါအံ့။
ချိုင်းလှုပ်မူ စည်းစိမ်ကြွယ်အံ့။
လက်ရုံးလှုပ်မူ ဥစ္စာပေးလာအံ့။
လက်ဝါးလှုပ်မူ အမှုအောင်အံ့။
ရင်ဘတ်လှုပ်မူ ပူရအံ့။
နို့လှုပ်မူ မိတ်ဆွေရအံ့။
နံတောင်လှုပ်မူ မင်းပူဇော်အံ့။
ခါးလှုပ်မူ ဥစ္စာပျောက်အံ့။
ဝမ်းပျဉ်းလှုပ်မူ လာဘ်ရအံ့။
ဆီးစလှုပ်မူ အမိမျက်အံ့။
တင်သားလှုပ်မူ သူပူဇော်အံ့၊ မျက်လိုအံ့။
ပေါင်သားလှုပ်မူ အိမ်တွင်းသူနှင့် မျက်လိုအံ့။
ပုဆစ်လှုပ်မူ သူမကောင်းကြံအံ့။

မြင်းခေါင်းလှုပ်မူ။ မိန်မနှင့်မျက်လိုအံ့။
ဘဝါးလှုပ်မူ၊ ထမီဝတ် ချမ်းသာပြုလာအံ့။

——>:o:<——

## လက်ျာအသားအရေ

လက်ျာဦးကင်းလှုပ်မူ၊ လာဘ်ရအံ့။
မျက်ခုံးလှုပ်မူ၊ ခင်ပွန်းပူဇော်အံ့၊ လာဘ်ရအံ့။
အောက်မျက်ခန်းလှုပ်မူ၊ ချစ်သူတွေ့အံ့၊ ရန်တွေ့အံ့။
နားလှုပ်မူ၊ မျက်လိုအံ့၊ အမတ်ဖြစ်အံ့၊မိန်းမ မကောင်းကြံအံ့။
နှုတ်ခမ်းလှုပ်မူ ချစ်သူနှင့်-စကားဆိုအံ့။
ပါးလှုပ်မူ၊ ချစ်သူတွေ့အံ့။
လက်ပြင်လှုပ်မူ၊ ထင်ရှားအံ့။
ပခုံးလှုပ်မူ၊ မိန်းမကောင်းရအံ့။
ချိုင်းလှုပ်မူ၊ ချမ်းသာရအံ့။
လက်ရုံးလှုပ်မူ၊ ခင်ပွန်းကောင်းတွေ့အံ့။
လက်ဝါးလှုပ်မူ၊ အဝတ်အစားရအံ့၊ အကြံပြီးအံ့။
ရင်ဘတ်လှုပ်မူ၊ ကောင်းအံ့။
နို့လှုပ်မူ၊ လာဘ်ရအံ့။
နံတောင်လှုပ်မူ၊ ပူဇော်ခံရအံ့။
ခါးလှုပ်မူ၊ အဆွေဥစ္စာရအံ့။
ဝမ်းပျဉ်းလှုပ်မူ၊ အစားကောင်းရအံ့။
ဆီးစလှုပ်မူ၊ သူပူဇော်အံ့။
တင်သားလှုပ်မူ၊ အမိမျက်အံ့။
ပေါင်သားလှုပ်မူ၊ လာဘ်ရအံ့၊ လိုရာပြည့်အံ့၊ မယားရအံ့။
ပုဆစ်လှုပ်မူ၊ ချစ်သူတွေ့အံ့။
မြင်းခေါင်းလှုပ်မူ၊ ကောင်းစားအံ့။
ခြေဘဝါးလှုပ်မူ၊ ခရီးသွားရအံ့။

## ၀-ယာ မဟုတ်သော အသားအရေ

ဦးခေါင်းလှုပ်မူ၊ ကျွန်ဖြစ်အံ့။
ဦးရေလှုပ်မူ၊ နာဖျားအံ့။
ထိပ်လှုပ်မူ၊ မင်းပူဇော်အံ့။
နှာခေါင်းလှုပ်မူ ချစ်သူများအံ့။
အထက်နှုတ်ခမ်းလှုပ်မူ၊ ရန်ဖြစ်အံ့။
အောက်နှုတ်ခမ်းလှုပ်မူ၊ အရသာစားရအံ့ ၊ အဝေးစကားကြားရအံ့။
မေးဖျားလှုပ်မူ၊ အခြင်းများအံ့။
လည်ပင်းလှုပ်မူ၊ တန်ဆာရအံ့။
ကျောက်ကုန်းလှုပ်မူ၊ အဝတ်ရအံ့။
နှလုံးသားလှုပ်မူ၊ ခင်ပွန်းတယောက် ဥစ္စာပေးလာအံ့။
ချက်လှုပ်မူ၊ နှစ်လိုသောဥစ္စာရအံ့၊ ကောင်းချီးပေးအံ့။
အင်္ဂါဇာတ်လှုပ်မူ၊ မယားနှင့်စကားများအံ့- ဥစ္စာရအံ့-စကားကောင်းပြောရအံ့။
ခါးလှုပ်မူ ဥစ္စာပျောက်အံ့။
ကိုယ်လှုပ်မူ၊ မယားနှင့် စကားအထူးဆိုရအံ့။

## {၉၈} အိပ်မက်၍သိကြောင်း-နိမိတ်

## မြင်သည်ကိုခွဲ၍မက်သောအိပ်မက်

ဘုရားဆင်းတု ရုပ်ပွားကြွသွားသည်ကို မြင်မက်သော်၊ ကြက်သရေတိုးအံ့။

စေတီရုပ်ပွားပုထိုးကိုမြင်မက်သော်၊ နတ်ကြီးတို့ချစ်ခင်အံ့။

ကောင်းသော အခြင်းအရာဖြင့် ရဟန်း သာမဏေကို မြင်မက်သော်၊ သမာဓိနက်တို့ လေးမြတ်အံ့။

ကောင်း သော အ ခြင်း အ ရာ ဖြင့် ဆင်, မြင်း, ကျွဲ, နွားတို့ကို မြင်မက်သော်၊ နတ်စိမ်းတို့နှစ်လိုအံ့။

ကောင်းသော အခြင်းအရာဖြင့် မြွေကိုမြင်မက်သော်၊ ပြိတ္တာသူရဲ သံဘက်တို့ ကျေးဇူးပြုအံ့။

ကောင်းသော အခြင်းအရာဖြင့် လင်း တ ကို မြင် မက် သော်၊ ဇော်ဂနီနတ်တို့ ချစ်အံ့၊

ကောင်းသော အခြင်းအရာဖြင့် ခွေးကို မြင်မက်သော်၊ စုန်းတို့ ချစ်ခင်အံ့။

မကောင်းသော အခြင်းအရာဖြင့် စေတီရုပ်ပွား ဘုရားပုထိုး ရဟန်းသာမဏေ ဆင်မြင်း ကျွဲနွား ဝက် မြွေ လင်းတ ခွေး တို့ကိုမြင်မက်သော်၊ နတ်ကြီး သမာဓိနတ်၊နတ်စိမ်း သူရဲ သံဘက် ဇော်ဂနီနတ်စုန်းတို့မှ ဥပဒ်ရောက်အံ့။

နေလကြတ်သည်ကိုမြင်မက်သော်၊ ဘုန်းရှိသားဘွားအံ့။

အသီးအရွက် ပြည့်စုံသော သစ်ပင်ကို မြင်မက်သော်၊ ဥစ္စာပြန့် ပွားများတတ်၏။

အုန်းသီး ထန်းသီးကိုမြင်မက်သော်၊ လာဘ်ရအံ့။

ရေအိုးတွင် လကျသည်ကိုငင်း၊ လယ်တွင် ကြာပေါက်သည်ကို ငင်း မြင်မက်သော်၊ အိမ်ရှေ့မင်းဖြစ်အံ့။

ဂူလိုဏ်ကိုငင်း၊ သံ ဘိုင်ပြုသည်ကိုငင်း မြင်မက်သော်၊ မင်းငင်း၊ အမတ်ငင်း ဖြစ်အံ့။

ရွှေငွေကိုမြင်မက်သော်၊ မယားကောင်းရအံ့။

နေအိမ် လအိမ်ဖွဲ့သည်ကို မြင်မက်သော်၊ ကျေး ဇူး ကြီး စွာ ချမ်းသာသုခရအံ့။

နေမွန်းတည့် လမွန်းတည့်မြင်မက်သော်၊ ချမ်းသာကြီးအံ့။

ကြယ်ကိုမြင်မက်သော်၊ သူတပါးထက် မြတ်အံ့။

ထမ်းစင်ထက် ကျိန်းနားသည်ကို မြင်မက်သော်၊ နာဖျား သော ပျောက်အံ့။

အိမ်ပြို တောင်ပြို ဘုရားပြို သစ်ပင်ကျိုးသည်ကို မြင်မက်သော်၊ ဘေးရောက်အံ့။
ရေကြည်ကိုမြင်မက်သော်၊ ချမ်းသာအံ့၊ ရန်ငြိမ်းအံ့။
ရေနောက်ကိုမြင်မက်သော်၊ ဘေးရောက်အံ့၊ ရန်ကြီးဖြစ်အံ့။
ကျွဲကိုမြင်မက်သော်၊ မကောင်း။
လှည်း၊ ပျဉ်၊ တစည်း၊ ဆုံ၊ ချားရဟတ်တို့ကို မြင်မက်သော်၊ သူမကောင်းကြံအံ့။
ဘုရားရုပ်ထုကိုမြင်မက်သော်၊ ဘုန်းကြီးအံ့။
ခရသင်းကိုမြင်မက်သော်၊ ဘေးပျောက်အံ့။
ဆင်မြင်းဗိုလ်ပါကိုမြင်မက်သော်၊ ချမ်းသာရအံ့။
အယူမှားသောသူတို့ကို မြင်မက်သော်၊ မိစ္ဆာနတ်နှောက်ရှက်အံ့။
စစ်သည်အများလာသည်ကိုမြင်မက်သော်၊ ရောဂါဖြစ်အံ့။
မျောက်ကိုမြင်မက်သော် မကောင်း။ ရွှေငွေရအံ့လည်းဟူ။
ချောင်းရေ ကန်ရေကိုမြင်မက်သော်၊ သူကြီးဖြစ်အံ့။
ဥယျာဉ်ကိုမြင်မက်သော်၊ လာဘ်ကြီးရအံ့။
အိမ်ကို မီးလောင်သည်ကို မြင်မက်သော်၊ ဘေးရောက်အံ့။
ရဟန်းအိမ်တွင်နေသည်ကို မြင်မက်သော်၊ ချမ်းသာရအံ့။
အိမ်၌ နေလကျသည်ကိုမြင်မက်သော်၊ အိမ်ရှေ့မင်းဖြစ်အံ့။
အပုပ်ကိုမြင်မက်သော် လာဘ်ကြီးရအံ့။
အိုးလည်ပြတ်ကိုမြင်မက်သော်၊ မကောင်း။
ကျွဲခတ်သည်ကိုမြင်မက်သော်၊ ရန်တွေ့ရအံ့။
ကြက်ခွပ်သည်ကိုမြင်မက်သော်၊ တရားတွေ့ရအံ့။
ကျွဲလာသည်ကိုမြင်မက်သော်၊ ဘေးတွေ့အံ့။
စပါးကိုမြင်မက်သော်၊ စကားဖြစ်လာအံ့။
ဝက်ချင်းပက်သည်ကိုမြင်မက်သော်၊ ရန်ဖြစ်အံ့။
လက်ကသုံးတိုင် လည်းသည်ကို မြင်မက်သော်၊ ကိုးကွယ်ပြုသူ သေအံ့။
ကက်ကကီးတိုင် လည်းသည်ကို မြင်မက်သော်၊ မယားသေအံ့။

တိုင်မလည်းသည်ကိုမြင်မက်သော်၊ မိမိသေအံ့။
ဖွဲမီးတငွေ့ငွေ့ကိုမြင်မက်သော်၊ အပူတွေ့အံ့။
မီးပုံကိုမြင်မက်သော်၊ အလွန်ပူအံ့။
သူသေကိုမြင်မက်သော်၊ အပြီးအစီးရောက်အံ့။
သူသေထသည်မြင်မက်သော်၊ စကားဟောင်းပေါ်အံ့။
မုန်တိုင်းထသည်ကိုမြင်မက်သော်၊ ကြောင့်ကြများအံ့။
မြွေပွေးမြွေဟောက်ကိုမြင်မက်သော် ရန်ပျောက်အံ့။
ဥဗျိုင်း၀န်းရံသည်ကိုမြင်မက်သော်၊ အိမ်ရှေ့မင်းဖြစ်အံ့။
အိမ်နား၀န်းကျင်၌ မှိုပေါက်သည်ကို မြင်မက်သော်၊ မိဿံကြီးကျအံ့။
သူဦးခေါင်းပြတ်သည်ကိုမြင်မက်သော်၊ ရန်အောင်အံ့။
ထားလှံအရောင်တောက်သည်ကိုမြင်မက်သော်၊ ဘုန်းကြီးအံ့။
ထောပတ်ရေ နို့ရေတို့ကို ရွှံ့ရှာသောအားဖြင့် မြင်မက်သော်၊ ဘီလူးဘေး၊ ငတ်မွတ်ခြင်းဘေး၊ နာဖျားခြင်းဘေး၊ ရောက်အံ့။
ဖြူသောအ၀တ် ၀တ်သောသတို့သမီးသည် ဖြူသောပန်းပန်လျက် တစုံတခုစွဲကိုင်သည်ကို၊ မြင်မက်သော်၊ မင်းဖြစ်အံ့။
ရွှေသောအ၀တ် ၀တ်သော သတို့သမီးသည် ရွှေသောပန်း ပန်လျက်တစုံတခုစွဲကိုင်သည်ကို မြင်မက်သော်၊ မင်းဖြစ်အံ့။
မည်းသောအ၀တ် ၀တ်သော သတို့သမီးသည် မည်းသောပန်း ပန်လျက် တစုံတခုစွဲကိုင်သည်ကို မြင်မက်သော်၊ သေပျောက်အံ့။
အသီးနှင့် ပြည့်စုံသော သရက် ဥသျှစ်ပင်တို့ကို မြင်မက်သော်၊ ဥစ္စာတိုးပွားအံ့။
ထောပတ်ပျားရည်တို့ကိုမြင်မက်သော်၊ ချမ်းသာကြီးအံ့။
နေလ အဿ၀ဏီနက္ခတ်တို့ကို မြင်မက်သော်၊ မပင်မပန်း မင်းဖြစ်အံ့။
ရေ၌မြွေကင်းကိုမြင်မက်သော်၊ ချမ်းသာရောက်အံ့။

စေတီ ဆင်းတု ဟိမ်တိုက် ရဟန်း ပုဏ္ဏား မင်းတို့ကို မြင်မက်သော်၊ ကောင်းကျိုးရောက်အံ့။

စင်ကြယ်သောသူငယ်၊ ကြွယ်ဝသောသူ မိးရဲရဲ၊ မြင်းစသောယာဉ် သစ်ပင်၊ အစွယ်ရှိသောဆင်၊ ဝါးစိမ်း၊အဆိပ်တို့ကိုမြင်မက်သော်၊ ကောင်းကျိုးရောက်အံ့။

သွေးကိုဍင်း။ မြေ၌ လက်နက်စိုက်ထောင် သည်ကိုဍင်း။ မြူတိမ်ကင်းသောကောင်းကင်ကိုဍင်း။ နွား၊ ကျွဲဆင်မြင်းခြသေ့်ကိုဍင်း။ နန်းပြာသဒ်ကိုဍင်း။ နတ်ကိုဍင်း။ ပုဏ္ဏားဆရာကိုဍင်းမြင်မက်သော်၊ ချမ်းသာကြီးကျယ်အံ့။

စင်ကြယ်သော၊ နွားငယ်သွားသည်ကိုဍင်း။ လဝန်းကိုဍင်း မြင်မက်သော်၊ မင်းဖြစ်အံ့။

ရေစီးကိုဍင်း။ အိမ်၌ဆင်မြင်းနွားမွေးဘွားသည်ကိုဍင်း။ ရွှေငွေကိုဍင်း မြင်မက်သော်၊ ကောင်းကျိုးရောက်အံ့။

မကောင်းသောရေသွန်လာသည်ကိုမြင်မက်သော်၊ သေအံ့။

နတ်ဆင်းတု ဗိဿနိုးနတ်တို့ကို မြင်မက်သော်၊ အဆွေ ခင်ပွန်းကောင်းရအံ့။

နီသောပန်းကိုမြင်မက်သော်၊ သေအံ့။

ဘီလူးရက္ခိုက် ပြိတ္တာမြေဘုတ် ဖြူးဖြူးပြက်သော ရွှေရောင်ငွေရောင်တို့ကိုမြင်မက်သော်၊ သေအံ့။

ပခြုပ်တွင်း၌မီးတောက်သည်ကိုဍင်း။ ထားလှံ အရောင်တောက်သည်ကိုဍင်း။ မြင်မက်သော်၊ ကျွန်မူတော်လှန်အံ့။ တော်လှန်ပြီးသူအမတ်ဖြစ်အံ့၊ အမတ်ဖြစ်ပြီးသူမင်းဖြစ်အံ့။

ထင်းပုံကိုမြင်မက်သော်၊ မကောင်း။

အိမ်ကိုဆူးရံသည်ကို မြင်မက်သော်၊ ခိုးသူနှိပ်စက်အံ့။

မိန်းမမွေးရှည်သည်ကိုမြင်မက်သော်၊ ချမ်းသာအံ့။

ငှက်ပျောပင်ကိုမြင်မက်သော်၊ ရွာပြောင်းရအံ့။

ဆင်ပေါက်ကိုမြင်မက်သော်၊ သူတပါး၏ကိုးကွယ်ရာဖြစ်အံ့။

အရပ်လေးမျက်နှာမှလာသည်ကို မြင်မက်သော်၊ လာဘ်ရအံ့။

အလွန်ကြီးသောကျွဲနွားကိုမြင်မက်သော်၊ အလွန်ကောင်းအံ့။

ပွဲခံသည်ကိုမြင်မက်သော်၊ သေပျောက်အံ့။

ဆင် မြင်း လား နွားမတို့ကိုမြင်မက်သော်၊ ကောင်းစားအံ့။

---

## ကြားသည်ကိုစွဲ၍မက်သောအိပ်မက်

ရုပ်ပွားဆင်းတု တရားဟောသည်ကို ကြားရမက်သော်၊ ကျော်စောအံ့။

စည်ကြီး၊ ကြေးနင်း၊ မောင်း၊ ခွက်ခွင်း၊ ပတ်သာ၊ နရည်း၊ ခရာ ခေါင်းလောင်းသံကို ကြားရမက်သော်၊ နှစ်လိုဝမ်းသာများအံ့။ သတင်းကောင်းကြားအံ့။

မိုဃ်းကြိုးသံ၊ စည်ခရာသံ၊ နဲ့သံကြားမက်သော်၊ အမင်္ဂလာဖြစ်အံ့။

ခင်ပုတ်ငှက်သံကြားမက်သော်၊ အနာကြီးသင့်အံ့။

ဥဒေါင်းသံကြားမက်သော်၊ သတင်းကောင်းကြားအံ့။

သာယာသောအသံကြားမက်သော်၊ သတင်းကောင်းကြားအံ့။

နတ် ရဟန်း ပုဏ္ဏား၊ နွားဝါ နွားကြောင်တို့ ပြောဆိုလာအံ့။ ဆိုတိုင်းဖြစ်ရအံ့။

——→:o:←——

## စားသည်ကိုစွဲ၍မက်သောအိပ်မက်

သစ်သီးမှည့် သခွါးမှည့်စား၊ လက်သုတ်အမြိန် အရသာစား၊ အုန်းသီးစားမက်သော်၊ လာဘ်ရအံ့။

ရှောက်သမ္ဘရာသီးစားမက်သော်၊ လာဘ်ရအံ့။

မန်ကျည်းသီးစားမက်သော်၊ သူကောင်းဖြစ်အံ့။

ငရုပ်ချင်းစားမက်သော်၊ သူတကာတို့ဆရာဖြစ်အံ့။
ဟင်းမျိုးစား၊ သစ်သွက်စားမက်သော်၊ လာဘ်ရအံ့။
လိပ်ဥ စားမက်သော်၊ စပါးဆန်ရေပေါအံ့။
လိပ်ဥစသောဥမျိုးစားမက်သော်၊ ဆင်းရဲသူ ကြွယ်ဝအံ့။
မြေခဲစားမက်သော်၊ မင်းမှာလာဘ်ကြီးရအံ့။
သူကောင်စားမက်သော်၊ စစ်သူကြီးဖြစ်အံ့။
ထမင်းစားမက်သော်၊ လာဘ်ရအံ့။ ကျွန်ကြောင့် များပါရှိအံ့ လည်း ဟူ။
ရွှေခွက်နှင့်ထည့်၍ထမင်းစားမက်သော်၊ လာဘ်ကြီးရအံ့။
အပုပ်စားချီးသားကြက်သားစားမက်သော်၊လာဘ်ကြီးရအံ့။
ငှင်းအပုပ်ကိုစားပြီးမှအန်သည်ဟုမက်သော်၊ ဘေးသင့်အံ့။
သားငါးကင်၍စား၊ မိကျောင်းသား စား မက် သော်၊ လာဘ် ကြီး ရအံ့။
လူသားစားမက်သော်၊ ကျေးရွာဆင်မြင်းရအံ့။
ကွမ်းရွက်သစ်စားမက်သော်၊ ပုဆိုးကောင်းရအံ့။
ကြက်စသည်တို့၏ အဘောင် စသော အဖျားအနား စားမက် သော်၊ ချမ်းသာရအံ့။
ရေကန်လယ် ကြာဖက်ထက် နို့ဃနာ စား ရ မက်သော်၊ မင်း ဖြစ်အံ့။
ကျောက်ဖြာကိုမျိုမက်သော် ကျေးဇူးကြီးစွာခံရအံ့။
ပြာသာဒ်ထက်နေလျက်စားမက်သော်၊ ကောင်းစားအံ့။
ကြက်ပြီးလူသားစားရ၊ လူ၏လက်ရုံးသားစားရမက်သော်၊ မင်း ဖြစ်အံ့။ မင်းမဖြစ်သော်၊ အသပြာတသိန်းရအံ့။

---

## သောက်သည်ကိုစွဲ၍မက်သော အိပ်မက်

နို့ကိုရွှေခွက်နှင့်သောက်မက်သော်၊ လာဘ်ကြီးရအံ့

မြစ်ရေသောက် မက်သော် သူများထက်ကျော်စေအံ့။
နွားနို့သောက်မက်သော်ဥစ္စာများအံ့၊သူများကိုကျေးဇူးပြုရအံ့။
သမုဒ္ဒရာရေသောက်မက်သော် အလွန်ကောင်း၏။
ပျားရည်သောက်မက်သော် ကြီးသမျှပြီး၍ လာဘ်ကြီးတွေ့အံ့။
နှမ်းဆီသောက် မက်သော် စိုးရိမ်ကင်းအံ့။
နို့မျိုးသောက် မက်သော် မင်းဖြစ်အံ့။
သေအရက်သောက် မက်သော် ကြောင့်ကြများအံ့။
နို့စို့ရမက်သော် ပညာပေးလာအံ့၊ ပညာပေါက်အံ့။
အိမ်မိုးခေါင်သို့တက်၍ ရေသောက်မက်သော် မင်းဖြစ်အံ့။
ပြာသာဒ်ထက်နေလျက် သောက်ရမက်သော် ကောင်းစားအံ့။
ပျားရည်ထောပတ် သောက်ရမက်သော်၊ စည်းစိမ်တိုးအံ့။
သွေးသောက်ရမက်သော်၊ ပညာရအံ့၊ ဥစ္စာရအံ့။
အလျှံနှင့်တကွ ထောပတ်ကို သောက်ရသည်ဟု မြင်မက်သော်၊
ချမ်းသာတိုးအံ့။

---

## စီးသောယာဉ်ကို ၎င်မက်သောအိပ်မက်

ထမ်းစင်သံလျင်းစီးမက်သော်၊ လာဘ်ရအံ့။
ပခက်စီးမက်သော်၊ ထင်ရှားအံ့။
မြင်းစီးမက်သော်၊ ချမ်းသာအံ့။
မိကျောင်းစီးမက်သော်၊ ရန်ကိုနိုင်အံ့၊ မင်းဖြစ်အံ့။
သင်္ဘောစီးမက်သော်၊ သူများထက်မြတ်အံ့။
ဆင်ဖြူစီးမက်သော်၊ မင်းဖြစ်အံ့။
နွားလည်ပင်းကိုစီးမက်သော်၊ သူခဖြစ်အံ့။
လှေစီးလျက် မြုပ်မက်သော်၊ ဥစ္စာပျက်အံ့။

လှေစီးမက်သော်၊ ချမ်းသာတိုးအံ့။
ရထားစီးမက်သော်၊ မယားကောင်းရအံ့။
ဘိနပ်စီးမက်သော်၊ နာဖျားအံ့။
မြင်းစီးမက်သော်၊ ရောဂါဖြစ်အံ့။
ပတ္တမြားစီးမက်သော်၊ သားကောင်းရအံ့။
ကျွဲစီးမက်သော်၊ ကျွန်ရအံ့။
ပြာသာဒ်၊ ဘောင်၊ တောစိုးသစ်ပင်၊ အထိကရသစ်ပင်၊ တောင်ထွတ်တို့ကို တက်စီးရမက်သော်၊ ချမ်းသာစီးပွားတိုးအံ့။
လှေစီးလျက် မြစ်ကို ပင်ပန်းစွာကူးရသည်ဟုမက်သော်၊ အရပ်တပါးပြောင်းပြီးမှ ပြန်လာရအံ့။
ဇီးယာဉ်စီးသည်၊ ဝက်စီးသည်မက်သော်၊ သေအံ့။

---

## နှုတ်ကိုစွဲ၍မက်သောအိပ်မက်

ရဟန်းပုဏ္ဏားနှင့် စကားပြောရမက်သော်၊ ချမ်းအေးအံ့။
အသံသည်းစွာ ကြွေးကြော်ရမက်သော်၊ ထင်ရှားအံ့၊ စည်းစိမ်များအံ့။
ဘုရားဟောမက်သော်၊ သူနှင့်ခိုက်ရန်ပွားအံ့။

---

## ကိုယ်ကိုစွဲ၍မက်သောအိပ်မက်

ဘုရားပုထိုးရှိခိုးမက်သော်၊ ချမ်းသာသုခရအံ့။
ဦးခေါင်း ကွဲသည်၊ မြင့်ရာမှကျသည်၊ သူ့ကို ဆီးတားရသည်၊ ဋ္ဌန်းစဏ္ဍား အထက်နေရသည်၊ ဝက်ပက်သည်၊ ထိတ်

လန့်သည်၊ မြေတူးသည်၊ ဆားဆီ၌ ထိုင်သည်၊ ကခုန်မြူး တူးသည်၊ စောင်းမှတပါး အခြားတူရိယာတီးရသည်၊ သီချင်းဆိုရသည်၊ နွားချေးရေချိုးရသည် မက်သော်၊ မကောင်း။

မိမိအူကိုထုတ်၍ပြည်ကိုပတ်သည်ဟုမက်သော်၊ဘုရင်ဖြစ်အံ့။

မိမိ အူ ကို ထုတ် ၍ ရွာကိုပတ်သည်ဟုမက်သော်၊ ရွာ ၌ အ ကြီး အကဲဖြစ်အံ့။

တောင်ဖျားတက်ရသည်ဟုမက်သော်၊ လာဘ်ရအံ့။

အသီးရှိသောသစ်ပင်ကို တက်ရသည်ဟုမက်သော်၊ ချမ်းသာအံ့။

အမှုများသည်ကိုရင်း၊ သူ ကောင် ချီ သည် ကို ရင်း မက်သော်၊ အလွန်ကောင်းအံ့။

သူငယ်ကိုချီ၊ရွှေငွေကိုအစိုးရမက်သော်၊ ချမ်းသာအံ့။

ထီးဆောင်းရသည်ကိုမက်သော်၊ အေးမြအံ့။

ပြာသာဒ်ကြီးပြုရသည်မက်သော်၊ ဘုန်းကြီးအံ့။

ချူဆည်းလည်းကိုလှူပ်ရသည်၊ စောင်းတီးရသည်၊ခရုသင်းမှုတ်ရသည်၊ ဆင်မြင်း ကျွဲနွား ရသည်မက်သော်၊ စည်းစိမ် တိုးအံ့။

တလားမှာ ဝင်ရသည်၊ ထင်းပုံထက်တင်သည်၊ အလိုမဟုတ်သူနှင့် ပေါင်းဘော်ရသည်မက်သော်၊ သေအံ့။

မြစ်ကို ကူးရသည်၊ ဘင်ပုပ်လိမ်းရသည် မက်သော်၊ ယုတ်သော သူလာဘ်ရအံ့။ မြတ်သောသူကျေးလက်ရအံ့။

သိန္ဓောရသည်ဟုမက်သော်၊ အသက်ရှည်အံ့။

ပုဆိုးဖြူဝတ်၊ ပန်းဖြူပန်မက်သော်၊ သူကြီးဖြစ်အံ့။

ကိုယ်တွင်းလောက်တက်မက်သော်၊ ကျွန်ကျွဲနွားများအံ့။

နေဇာပန်းပန်မက်သော်၊ မင်းဆရာဖြစ်အံ့။

တန်ဆောင်ညှိမက်သော်၊ စာတတ်အံ့။ ထင်ရှားအံ့။

နဂါးကိုဘမ်းမက်သော်၊ ရန်ပျောက်အံ့။

အိမ်ရာထောင်မက်သော်၊ လာဘ်ကြီးရအံ့။

မျှော့တွယ်မက်သော်၊ အကြီးအကဲဖြစ်အံ့။
တံခွန်လွှားရမက်သော်၊ ကောင်းကင်ပျံမက်သော်၊ ထင်ရှားအံ့။
ဆင်စွယ်နှစ်ချောင်းကိုစွဲမက်သော်၊ ထင်ရှားအံ့။ အမတ်ဖြစ်အံ့။
မြင့်မိုရ်တောင်ကို ခေါင်းအုံးရသည် ဟူ၍၎င်း၊ သမုဒ္ဒရာကိုသင်
ဖြူးပြု၍ရသည်ဟူ၍၎င်း၊ မိန်းမခြံရံလျက်စည်းစိမ်ခံရသည်
ဟူ၍၎င်းမက်သော်၊ မင်းဖြစ်အံ့။
ကွန်းစင် အခေါင်တက်မက်သော်၊ ငှက်ပျောပင်စိုက်မက်သော်၊
အမတ်ဖြစ်အံ့။ မင်းဖြစ်အံ့။
အင်္ဂွဲပစ်မက်သော်၊ အမှုရောက်အံ့။ မြင့်မြတ်အံ့။
တန်းဆာဆင်မက်သော်၊ သူများရှိခိုးရာဖြစ်အံ့။
ဦးခေါင်းထက် ကြာညိုရောက်မက်သော်၊ ကြာညိုပန်းပန်ရသည်
ဟုမက်သော်၊ မယားကောင်းရအံ့။
တောင်အရပ်သို့သွားရမက်သော်၊ ရောဂါရအံ့။
နေလဘမ်းမက်သော်၊ ဆွဲမက်သော်မင်းမှလာဘ်ကြီးရအံ့။
မြင့်မိုရ်တောင်ကိုဘမ်းမက်သော်၊ မင်းဖြစ်အံ့။ သူချစ်များအံ့၊
မြင့်စွာတက်မက်သော်၊ သူတကာထက်မြတ်အံ့။
ကိုယ်ရောင်ထွန်းမက်သော်၊ ကိုယ်ပုပ် မက်သော်၊ တန်ခိုးကြီး
အံ့။
မီးမှုတ်မက်သော်၊ ချွန်းတောင်းစွဲမက်သော်၊ သူ့ကိုအောင်မက်
သော်၊ မောက်တိုဆောင်း မက်သော်၊ အကြီးအကဲဖြစ်
အံ့။
ဦးခေါင်းရိတ်မက်သော်၊ လည်ပင်းတိုမက်သော်၊ နာဖျားအံ့။
အိုးမဲလိမ်း မက်သော်၊ ပုဆိုး ဝတ်မက်သော် ခြေသည်းလက်
သည်းလှီး မက်သော်၊ အိမ်တွင် ခါးရမ်းပင် စိုက်မက်
သော်၊ ယောကျ်ား ချင်း ချင်း ဆီး ဝတ် မက် သော်၊
မကောင်း။
မြစ် ကူး မက် သော်၊ တံတားလျှောက်မက်သော်၊ စိုးရိမ်လျက်
အလိုပြည့်အံ့။

ငါးရှံ့ဘမ်းမက်သော်၊ ဖျာလိပ်မက်သော်၊ မိမိရူး မက်သော်၊
လာဘ်ကြီးရအံ့။
ထားလှံ့စွဲမက်သော်၊ ဆံရှည်မက်သော်၊ အသက်ရှည်အံ့။
ခေါင်းဖီး မက်သော်၊ သူ့ကိုထိုးမက်သော်၊ ဘေးပျောက်အံ့။
လက်ဝါးကြာရောက် မက်သော်၊ ဝက်ကိုယုန်ကို ခြံလှောင်မက်
သော်၊တံခွန်လွှားမက်သော်၊ ပန်းစီးဆောင်းမက်သော်၊
ကျော်ဇောအံ့။
လွှားကစားမက်သော်၊ သစ်ပင်ခုတ်မက်သော်၊မကောင်း။
ကျွားဖွယ်၊ မိကျောင်းဖွယ် ရင်ခွင်ပိုက် မက်သော်၊ အဓိတ်ဖြစ်
အံ့။
သွေးပေါက်ယိုမက်သော်၊ ခြေလက်တိုမက်သော်၊ ဘုန်းကြီးအံ့။
ဦးခေါင်းပြတ်မက်သော်၊ သေအံ့။
မီးကိုရသည်မက်သော်၊ စည်းစိမ်ကိုမီးလောင်အံ့။
အရူးလှည့်ပတ်ခံရမက်သော်၊စောင်းတီးရမက်သော်၊ သွားလေ
ရာ လာဘ်ကြီးရအံ့။
နွားဘမ်းမက်သော်၊ သူကြီးဖြစ်အံ့။
မိကျောင်းဘမ်းမက်သော်၊ ဆုလာဘ်ရအံ့။
နေအိမ်လအိမ်ဘွဲ့ဝင်မက်သော်၊ သားသမီးကောင်းရအံ့။
သစ်သီးလွယ်ပိုးမက်သော်၊ ကောင်းစားအံ့။
ဆံဖြေမက်သော်၊သားကြူးမက်သော်။ဥစ္စာလျှောအံ့။ ဖျားနာအံ့။
ဆူးစူးမက်သော်၊ ရန်တွေ့အံ့။
ခဘင်တော်ရမက်သော်၊ ကြက်သရေတက်အံ့။
နွားရမက်သော် ဥစ္စာတိုးပွားအံ့။
လက်ကျာလက်ရုံးပြုတ် မက်သော်၊ သားကြီးသေအံ့။ ချမ်းသာအံ့
လည်းဟူ။
မြွေခဲမက်သော်၊ သားရစ္စဲရှိ၏။ ချမ်းသာအံ့လည်းဟူ။
ခရီးသွားမက်သော်၊ အကြံမြောက်အံ့။
အိမ်သစ်တက်၍စောင်းတီးမက်သော်၊ မင်းဖြစ်အံ့။

နေဇာပန်းပန် မက်သော်၊ ပတ်စည်တီး မက်သော်၊ မင်းဆရာ ဖြစ်အံ့။
လည်တိုမက်သော်၊ ဥသျှောင်လှီးမက်သော်၊ ဖျားနာအံ့။
လိပ်ဘမ်းငါးဘမ်းမက်သော်၊ ဆန်စပါးရအံ့။
ကျွဲနွားခြံသွင်းမက်သော် ကျွန်ရအံ့။
လောက်ကိုဘမ်းမက်သော်၊ အစားဆန်ရေများအံ့။
ဥသျှောင်ရှည်မက်သော်၊ ဆွေမျိုးရောက်အံ့။ ပြန့်ပွားအံ့။
ဆင်ဖြူချွန်းတင်မက်သော်၊ သူကောင်းဖြစ်အံ့။
ကိုယ်မှာ အကြောင် အကျား ဖြစ်မက်သော်၊ မယားကောင်း ရအံ့။
အနှိပ်စက်ခံရသည်၊ ပြာလိမ်းကျံရသည်မက်သော်၊ ဘေးတွေ့အံ့။
အိမ်၌ထင်းပေါက်မက်သော်၊ မိုးကြိုးကျအံ့။
ကောင်းကင်ပျံတက်မက်သော်၊ တံခွန်လှူမက်သော်၊ ထင်ရှားအံ့။
ကိုယ်လက်ယားယံမက်သော်၊ လာဘ်ကြီးရအံ့။
ငိုကြွေးမက်သော်၊ စည်စိမ်းများအံ့။
ဦးထုပ် ဆောင်းမက်သော်၊ လိမ်ရှည်မက်သော်၊ မိန်းမဆွဲမက် သော်၊ ချမ်းသာအံ့။
ကြာလွတ်အိုးနှင့် ရေချိုးမက်သော်၊ နှာခေါင်းသွေးထွက် မက် သော် သူများမှီခိုရာဖြစ်အံ့။
သူ့မျက်စိထုတ်၊ နှာခေါင်းလှီး၊ဦးခေါင်းဖြတ်ရမက်သော်၊ စည်း စိမ်များအံ့။
နို့ညှစ်မက်သော်၊ ကြွယ်ဝအံ့။
အထက်ရှေ့သွားကျိုးမက်သော်၊ သား၌ဘေးရောက်အံ့။
အောက်ရှေ့သွားကျိုးမက်သော်၊ သမီး၌ဘေးရောက်အံ့။
အံသွားကျိုးမက်သော်၊ ဆွေမျိုးကြီးသူတို့ဘေးရောက်အံ့။
ရှိုကိုနင်းမက်သော်၊ ကြက်သရေယုတ်အံ့။
ရှိုစင်ရှိုထိမက်သော်၊ မကောင်းသတင်းဖြစ်အံ့။
လည်းသည်မက်သော်၊ တရားရှုံးအံ့၊

လက်စွပ်ဝတ်မက်သော်၊ သူစွပ်စွဲအံ့။
တောင်ထက်၊ထက်ဝယ်နေမက်သော်၊ မင်းဖြစ်အံ့။
တောင်လတ်၊ ထက်ဝယ်နေမက်သော်၊ စစ်သူကြီးဖြစ်အံ့။
ပိတုန်းတုပ်မက်သော်၊ ချစ်သူများအံ့။
ပျားထိုးမက်သော်၊ ရန်တွေ့ရအံ့။
အနှောင်အဖွဲ့ မှတ်မက်သော်၊ ဆေးနတ် လိမ်းကျံမက်သော်၊ ဥစ္စာရအံ့။
ဖန်ရေစွန်း ဝတ်ရသည်၊ ပန်းနီ ပန်ရသည်မက်သော်၊ ဘေးထိအံ့။
ခုန်ညင်းကစားမက်သော်၊ မင်းချစ်အံ့။
ခြေတိုမက်သော်၊ ကိုယ်မွေးရှည်မက်သော်၊ တန်ခိုးကြီးအံ့။
သူကိုခဲပစ်မက်သော်၊ ဥစ္စာကုန်ကျအံ့၊ ဥစ္စာရအံ့လည်းဟူ။
ငှက်တော်ကိုဘမ်းမက်သော်၊ အမတ်ဖြစ်အံ့။
လေးမျက်နှာမှလာသောခိုးသူကို ဘမ်းမက်သော်၊ ချမ်းသာအံ့။
ကျောက်ဖျာအိမ်မိုးမက်သော် အများသခင်ဖြစ်အံ့။
ခြေသည်း လက်သည်းစသည်ကို ရေတွက်မက်သော်။ အသက်ရှည်အံ့။
ငါးဘမ်းမက်သော်၊ မိန်းမနှင့်အဟူအိပ်မက်သော်၊ လာဘ်ရအံ့။
ဆားလျက်မက်သော်၊ သူများမှီခိုရာဖြစ်အံ့။
မိန်းမကိုနားထွင်းမက်သော်၊ ရွှေငွေရအံ့။
တောင်ပို့ထက် ခေါင်းဖီးမက်သော်၊ သူများကိုးကွယ်ရာဖြစ်အံ့။
ကုန်းကိုတက်ပြီးမှ ကျင်းသို့သက်၍ ခေါင်းဆေးမက်သော်၊ မင်းဖြစ်အံ့။
နန္ဒင်းစန္ဒကူး လိမ်းကျံမက်သော်၊ ပန်းပန်မက်သော်၊ ကြာပွင့်ပန်မက်သော်၊ ဖျားနာအံ့။
ကျောက်ဖျာထက်နေမက်သော်၊ အလွန်ကောင်း၏။
ချွေးထွက် သွေးထွက်မက်သော်၊ ဘုန်းကြီးအံ့။
နွားကျောင်းမက်သော်၊ အကြီးအကဲဖြစ်အံ့။

လက်ကောက် နားဒေါင်း ဆံကျင် ဝတ်ဆင် မက်သော်၊ သား
ကောင်းရအံ့။
ရွှေလက်ဘွဲ့ဝတ်မက်သော်၊ ဥစ္စာရှိသောမိန်းမရအံ့။
အညီအညွတ် ဘိသိက်သွန်းလာသည်မက်သော်၊ မင်းဖြစ်အံ့။
မြေကြီးကို ဖျာကဲ့သို့လိပ် မက် သော်၊ ခိုင်ဘက်ဘမ်း မက်သော်၊
မင်းဖြစ်အံ့။
မန်ကျည်းသီးဆွတ်မက်သော်၊ သူကောင်းဖြစ်အံ့။
မြင့်မိုရ်တောင်ကို ပတ်မက်သော်၊ စစ်သူကြီးဖြစ်အံ့။
ရယ်စရာပြုမက်သော်၊ ဝမ်းမြောက်ရာကိစ္စဖြစ်အံ့၊
မကာရ်းကိုဘမ်းမက်သော်၊ အိမ်ရာထောင်မက်သော်၊ လာဘ်ရ
အံ့။
ရွှေလက်ကောက်ဝတ်မက်သော်၊ သူကြီးတို့ချီးမြှောက်ခံရအံ့။
ယမင်းနှင့်တကွ သပိတ်လွယ်မက်သော်၊ လာဘ်ရအံ့။
သမုဒ္ဒရာကူးရမက်သော်၊ မင်းဖြစ်အံ့။
သွားနာသည် နဲ့သည်၊ ယိုင်သည်မက်သော်၊ ဥစ္စာလျော့အံ့၊ဖျား
နာအံ့။
အစွယ်ရှိသောသတ္တဝါ၊ဦးချိုရှိသောသတ္တဝါ၊ မြောက်၊ ဝက်နှိပ်
စက်ခံရမက်သော်၊ ရာဇဝတ်သင့်အံ့။
လက်မောင်းကိုငုပ်း၊ ရင်ကိုငုပ်း၊ ကျော့ကွင်း ဘွဲ့မက်သော်၊
သားသမီးရအံ့။
အဆင်းလှသော ဦးပြည်းသောမိန်းမနှင့် စပ်ရှက်ရသည် ထိပါး
ရသည်မက်သော်၊ယောကျ်ားမြတ်တို့ဆရာရအံ့။
သားသမီးရမက်သော်၊ ဥစ္စာရအံ့၊ ပညာရအံ့။
မှိုဃ်းရေ၌ မြူးပျော်ရမက်သော်၊ ဥစ္စာစီးပွားများအံ့။
ပန်းပန်ရသည်၊ ဝတ်ဖြူစင်ကြယ် ဝတ်ရသည်၊ နေလကို ဘက်ရ
သည်၊ လက်နက်ကိုဘက်ရသည်၊ တံခွန်ကို ကိုင်ရသည်၊
ရုပ်ထုကို ဘက်ရသည်၊ မြတ်သောသူကို ညှဉ်းပန်းရ
သည်၊ သွေးကိုချိုးရသည်၊ ခံတွင်းဖြင့် လက်နက်ကိုယူရ
သည်မက်သော်၊ ချမ်းသာကြွယ်ဝအံ့။

## စိတ်ခွဲ၍မက်သောအိပ်မက်

ရဟန်းပုဏ္ဏားနှင့်ကြုံမက်သော်၊ ချမ်းသာအံ့။
ပုဏ္ဏားကိုစွဲလမ်းမက်သော်၊ လာဘ်ရအံ့။
စိုးရိမ်ကြောင့်ကြမက်သော်၊ ဆိုလေရာကောင်းအံ့။
ဆတ်ဆတ်နိုးမက်သော်၊ မင်းဖြစ်အံ့၊ သပြာတသိန်းရအံ့။
ဝမ်းမြောက်ဝမ်းသာမက်သော်၊ ကောင်းစားအံ့။
ဆိတ်ဆိတ်နေရသည်မက်သော်၊ သေအံ့။

## (၉၃) အိပ်မက်မကောင်း ပျောက်အောင်ပြုပုံ

အိပ်မက်- မက်သောသူသည် နံနက်အခါ မြေ့ာ်မြင်တတ်သောသူ၏အထံ၌ပြန်ကြားရာ၏။ အိပ်မက်မကောင်းမူ၊ ဘုရားကိုမီးပူဇော်၍၊ ခေါင်းဆေးရာ၏။ အိပ် ရာ မ ထောင် သော သူ ကို ပူဇော်၍၊ အိပ်မက် မက်သူကိုရွေးရာ၏။ ဘုန်းကြီး- သက်ရှည်စည်းစိမ် တည်ရဂါလိုသောဟု ဆုတောင်းရာ၏။

**တနည်းကား။** ။အိပ်မက်ကောင်းမြင်မက်မူ၊ မိဘဆရာတို့ကို ရှိသေစွာပူဇော်၍ပြန်ရာ၏။ မကောင်းမြင်မက်မူ၊ တမင်းတဆုပ်၊ ရေတမှုတ်ကိုသစ်ငုတ်တိုမှာတင်ခဲ့၍၊ အရသာတပါးပါးကိုစား၍ ပြန်ရာ၏။ **(တနည်းကား)။** ။အိပ်မက်မကောင်းသောသူသည်၊ ပရိတ္တော်ရေဖြင့် ခေါင်းဆေးရာ၏။ သင်ပုတ်ရေ

ချမ်းပန်း စသည်တို့ဖြင့်၊ ဘုရားကို ပူဇော်ရာ၏၊ မောဓိညောင်ကို ထောက်ရာ၏။

---

## (၁၀၀) ဒှက်နားသည်ကို ယတြာပြုပုံ

မျိုင်းလင်တား စသောငှက်များနားလာသော်၊ ရေပြည့်အိုးမှာ သပြေနေဇာထည့်၍၊ ပရိတ္တော်ရေဖြင့် နားရာကို ဆေးကြောရာ၏၊ ပန်းကို လှူစေ့ပန်ရာ၏။

---

## (၁၀၁) ခေါင်းဆေးယတြာဆေးနည်း

ဖွတ်တက် ပျားစွဲစသော တိတ်– နိမိတ်- မကောင်းသောအခါ၊ အိပ်မက် မကောင်းသောအခါ၊ ဂြိုဟ်စီး ဂြိုဟ်နင်း မကောင်းသောအခါ၊ ဂြိုဟ်စား သက်ရောက် ညှို့သောအခါ စသည်တို့၌ ခေါင်းဆေးလျှော်ရမည်။ **(ဆေးကား)**။ ။ဖန်ခါးမြစ်၊ သရက်မြစ်၊ ဥသျှစ်ရွက်၊ ဇလပ်ရွက်၊ ကြခတ်ရွက်၊ ကင်မွန်းသီး၊ ပန်းဥ၊ လင်းနေ၊ ငုင်းဆေးရှစ်ပါးကို အမှုန့်ပြု၍ ဆံပုန်းရေနှင့်ဖျော်၊ ခေါင်းလျှော်ရာ၏။ ။မကောင်းသော ဘေးရန်ပျောက်၏။

---

## (၁၀၂) နတ်-လူ-ဘီလူးနက္ခတ်အကြောင်းရွေးနည်း

ဘွားသက္ကရာဇ်ကိုတည်၊ သုံးခုစား၊ တခုကြွင်း နတ်။ နှစ်ခုကြွင်း လူ။ သုံးမှု ဘီလူးမှတ်။ လူ, လူချင်းထိမ်းမြားမူ၊ ချစ်ခြင်းမေတ္တာပျအံ့။ ။လူနှင့်နတ် ထိမ်းမြားမူ၊ ချမ်းအေးအံ့။ ။

ဘီလူးနှင့်လူ ထိမ်းမြားမူ၊ ပျက်စီးလွယ်အံ့။ ။ဘီလူးနှင့်နတ် ထိမ်းမြားမူ၊ ရန်ကင်းအံ့။ ။နတ်ချင်းချင်း ထိမ်းမြားမူ၊အသက် ရှည်အံ့။ ။ဘီလူးချင်းချင်း ထိမ်မြားမူ၊ တန်ခိုးကြီးအံ့။ ။ ဤကား အကြမ်းတွက်ပုံတည်း။

အနုတွက်ပုံကိုသိလိုသော်၊ ဘွားခါ တည်နက္ခတ် လုံးရေကို တည် သုံးခုစားတွက်ရသည်။

## (၁၀၃) အကြီးအငယ်ဖြစ်မဖြစ်ကိုတွက်နည်း

ဘွား သက္ကရာဇ်ကိုတည် ၉-နဝင်းစား၊ သုံးခုကြွင်းမူ အငယ်။ ခြောက်ခုကြွင်းမူ အလတ်။သုံးမူ အကြီးဖြစ်အံ့။ဤကြွင်း သုံးနဝင်းသုံး သုံးယောက်ကား၊ သွာပါးကို မမှီခိုဘဲ ကြီးပွား နိုင်၏။ ထိုဝိဇ္ဇာမိုရ် နှစ်ဘွားဟူ၍လည်းခေါ်ရ၏၊

## (၁၀၄) ထိမ်းမြားသင့်သောခြောက်လ

တန်ခူး၊ကဆုန်၊နယုန်၊သတင်းကျွတ်၊ တန်ဆောင်မုန်း၊ တပို့ တွဲ၊ ဤခြောက်လ၌ ထိမ်မြားမင်္ဂလာပြုမူ၊ ချမ်းသာသုခရှိအံ့။

## (၁၀၅) ထိမ်းမြားသောနေ့ကိုပြခြင်း

တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေးနေ့၌ ထိမ်းမြားမူ သားသမီး ပေါများအံ့။ ။တနင်္လာ သောကြာနေ့၌ ထိမ်းမြားမူ၊ဥစ္စာ ပေါအံ့။ ။ဗုဒ္ဓဟူးနေ့၊ စနေနေ့၌ ထိမ်းမြားမူ၊ သားသမီး နည်းပါးအံ့။

## (၁၀၆) နေ့ထပ်မင်္ဂလာကိုပြခြင်း

၁–နေ့သွားခြင်း ထိမ်းမြားမူ၊ ဥစ္စာပေါအံ့။

၂–နေ့သွားခြင်း ထိမ်းမြားမူ၊ ရှေးဦးချမ်းသာ၊ နောင်ခါ ဆင်းရဲတွေ့အံ့။

၃–နေ့သွားခြင်း ထိမ်းမြားမူ၊ ရန်တွေ့အံ့။

၄–နေ့သွားခြင်း ထိမ်းမြားမူ၊ အရှည်မမြဲတတ်။

၅–နေ့သွားခြင်း ထိမ်းမြားမူ၊ ချမ်းအေးအံ့။

၆–နေ့သွားခြင်း ထိမ်းမြားမူ၊ ငြိုငြင်အံ့၊

၇–နေ့သွားခြင်း ထိမ်းမြားမူ၊ ရန်တွေ့အံ့။

---

## (၁၀၇) ကိုယ်ဝန်ဆောင်ရှောင်ရန်

သန္ဓေရင့်မာသော မိန်းမသည်၊မင်္ဂလာလက်ဘွဲ့မပြုကောင်း၊ ကျောင်းကန် ဘုရား တည်ရာ၊ ဝင်၍ မကိုင်ကောင်း။ ထုပ် လျောက်စသော သစ်ဝါးကို နင်းကျော်၍မသွားကောင်း။ ။ အိမ်တိုင်စသော သစ်ဝါးပုံထားရာ၊ သန္ဓေရှိသော ခွေးဝက် ကျော်နင်းသွားသော် မကောင်း။ သ–န–ချေ–သိဒ္ဓိတင် တရော် ကင်မွန်းဖြင့် ဆေးကျော၍ ပစ်ရာ၏။ သန္ဓေရှိသော လူမိန်းမ ကျော်နင်းရာ၌ ပြောဘွယ်ရာမရှိပြီ။

## (၁၀၈) သားဖွားလွယ်အောင်ပြုနည်း

သစ်ပင်ကို ခုတ်လှည်းသောအခါ၊ ကျန်ရစ်သော သစ်စစု သည် သစ်ကြွပ် မည်၏။ ၎င်း သစ်ကြွပ်ကို ယူထား၍၊ သား သန္ဓေ– အဘွားခက်သောအခါ၌ ဆံထုံးမှာစိုက်၊ ဘွားလွယ်၏။

**(တနည်းကား)** တမာခက်ကိုသွေး၍ တိုက်၊ ဘွား လွယ်၏။ **(တနည်းကား)** ယတောဟံ-ဘဂိနိ-အရိယာယ= ဇာတိယာ ဇာတော-နာဘိ- ဇာနာမိ- သဉ္စိစ္စပါဏံ-ဇိဝိတာ= ဝေါရောပေတာ- တေနသစ္စေန-သောတ္ထိ တေဟောတု သောတ္ထိ ဂဗ္ဘဿ။ ။ဤအင်္ဂုလိမာလပရိတ္တော်ဖြင့်၊ ရေကို ခုနစ်ခါမန်း၍ တိုက် အမြန်ဘွားလွယ်၏။ **(တနည်းကား)** သရက်ပင်ငယ် ကို လက်ပြန်နှုတ်၊ ဆေးတောင့်ပြု၍ထား၊သားဘွားစေလိုသော် သွေး၍တိုက်။

## (၁၀၉) သားသေ၍မဘွားနိုင်သော် ဘွားလွယ်အောင် ပြုနည်း

သားငယ်သေ၍ အဘွားခက်သော် စစ်သိမ်မြစ်ကို ကြိတ်၊ ချက်ကို-ဆည်းစကိုမံ၍ပေး၊ ဘွားလွယ်၏။

## (၁၁၀) လလိုက်အချင်းမြှုပ်နည်း

တပေါင်း-တန်ခူး-ကဆုန်လကြိုမူ၊ မြောက်မှာ အချင်းမြှုပ်၊ နယုန်- ဝါဆို- ဝါခေါင်လကြိုမူ၊ အရှေ့မှာ အချင်းမြှုပ် ။ တော်သလင်း- သီတင်းကျွတ်- တန်ဆောင်မုန်းလကြိုမူ၊ တောင် မှာ အချင်းမြှုပ်။

နတ္တော်- ပြာသို- တပို့တွဲလ ကြိုမူ၊ အနောက်မှာ အချင်း မြှုပ်။

## (၁၁၁) နို့ထွက်ဟင်းနည်း

ကန့်ကြွတ်နီရွက် ဖြစ်စေ။ ဒန့်ဒလွန်ရွက် ဖြစ်စေ၊ ဟင်းချို ချက်၊ ပြုပ်ကောင်းခတ်၍သောက်၊ နို့ထွက်၏။

**(တနည်း)** ချည်ပေါင်နီရွက်ကို အမဲသား နှင့် ချက် ၍ သောက် နို့ထွက်၏။

## (၁၁၂) သူငယ်ကိုစ၍ ထမင်းခွန့်ရန် ရက်ကိုပြခြင်း

ဘွားသည့်ရက်ကစ၍ရေ၊ ခြောက်လမြောက်သောနေ့၌ စ၍ ထမင်းခွန့်ရာ၏။ လဆန်း၊လဆုတ်၊ လေးရက်-ခြောက်ရက်-ရှစ် ရက်-ကိုးရက်-တဆယ်နှစ်ရက်-ရှောင်လေ၊၁၂-လ ပြက္ခဒိန်က ရက်ကောင်းလည်းကြိမ်စေ။

## (၁၁၃) သူငယ်မြေနင်းစေရန် နေ့ကိုပြခြင်း

ဘွားသည် ရက်ကစ၍ရေ၊ သုံးလ မြောက်သောနေ့၌ မိဘ နှစ်ပါးစုံကိုင်ငင်၍၊ သားသွီးကို မြေမှာနင်းစေရာ၏။ စနေ၊ အင်္ဂါ ရှောင်လေ။ ၁၂-လ ပြက္ခဒိန်ချုပ်က ရက်ကောင်းလည်း ကြိမ် စေ။

## (၁၁၄) သားသွီးအမည်မှည့်နည်း

ယားသွီးကို အမည်မှည့်လိုသော်၊ အရင်းကမွေးနံခံ၍၊ငါးခု မြောက်နံ- အဖျားသတ်၍ မှည့်ရာသည်။ ၁-နေ့သားသွီးကို အုံးမောင်-အုံးမျ။ ၂-နေ့သားသွီးကို၊ကျော်သိန်း-ကျင်သူ။ ၃- နေ့သားသွီးကို စိန်ထွန်း-စိန်တင်။ ၄-နေ့သားသွီးကို ရွှေအုံး- ရွှေဘီ။၅-နေ့သားသွီးကို ပန်းကြိုင်-ပန်းခိုင်။ ၆-နေ့သားသွီးကို သာဇံ-သိန်းညွှန့်။၇-နေ့သားသွီးကို ထွန်းရ-နန်းလှိုင်စသည်ဖြင့် မွေးနံမှ ငါးခုမြောက် အက္ခရာနံ အဖျားသတ်၍မှည့်ရသည်။

**(တနည်း)** မွေးနံမှ နှစ်ခုမြောက်၊ ငါးခုမြောက်၊ခြောက်ခု မြောက် အက္ခရာသုံးလုံးတွင် တလုံးလုံး အဖျားသတ်၍လည်း အမည်မှည့်ရာသည်။ သို့ဖြစ်၍ ၁-နေ့သားတယောက်ကို အောင်

ကူး အောင်ပွင့် အောင်သာဟု သုံးပါးသောအမည်ကို ပေးနိုင်၏။ ။၂-နေ့သား စသည်ကိုလည်းနည်းယူ၍သိလောက်ပြီ။ ။ **(တနည်း)**။ ။အမည်အက္ခရာသုံးလုံး မှည့်သောဆရာတို့သည် အမြစ်အညွန့် မတွန့်စေရာ ဟူသည်နှင့်အညီ မွေးနံမှ ခုနစ်ခု မြောက်အက္ခရာကို အရင်းခံမွေးနံအလည် မွေးနံမှနှစ်ခုမြောက် အဖျားသတ်၍ အမည်မှည့်ကြကုန်၏။

ထိုကြောင့် ၁-နေ့သားကို ထွန်းအောင်ကျော်ဟု အမည်ပေးရသည်။ ၂-နေ့သားစသည်ကိုလည်း နည်းယူ၍သိလေ။

## (၁၁၅) ဘွားရက်အလိုက် ဆိုးခည် ကောင်းမည် ကိုသိရန်

### လဆန်းဘွား

၁-နေ့ဘွားမူ၊ ဆိုးသွမ်းဟောင့်ရမ်းတတ်၏။

၂-နေ့ဘွားမူ၊ ကြီးမှချမ်းသာတတ်၏။

၃-နေ့ဘွားမူ၊ ရဟန်းဖြစ်တတ်၏။

၄-နေ့ဘွားမူ၊ ကြွယ်ဝတတ်၏။

၅-နေ့ဘွားမူ၊ ပဒေသာပေါက်သကဲ့သို့ဖြစ်တတ်၏။

၆-နေ့ဘွားမူ၊ ချမ်းသာတတ်၏။

၇-နေ့ဘွားမူ၊ ဥစ္စာပါးတတ်၏။

၈-နေ့ဘွားမူ၊ မိုက်မဲတတ်၏။

၉-နေ့ဘွားမူ၊ ညှိုးငယ်တတ်၏။

၁၀-နေ့ဘွားမူ၊ ဆူဖြိုးတတ်၏။

၁၁-နေ့ဘွားမူ၊ ထင်ရှားတတ်၏။

၁၂-နေ့ဘွားမူ၊ စလွယ်တင်သုံးတတ်၏။

၁၃-နေ့ဘွားမူ၊ ဆင်မြင်းကျွန်နွားပေါများတတ်၏။

၁၄-နေ့ဘွားမူ၊ ကုန်သွယ်တတ်၏။
၁၅-နေ့ဘွားမူ၊ ပျင်းရိတတ်၏။

## လဆုတ်ဘွား

၁-နေ့ဘွားမူ၊ ညံ့ဖျင်းတတ်၏။
၂-နေ့ဘွားမူ၊ ဥစ္စာပေါတတ်၏။
၃-နေ့ဘွားမူ၊ ကျော်စောမဲ့တတ်၏။
၄-နေ့ဘွားမူ၊ ဆင်းရဲတတ်၏။
၅-နေ့ဘွားမူ၊ အများမိရာဖြစ်တတ်၏။
၆-နေ့ဘွားမူ၊ ချမ်းသာတတ်၏။
၇-နေ့ဘွားမူ၊ သူတော်ကောင်းဖြစ်တတ်၏။
၈-နေ့ဘွားမူ၊ တောထွက်တတ်၏။
၉-နေ့ဘွားမူ၊ နှမ်းပါးတတ်၏။
၁၀-နေ့ဘွားမူ၊ တရားပြည့်တတ်၏။
၁၁-နေ့ဘွားမူ၊ လည်ပတ်တတ်၏။
၁၂-နေ့ဘွားမူ၊ ကြွယ်ဝတတ်၏။
၁၃-နေ့ဘွားမူ၊ ထင်ပေါ်တတ်၏။
၁၄-နေ့ဘွားမူ၊ အဆင်းလှတတ်၏။
၁၅-နေ့ဘွားမူ၊ သန္တာန်ကောင်းတတ်၏။

## (၁၁၆) အင်္ဂါရပ်ကို ပြခြင်း

ဥပမိသမ္ပတ္တိဖြစ်၍ ခန္ဓာကိုယ်ပြည့်စုံမူ၊ ကောင်း ကျိုး ပေးတတ်၏။ ဥပမိဝိပ္ပတ္တိဖြစ်၍ ခန္ဓာကိုချွတ်ယွင်းမူ၊ မကောင်းကျိုးပေးတတ်၏ဟု ဘုရားရှင်ဟောတော် မူသောကြောင့် လုံးရပ်

သန္တာန် ကြန် အင် လ က္ခ ဏာ ပြည့်စုံသော သူသည်ကောင်း စားတတ်၏။ လုံးရပ်သန္တာန် ကြန်အင်လက္ခဏာ မပြည့်စုံသော သူသည်ဆင်းရဲတတ်၏။ ရုပ်ရေနူးညံ့သောသူသည် စိတ် နူး ညံ့ တတ်၏။ ရုပ်ရေကြမ်းတမ်းသောသူသည် စိတ် ကြမ်း တတ် ၏။ ထိုကြောင့် တမ္ဗဒိပ ခိုးသူကြီး၀တ္ထု၌ မျက်လုံး ကြောင်သည့် နှုတ်ခမ်းမွေးနီသည်။ ဤသူကား သူတပါးကိုထားဘိ မွေးသည့် မိခင်၏ သမြတ်ကိုသော်လည်း ကိုက်ဖြတ်နိုင်သော သဘောရှိ ၏ဟု တမ္ဗဒိပ၏ သဘောကို ခိုးသူငယ်သားတို့အား ခိုးသူကြီး ကပြောဆိုကြောင်းကို လာသည်။ ထိုမှတပါး၊ ဆဒ္ဒါန်ဆင်မင်း ၀တ္ထု၌ လုဒ္ဒကမုဆိုး၏ ရုပ်ရူပကာယ ဝေဿန္တရာ၀တ္ထု၌ ဇူ ဇကာ၏ ရုပ်ရူပကာယ နဖူးမောက်ခြင်း နှာယောင် ကောက် ခြင်းစသောအားဖြင့် ကြမ်းကြုတ်သော အမူအရာလာသည်။ သို့ ဖြစ်၍ အကဲခတ်ရန် ဦးခေါင်းစသော လက္ခဏာတို့ကို ပြဆို လိုက်အံ့။

## (၁၁၇) ဦးခေါင်းလက္ခဏာ

ဦးခေါင်းကြီးမူ၊ အများခင်မင် တတ်၏။ လုံးမူကောင်းစား တတ်၏။ ၀န်းလျှင် ဂုဏ်မရှိတတ်။ ငယ်မူ ၀န်တိုတတ်၏။ နဖူး မောက်မူ၊ ငြူစူတတ်၏။ ဆင်ဦးကင်းနှင့်တူမူ၊ အများချစ်တတ် ၏။ နောက် စေ့ ထွက် မူ၊ ဉာဏ်ကိုးတွင်းတတ်၏။ နောက်ဖယ် နက်မူ၊ ပျင်းရိတတ်၏။

## (၁၁၈) နားရွက်လက္ခဏာ

နားရွက်ကြီးမူ ငြူစူတတ်၏။ ငယ်မူ ငြိုငြင်တတ်၏။ ၀န်းမူ ပညာရှိတတ်၏။ ချွန်းမူ၊ မင်းဖြစ်တတ်၏။ ရှည်မူ ပညာကြီး တတ်၏။ နားတွင်းကျယ်မူ ကျော်စောတတ်၏။ နားမွေးများမူ လူအများချစ်တတ်၏။

## (၁၁၉) မျက်စိလက္ခဏာ

မျက်စိကျယ်မူ၊ ဉာဏ်ကြီးတတ်၏။ ဝန်းမူ၊ လျှင်ပေါ်တတ်၏။ ညိုမူ၊ တောင်းရန်းတတ်၏။ ကြောင်မူ၊ ကြမ်းတမ်းတတ်၏။ မျက်ခမ်းနီမူ၊ လူမုန်းများတတ်၏။

## (၁၂၀) နှာခေါင်းလက္ခဏာ

နှာခေါင်းသည် ကြောင်နှာခေါင်းနှင့်တူမူ၊ ပညာရှိတတ်၏။ သစ်နှာနှင့်တူမူ၊ အမှုပြီးစီးအောင် ရွက်ဆောင်တတ်၏။ သမင်နှာနှင့်တူမူ၊ ကြွယ်ဝတတ်၏။ နှာချွန်းမူ၊ မိတ်ဆွေများတတ်၏။ နှာတိုမူ၊ ဥစ္စာပါးတတ်၏။ နှာပွမူ၊ ကြမ်းကြုတ်တတ်၏။ နှာပိန်မူ၊ယုတ်တတ်၏။ နှာဖြူမူ၊ ပညာကြီးတတ်၏။

## (၁၂၁) လျှာ၏လက္ခဏာ

လျှာလယ်ရှိက်မူ၊ ရွှေငွေစပါးပေါတတ်၏။ ကျီးလျှာနှင့်တူမူ၊ ချစ်သူပေါတတ်၏။ လျှာဝန်းမူ၊ ပညာတတ်၏။ လျှာဖြူမူ၊ ခက်ထန်တတ်၏။ လျှာပါးမူ၊ ဘုန်းရှိတတ်၏။လျှာရှည်မူ၊အများခဝပ်ရ၏။

## (၁၂၂) သွား၏လက္ခဏာ

သွားကြီးမူ၊ မြဲမြံတတ်၏။ ငယ်မူ၊ ဆင်းရဲတတ်၏။ သွားကြဲမူ၊ ဉာဏ်ရှိတတ်၏။ သွားစိတ်မူ၊ စကားကြွယ်တတ်၏။ သွား

ချွန်မှု၊ အများချစ်တတ်၏။

## (၁၂၃) နှုတ်ခမ်းလက္ခဏာ

နှုတ်ခမ်းငယ်မူ၊ ပျော်ရွှင်တတ်၏။ နှုတ်ခမ်း ကြီးမှု၊ ထူမှု၊ ဆင်းရဲတတ်၏။ နှုတ်ခမ်းနီမူ၊ ဘုန်းရှိတတ်၏။ နှုတ်ခမ်း ဖြူမူ၊ အများပူဇော်တတ်၏၊ မည်းမူ၊ ရှုပ်ထွေးတတ်၏။ နှုတ်ခမ်းပါးမူ၊ စကားကောင်းတတ်၏။

---

## (၁၂၄) ခပေးစာသူလည်းရသော ရာသီဘွဲ့ ၁၂-ပုဒ် သုံးဆစ်လေးဆစ် သဖြန်များ

**(တန်ခူးလဘွဲ့)** ဟေမာမှာ ရွှေညှာ တွဲပါလို့၊ ဝါမွှေမွှေ စိရရီ၊ ပန်းရင်ခတ်မှီ။ နွေရာသီမှာလေ၊ သွှာချိုလို့ပွင့်ဖူး။ ခါ မိဿာ မှာ ကွယ်၊ စိတြာ-ဝေဝေလျှန်းပါလို့၊ ငွေ စန်း ဝယ်- ညီလာခံပေါ့၊ တာသင်္ကြန်-ဆိုတဲ့ပွဲမှာလ၊ နှံ့ မေ တ္တာ ဂ ဟေ စွဲအောင်ကွယ်၊ နွဲ့စို့နှစ်ဦး။

**(ကဆုန်လဘွဲ့)** ကြယ်မင်းရယ်တဲ့ ဝိသာခါ၊ ရွှေ ယု ဂန် တောင်တော်စွန်းဆီက၊ ယုန်စန္ဒာငွေလဝန်းရယ်နှင့်ကွယ်၊ ထွန်း လို့ပြိုင်လာ။ ခိုင်စကားဝါရယ်လေ၊ ကြိုင်စွာပထုံသင်း။ ကဆုန် ရယ်ခေါ်သလေလေ့၊ မြိဿငယ် ရာသီ ပေါ် ပြို၊ ဟူနှစ်ဖော် အောင်စေကြောင်း ငယ်နှင့်၊ တူပျော်ပျော် ညောင်ရေလောင်း တယ်ကွယ် ပေါင်းစို့လက်ငင်း။

**(နယုန်လဘွဲ့)** မှုန်မှိုင်းရယ်တဲ့ ပြာပြာရီ၊ ထက်ကောင်း ကင်နတ်စည်ယွှန်းပြီမို့၊လမေဇုန်အမည်ဆန်းတယ်လွှမ်းဟွဲ့ရာသီ။
G.—13

ဇော္ဌငယ်မှိုသလေ၊ စန္ဒြီမင်းယုန်ရထား။ သုဓမ္မာ၊ စာပွဲတော်သဘင်ခါမို့၊ သင်းပျံ့စွာ လှိုင်လှိုင်ကြူတဲ့၊ မြတ်လေးဖြူစပယ်ပန်းတို့ကို၊ ရဟန်းတော် သင်္ဃာမြတ်မှာလ၊ တူနှစ်ဖေါ်၊ ပျော်ပျော်ကပ်ပါလို့၊ ထက်ရပ်မြေ၊ ခေမာအူးကိုကွယ်၊ ကူးစို့နှစ်ပါး။

(**ဝါဆိုလဘွဲ့**) ကရကဋ်ကယ်တဲ့ ခေါ်သညာ။ ပြုဗ္ဗာသံ၊ စံပြိုင်ထွန်းတာမို့၊ ကိုးခွင်မှာ၊ မိုးဆင်လို့ယွန်းပြီ၊ ဖေါ်ကွာသူ၊ မျှော်တာနှင့်ကျွမ်းရချေ့။ လွမ်းဘွဲ့ချိန်ခါ။ တိန်ဝလာမှာလေ၊ မှိန်ပြာလို့ရစ်သိုင်း။ ရွှေသိမ်မှာ၊ ပဏ္ဍင်းတော် ခံချိန်ခါမို့၊ ငွေမာ**လာ**၊ ပုန်းညက်ပန်းရယ်နှင့် ရဟန်းတော် အ ရှင် များ ကို လာ၊ တူပျော်ပျော် ပူဇော်ဘို့သွားရအောင်ကွယ် အားပြုယူနိုင်း။

(**ဝါခေါင်လဘွဲ့**) သိမ်ရာသီ ချိန်ခါမှိ ဝါခေါင်လဟာမို့၊ တောင်ပြွဲ့ သရ ာဏ်ကြယ်၊ စန်းနှင့်ပြိုင်ဆွယ်။ မြိုင်တနယ်မှာလေ၊ ခိုင်သွယ်တဲ့၊ မိုးစွေပန်း။ ခဏ္ဍာရယ်ငုံသလေလေ့၊ စာရေးတံသဘင်စုံမို့၊ သဇင်ငုံ၊ အသားဝါညက်ကယ်နှင့်၊ နိဗ္ဗာန်ကို၊ မိန္ဒာန်လျက်သာပ၊ တူနှဖြာ၊ ဂျူရာအချက်ကိုကွယ်၊ ဇောသက်ရည်မှန်း။

(**တော်သလင်းလဘွဲ့**) ကံ ရာ သီ၊ တော်သလင်းပေမို့၊ ပျော်ခင်းရယ်တဲ့၊ လှေတာက်ပြိုင်၊ ကျင်းပမြိုင်မြိုင်။ ရင်းမာခိုင်ရယ်လေ၊ သင်းစွာလှိုင်ပါလို့၊ ကြိုင်ကြိုင်မွှေး။ သတ္တဗိသ်ကြယ်၊ ငွေစန်းမှာ တူပြိုင်ဆွယ်လို့၊ မောင်နှင့်မယ် မသွေတမ်းသာပ၊ ရေသဘင်စံရွှေနန်းကိုကွယ်၊ မြန်းစို့မနှေး။

(**သတင်းကျွတ်လဘွဲ့**) ကင့်အသရေငယ်ဖြာ၊ပွင့်ရွှေကြာကန်တော်တွင်းမှာလ၊ ကြိုင်သင်းဝတ်မှုံ ချိ၊ ဖူးပွင့်စီရီ။ တူရာသီမှာလေ၊ သဝဏ်ကကွန့်မြူး၊တို့မြတ်စွာ၊ နတ်နန်းရယ်ဝတိံသာ

ကာ၊ လူ့ရွာကို စက်တော်ဖြန့်သော်ကြောင့်၊ တိုင်းနှံ့အောင်၊ ရှုမခန်းနိုင်ဘု၊ နှိုးမိုးပူဇော်၊ အပြုဆန်းတဲ့ပြင်၊ ရဟန်းတော်ဝါကျွတ်ပွဲဟာမို့၊ ဖူးမျှော်ရန်မောင်နှံတွဲတယ်ကွယ်၊ နွဲ့စို့နှစ်ဦး။

**(တန်ဆောင်မုန်းလဘွဲ့)** သင်းနံ့ရယ်ဖြာ၊ ဝင်း ဖံ့ ဝါ ရွှေခဲငယ်တို့၊ ပွင့်မြဲအချိန်တွင်၊ သွင်းမြောက်လေဝင်။ ပြိန္နာသွင်မှာလေ၊ ရက်ငင်လို့၊ တာပြောင်း။ စန္ဒရိန်ငယ်လေ၊ ကြယ်ကြီကာအလျှံရှိန်လို့၊ လှုကထိန်၊ အခါကျချေပေ၊ ဒါနတော် ကုသိုလ်မျိုးကိုဖြင့်၊ သံသရာ၊ ကံနှစ်ဖြာ၊ မှန်စွာမညှိုးရအောင်၊ ပတ္တမြားနွယ်၊ စလျားချယ်၊ နှစ်ပါးသွယ်၊ အားမန်ကြိုးတယ်ကွယ်၊ ကျိုးစို့ငယ်ပေါင်း။

**(နတ္တော်လဘွဲ့)** လနပျော်ငယ်လေ၊ မနုပေါ ရာသီကွင်းဟာမို့၊ ပြာရိရိမြူချေဆင်းတာမို့၊ ငွေနှင်းရယ်တဲ့ပုံဟမ့်။ ဂပုန်းပိုးငုံသဇင်တို့၊ စုံခွင်မှာ၊ လေပြည်သွေးတယ်၊ မွှေးနံ့ သင်းထုံ။ အာကာ ဘုံမှာကွယ်၊ ရောင်စုံပပြိုင်ခင်း။ ဂုဏ် မာန် ငတ် ချီ၊ လမင်းငယ်ယုံစန္ဒီနှင့်၊ မိဂသီပြိုင်ယှဉ်တွဲတာမို့၊ ပိန်းနှဲခေါ် နတ်မဟာမှာ၊ ပွဲခြိမ့်ခြိမ့်ဖြာ၊ ပူဇော်မှုကိုလာ၊ မျှော်ရှုရန်၊ မောင်မယ်နှစ်ပါးကွယ်သွားစို့ချက်ခြင်း။

**(ပြာသိုလဘွဲ့)** မကာရဟာမို့၊ မှာ ျရယ်နှင့် စန်းနှင့်ငွေ၊ တွဲဘက်ယှဉ်နေ။ကျဆင်းငယ်ဝေ၊ နှင်းတွေကစိုလို့ လပြာသိုမှာလေ၊ မြခွါညှိကျုပန်ဆင်၍၊ နန်းရင်ပြင်၊ မြင်းတော်ပွဲကိုလာ၊ မောင်နှင့်မယ်နှစ်ကိုယ်တွဲတယ်ကွယ်၊ ရှုချေစို့။

**(တပို့တွဲလဘွဲ့)** ငွေအာကာရွှေမာဿာ၊ မုံမောက်ပပြီမို့၊ ပေါက်လဲရယ်တဲ့သွာတံချိ ဖူးပွင့်စိစိ။ ကုံရာသီမှာလေ၊ မှုံပြာရီပါလို့ နှင်းဝေဆိုင်း။ စေတီတော်၊ ဗိုမိုးပုံ လှုပူဇော်တဲ့ပြင်၊

ပဘာဂုနေဘ်၊ ပျော်ရှင်ပွဲကိုလ၊ ယှဉ်တွဲခါ၊ မောင်နှံသွားရအောင် ကွယ်၊ ထားစိတ်မှာနှိုင်း။

**(တပေါင်းလတ္တဲ့)** ချိန်ခါမှီ၊ မိန်ရာသီ၊ လတပေါင်းဟာ မို့၊ရွက်ဟောင်းတွေ၊လျှောကြွေဆင်းတဲ့ပြင်၊ အင်ကြင်းရယ်၊ ရွှေ သရဖီနှင့်၊မြေမဟီလမ်းတရှောက်တွင်ဖြင့်၊ပန်းပိတောက်ပွင့်ဖူးစုံ၊ သင်းပြန့်ထုံထုံ။ ရွှေဘာရဂုဏ်ငယ်လေ၊ ငွေ ယုန် နှင့် ပြိုင် တဲ့။ သဲသောင်ပေါ်၊ဝမ်းဘဲရွှေစင်ယောဘ်တို့လို၊ရှင်ပျော်ပျော်မောင်နှံ နှစ်ပါးသာပ၊ သဲပုံတော်၊စေတီဘုရားကိုကွယ်သွားစို့ခုပဲ။

## (၁၂၅) ဒိုရာရှောင်ရာ ဆရာပြုရမည်ကိုပြခြင်း

ကိုယ်မွေးနေ့က၊ သုံးခုမြောက်၊ လေးခုမြောက်၊ နေ့နံကိုမှီဝဲ ရာ၏။ ။ငါးခုမြောက်၊ ခြောက် ခု မြောက်၊ နေ့ နံ ကို ရှောင် ရာ၏။ ။နှစ် ခု မြောက်၊ ငါး ခု မြောက်၊ ခြောက် ခု မြောက်၊ နေ့နံကိုဆရာပြု၍၊ ဆည်းကပ်ရာ၏။

နေ့ ၇-ပါးဇာသား

| မွေးနေ့ | မိုရာ | | ရှောင်ရာ | | ဆရာ |
|---|---|---|---|---|---|
| ၁ | ၃ | ၄ | ၅ | ၆ | ၂-၅-၆ |
| ၂ | ၄ | ၅ | ၆ | ၇ | ၃-၆-၇ |
| ၃ | ၅ | ၆ | ၇ | ၁ | ၄-၇-၁ |
| ၄ | ၆ | ၇ | ၁ | ၂ | ၅-၁-၂ |
| ၅ | ၇ | ၁ | ၂ | ၃ | ၆-၂-၃ |
| ၆ | ၁ | ၂ | ၃ | ၄ | ၇-၃-၄ |
| ၇ | ၂ | ၃ | ၄ | ၅ | ၁-၄-၅ |

## (၁၂၆) ပညာသင်နေ့

၁-နေ့၊ ၅-နေ့၊ ၆-နေ့၊ သုံးပါးမှာ ပညာသင်ရာ၏။

၁-နေ့၊ ၃-နေ့၊ ၅-နေ့၊ ၆-နေ့၊ နေ့လေးပါးမှာ လက်နက်ကိုရိယာ၊ ပညာသင်ရာ၏။ ၁၂-လပြက္ခဒိန်ချုပ်က ရက်ကောင်းလည်းကြံမိစေ။

## (၁၂၇) ပညာမသင်ကောင်းသောရက်

လဆန်းဖြစ်စေ၊ လဆုတ်ဖြစ်စေ၊ တဆယ်လေးရက်မှာ ပညာသင်မှု၊ တပည့်နာ၏။ ရှစ်ရက်မှာ သင်ပေးမှု၊ ဆရာနာ၏။ လကွယ်နေ့မှာ သင်ပေးမှု၊ ဆရာတပည့်နှစ်ပါးနာ၏၊ လပြည့်မှာ သင်ပေးမှု မိဘနှစ်ပါးနာ၏။

## (၁၂၈) ခုနှစ်ရက်သားစ၍ရင်းနှီးရာ

| | |
|---|---|
| ၁-နေ့သား | လယ်ယာကိုစ၍ရင်းနှီး။ |
| ၂-နေ့သား | အထည်။ |
| ၃-နေ့သား | ရွှေ-ငွေ။ |
| ၄-နေ့သား | အခြေလေးချောင်း။ |
| ၅-နေ့သား | ဦးယျာဉ်စိုက်ပျိုး။ |
| ၆-နေ့သား | နှုတ်မှု,လက်မှုပညာ။ |
| ၇-နေ့သား | အခြေလေးချောင်း။ |

ဤသို့ပြဆိုခဲ့သည့်အတိုင်း ရင်းနှီးပြီးမှ၊ အခြားလိုရာကို ကူးသန်းရာ၏။

## (၁၂၃) ခေါင်းမရိတ်ရသောနေ့ စသည်ကိုပြခြင်း

| ပြုသင့် မပြုသင့် | နေ့အရ |
|---|---|
| ခေါင်းမရိတ်ရ | ၂-၆-နေ့။ |
| ခေါင်းရိတ်ရ | ၁-၃-၄-၅-၇-နေ့။ |
| ရေမချိုးရ | ၂-၄-၆-၇-နေ့။ |
| ရေချိုးရ | ၁-၃-၅-နေ့။ |
| စကားမမှန် | ၂-၅-၆-နေ့။ |
| စကားအမှန် | ၁-၃-၄-၇-နေ့။ |
| လှည်းမသွားရ | ၇-နေ့။ |
| လှေသွားရ | ၆-နေ့။ |
| ကြောင်မွေးရ | ၅-နေ့။ |
| ခွေးမွေးရ | ၇-နေ့။ |
| စပါးဝယ်ရ | ၁-နေ့။ |
| ဆန်-လုံ-ထား-ဝယ်ရ | ၃-နေ့။ |
| ပုလဲဝယ်ရ | ၆-နေ့။ |
| ကျွဲနွားဝယ်ရ | ၇-နေ့။ |
| ယာမြေလုပ်ရ | ၄-နေ့။ |
| ရွှေ-ငွေ-လုပ်ရ | ၅-နေ့။ |
| အဝတ်-ရက်-ချုပ်ရ | ၂-နေ့။ |
| ဆေးဝါး-ဖေါ်ရ | ၃-၇-နေ့။ |
| ဆေးမတိုက်ရ | ၄-၆-နေ့။ |
| ရပ်ဝေးမသွားရ | ၇-နေ့။ |

| ပြုသင့်-မပြုသင့် | နေ့အရ |
| --- | --- |
| စာသင်ရ | ၅-နေ့။ |
| စာရေးရ | ၆-နေ့။ |
| ကြွေးမချေးရ | ၂-၆-၇-နေ့။ |
| ကုန်ဝယ်ရ | ၄-၅-၆-နေ့။ |
| ကုန်မဝယ်ရ | ၁-၂-၃-၇-နေ့၊ |
| ပုဆိုးစ၍ရက်ရ | ၄-နေ့။ |
| ပုဆိုးပြီးစေရ | ၂-နေ့။ |
| ပုဆိုးဖြတ်ရ | ၅-နေ့။ |
| ပုဆိုးစ၍ဝတ်ရ | ၆-နေ့။ |
| အုံးမွှေ့ရာချုပ်ရ | ၄-၅-၆-နေ့။ |
| ခေါင်းလျှော်ရ | ၁-၃-၇-နေ့ |
| ခေါင်းမလျှော်ရ | ၂-၄-၅-၆-နေ့။ |
| ဆီမလိမ်းရ | ၁-၃-၅-နေ့။ |
| ဆီလိမ်းရ | ၂-၄-၆-၇-နေ့။ |
| တနည်း ဆီမလိမ်းရ | ၅-၁-နေ့။ |
| ဆီလိမ်းရ | ၂-၃-၄-၆-၇-နေ့။ |
| လက်သည်းမလှီးရ | ၁-၂-၄-၅-၆-နေ့။ |
| လက်သည်းလှီးရ | ၃-၇-နေ့။ |

ရှေးပြဆိုခဲ့သော မပြုသင့်သောနေ့၌ ပြုမူ- ကြက်သရေယုတ်၏။ ပြုသင့်သောနေ့၌ပြုမူ၊ ကြက်သရေတိုး၏။ ပြုသင့်သောနေ့၌ ဖြစ်သော်လည်း ၁၂-လ ပြက္ခဒိန်ချုပ်က နေ့ကောင်းနှင့်လည်း ကြိုက်စေ။

## (၁၃၀) လဆန်း- လဆုတ် အဝတ်မချုပ်ရသောရက်

လဆန်း ၄-၆-၇-ဂ-၉-၁၀-ရက်ကြိမ်မူ၊ အဝတ် မချုပ်ကောင်း။

လဆုတ် ၁-၂-၃-၆-ဂ-၁၀-၁၂-ရက်ကြိမ်မူ၊ အဝတ် မချုပ်ကောင်း။ ။ကြွင်းရက်စုမှာ ချုပ်။ ၁၂-လပြက္ခဒိန်ချုပ်က ရက်ကောင်းလည်းကြိမ်စေ။

**(တနည်း)** ဆန်း-ဆုတ် အဝတ်မချုပ်ရသောရက်။

လဆန်း ၄-၆-၁၀-၁၁-အဝတ်ချုပ်လျှင် ရန်တွေ့တတ်၏။

လဆုတ် .၁- ၂- ၃- ၆- ဂ- ၁၀- ၁၂- အဝတ်ချုပ်လျှင် ဘေးတွေ့တတ်သည်။

---

## (၁၃၁) အဦးမပြုရသောကုသိုလ်

| နေ့သား | အဦးမပြုရန် |
|---|---|
| ၁-နေ့သား | ကျောက်ဆင်းတုကို အဦးမပူဇော်ရ။ |
| ၂-နေ့သား | ရေတွင်းကုသိုလ်မပြုရ။ |
| ၃-နေ့သား | ပုထိုးမတည်ရ၊ဇရပ်မဆောက်ရ၊ စာတိုက် မလှူရ။ |
| ၄-နေ့သား | တံခွန်မလှူရ၊ထီးမလှူရ။ |
| ၅-နေ့သား | သစ်သားဆင်းတု မပူဇော်ရ။ |
| ၆-နေ့သား | ရွှေကြာဖူးမလှူရ။ |
| ၇-နေ့သား | စာတိုက်-ဇရပ်မလှူရ။ |

၎င်းကုသိုလ်များကိုပြုလိုလျှင် အခြားကုသိုလ်ပြုပြီးမှ ပြုကောင်းသည်။

## (၁၃၂) မပြုသင့်သောအရေးများ

အိမ်ပတ်လည်၊ ဆီဆုံမထားကောင်း။
အိမ်၏အနီး၊ ပဲကြီး-ဝါ-ခတ္တာ-ပန်းတိုင်မစိုက်ကောင်း။
အိမ်၏အနီး၊ မျောက်ပင်-ဖရုံပင်-မစိုက်ကောင်း။
အိမ်ရှေ့၊ မန်ကျည်းပင်-မစိုက်ကောင်း။
အိမ်ရှေ့၊ နွားမထားကောင်း။
အိမ်၏တောင်၊ စပါးကျီ-မထားကောင်း။
အိမ်၏နောက်၊ လှေကား-မထားကောင်း။
ထမိတဘက် ပခုံးတင်ဆဲမိန်းမကို ဆွဲငင်မရိုက်ကောင်း။
သားသမီးကို၊ သွေးထွက်သံယိုမရိုက်ကောင်း။
ချိုကျိုးကျွဲနွားကို၊ မခိုင်းစေကောင်း။
မြင်းကန်း-ဆင်ကန်းကို မစီးကောင်း။

## (၁၃၃) မပြုကောင်းသောအရာများ

တံခွန်ကုပ်ကား၊ အောင်လံများကို အိမ်မှာမစိုက်ကောင်း။
ဆန်မရှိသော မောင်းဆုံမှာ၊ ကျည် ပွေ့ စိုက် ၍ မ ထား
ကောင်း။
အိမ်ရှေ့ထရံမှာ၊ လေးကိုစိုက်၍မထားကောင်း။
စားဘွယ်ခွက်ပန်းကန်ကို၊ မတီးမခေါက်ကောင်း။
ထမိရေလဲကို၊ အိမ်မှာလွှား၍မလှမ်းကောင်း။
ခေါင်းလျှော်ပြီးဆံပင်ကို၊ နေမလှမ်းကောင်း။
စားဘွယ်ပို့လာသောခွက်ကို၊ ဆေး၍မပေးကောင်း။
ကိုယ်ဝန်ဆောင်မိန်းမ၊ စားခွက်ကိုယူ၍မဆေးကောင်း။
ကိုယ်ဝတ်-သားသူငယ်-ထားများကို၊ မြှောက်၍ မကာဖား
ကောင်း။
ဥစ္စာ မာန်-အားများကို-ကိုးစားမပြုကောင်း။

ဆရာမိဘအဆုံးအမကို မလွန်ကောင်း။

ကြီးသူမိဘ၊ အဆွေခင်ပွန်း၊ မိုး-မြေ-နေ-လ-များကို မုန်းတင်းစကားမဆိုကောင်း။

ဦးဆောင်း ပချုပ်၊ ဦးထုပ် ဆန်ကောများကို၊ ဖါ၍ မသုံးကောင်း။

သင်ဖြူးဖျာ၊ အိပ်ရာ၊ ခေါင်းပေါင်းများကို ဖါ၍ မသုံးကောင်း။

ရေလဲ၊ခေါင်းပေါင်း၊အင်္ကျီလယ်ခွံစုတ်ကို မချုပ်ကောင်း။

ဘုရားရိပ်၊ ရဟန်းရိပ်၊ ဆရာအရိပ်၊ မိဘ အရိပ်ကို မခိုကောင်း။ သီတင်းကြီးသူ၊ စည်းစိမ်ကြီးသူ၊ပညာကြီးသူကို မမှီမခိုမနေကောင်း။

သူ၏ ဦးခေါင်း၊ အရှေ့ထရံ၊ ကျည်ပွေ့များကို မကျော်ကောင်း။

ကြိုးတန်း ကြိမ်တန်းအောက်၊ တံတားအောက်၊ လှေခါးလက်ကသုံးအောက်သို့ မဝင်ကောင်း။

အမဲနှင့်တကွ၊ တံစို့ကို-ထောင်၍မထားကောင်း။

ခရီးပန်းသောသူ၊ အိပ်ရာထစသူ၊ စိတ်ဆိုးနေသောသူကို မမေးမြန်းကောင်း။

ရတနာသုံးပါး ဆရာမိဘ၊ မ-စဘူးသူများကို မငေ့ငြော့ကောင်း။

စည်းစိမ်ချမ်းသာရေးကိုငင်း၊ လာမည့်ဘေးကိုငင်း၊ မတွေးမဆ-မနေကောင်း။

မသန့် ပြန့်ရာဌာနင်း၊ လမ်းဌာနင်း၊ သူမြတ်တို့၏ နေရာဌာနင်း တက်၍မနေကောင်း။

ကိုယ်ဝန်ရှိသောမိန်းမကို မချီကောင်း။

သီတင်းနေ့၊ မိန်းမမွေးနေ့၊ နေ့လယ်အခါ၌ ကာမအမှု မပြုကောင်း။

ကျောင်းဘုရားသွားသောအခါ၊ သန္တေရင့်သောအခါ၊ အလို

မတူသောအခါ၊ အင်္ဂါမဟုတ်သောအရာတို့၌ ကာမ အမှု မပြုကောင်း။

ဆရာမိဘ၏ ကိစ္စကိုရင်း၊ မီးနှင့်ရေကိုရင်း၊ ပေါ့ပေါ့လျော့လျော့ မပြုကောင်း။

ဘုရားကိုရင်း၊ တောင်ကိုရင်း၊ အိမ်မှာစွဲသော ပျားကိုရင်း၊ မဖြိုကောင်း။

သိမ်၌ရင်း၊ လမ်း၌ရင်း၊ ဇရပ်ပျက်၌ရင်း၊ မနိုအောင်းကောင်း။

ဖယောင်းကိုရင်း၊ ဘုရားတင် ပန်းကိုရင်း၊ မိန်းမပန်သော ပန်းကိုရင်း၊ မနန်းရှူကောင်း။

ဆရာမိဘကိုရင်း၊ ဆွေမျိုးကိုရင်း၊ ဥစ္စာရှိသူကိုရင်း၊ မစိမ်းကားကောင်း။

ဥစ္စာလိုသူ၏ရင်း၊လူပျိုလှည့်သူ၏ရင်း၊ယစ်မူးသူ၏ရင်း၊ပြောစကားကို အမှန်မယူကောင်း။

ဦးရေမသွန်သောရေ၊ ထမင်းအိုးရေ၊ ပလုပ်မကျင်းသောရေကို မသောက်မျိုကောင်း။

ထမင်းကိုရင်း၊ လှေကားဦးကိုရင်း၊ အိမ်အောက်မြေကိုရင်း၊ စပါးပုပ်ကိုရင်း၊ မတူးကောင်း။

မိစ္ဆာစာကိုရင်း၊ လက်ဖွဲ့ထိုးစာကိုရင်း၊ လက္ခဏာကိုရင်း၊ အိမ်မက်ကိုရင်း၊ မဘတ်ကောင်း။

ခေါင်းပေါင်းကိုရင်း၊ ပုဆိုးတဘက်ကိုရင်း၊ နားပန်သစ်ရွက်ကိုရင်း၊ ဆံပင်ကိုရင်း၊ မဖြတ်ကောင်း။

## (၁၃၄) မစားကောင်းသောအစာများ

| စပ်၍မစားကောင်း | စပ်၍မစားကောင်း |
| --- | --- |
| ဖရဲသီးနှင့်-ဘဲဥ။ | နို့မျိုးနှင့်-မှို-ကြက်သား-ငါး။ |
| ပဲကြီးနှင့်-မုံလာ။ | ဝက်ဆီနှင့်-မျိုးအောက်သား။ |
| ပဲကြီးနှင့်-တင်လဲ။ | နို့ချဉ်နှင့်- ဒေါင်းသား- ကြက်သား။ |
| ပေရေနှင့်-ဝက်သား။ | နို့ချဉ်နှင့်-ထန်းသီး။ |
| ပဲတက်နှင့်-ဆိတ်သား။ | ဒေါင်းသားနှင့်-ပလောပီနံဥ။ |
| ကျွဲသားနှင့်-ကြာဥ။ | ဆပ်ပြာ၊ ပြာဆား နှင့်- အချဉ်များ။ |
| နို့မျိုးနှင့်-ထန်းသီး။ | ကင်းပိန္နဲရွက်နှင့်ပျားရည်။ |
| နို့ချဉ်နှင့်-ပေအူ။ | ကင်းပိန္နဲရွက်နှင့်နှမ်းဘတ်။ |
| သေ-အရက်နှင့်- ချဉ်-ဆား။ | |
| သေအရက်နှင့်-သကြား။ | |

ပျားရေနှင့်-ဥသျှစ်သီး။
မုံညင်းဆီနှင့်-ခိုသား။
ကျက်ဆူဆီနှင့်-ငှက်သား။
သားမျိုးတခုနှင့်-သားမျိုးတခု။
သားခြောက်မျိုးနှင့်-ဟင်းရွက်၊မုံလာရွက်များ။
ငါးချက်ဘူးသောဟင်းအိုးနှင့်-ပျားရည်-ပိတ်ချင်းရွက်။
ဆူးပန်းရွက်နှင့်-ဆိတ်သား-ရောနှော၍မစားကောင်း။
မဲနယ်အိုးမှာ၊သားချဉ်-ငါးချဉ်ထည့်၍မစားကောင်း။
အစားမမှန်-အချိန်မမှန်မစားကောင်း။
ယုတ်၍ငင်း၊ လွန်၍ငင်း၊'မစားကောင်း။
စိတ်ဆိုးနေဆဲ-အစားမစားကောင်း။

## (၁၃၅) အစာအဆိပ်ဖြေနည်း

အစပ်လွန်မူ၊ အချိုနှင့်နှုတ်။
အဖန်လွန်မူ၊ အချဉ်နှင့်နှုတ်။
အချဉ်လွန်မူ၊ အစပ်နှင့်နှုတ်။
အချိုလွန်မူ၊ အငန်နှင့်နှုတ်။
မျက်စဉ်းလွန်မူ၊ ရေညှိကိုခပ်။
မီးလောင်မူ၊ ရေညှိကိုအုံ။
ဆေးမှားမူ၊ ကန့်ချုပ်နီမြစ်သွေးတိုက်။
အဆိပ်လွန်မူ၊ သမ္ဘာရာရေတိုက်။
အဆိပ်အတောက်၊ အစားလွန်မူ၊ ထန်းလျက်ကိုစား။
ငှင်းလွန်သော်၊ ခါးရမ်းကစော့သီးကိုစား။
ငှက်ပျောသီးစားလွန်မူ၊ ဆားကိုလျက်။
ထန်းသီးစားလွန်မူ ရေစိမ်။
ထမင်းစားလွန်မူ၊ ထန်းလျက်ကိုစား။
ပျားရည်သီးမူ၊ မြေကြီးကိုလျက်။
ဒေါ်ရင်းတောက်မူ၊ ကြိတ်မှန်ရွက်ကိုစား။
ဆီခါးတောက်ဥတောက်မူ၊ မန်ကျည်းသီးကိုစား။
ကျွေးဥတောက်မူ၊ မန်ကျည်းသီးကိုစား။
မြင်းဆိပ်သင့်မူ၊ ဆပ်သွားမြစ်သွေးသုတ်။
ငှင်းသင့်မူ၊ ခွေးသီးဆန်၊ ဗုဇွန်ဆီနှစ်ပါးသွေးသုတ်။
ငှင်းသင့်မူ၊ လက်ဘက်နှင့်သုတ်၊ စားလည်းစား။
စိန်လွန်မူ၊ စိန်ပန်းသွေးသောက်။
ကနခိုလွန်မူ၊ မယ်ဇလီမြစ်သွေးသောက်။
ခွေးရူးကိုက်မူ၊ ခွေးတောတ်မြစ်၊ချင်းယားမြစ် ငရုပ်ကောင်း
စပ်တိုက်။
ပင့်ခူကိုက်မူ၊ ဝါနီမြစ်သွေးသုတ်။
ဘားပြုတ်ကိုက်မူ၊ ကြခတ်ဝါးသွေးသုတ်။

ပိုးနှသံကိုက်မူ၊ ဆေးဒန်းသွေးသုတ်။
ပျားရည်တောက်မူ၊ တင်လဲတိုက်။
စိန်စားမူ၊ လက်ချားသကြားစပ်တိုက်။
ကင်းယိပ်ကိုက်မူ၊ ပိတောက်နှစ်ကိုသွေးတိုက်။
ဆီမီးစက်ကိုက်မူ၊ ဆီမီးခွက်ကိုသွေးတိုက်။
တက်တူကိုက်မူ၊ စလူခေါင်းကိုသွေးတိုက်။

## (၁၃၆) ဓေတ်လွှန်သူအား ပေးရန် အခေ

နေပူခံလွန်သူအား၊ နေဇာရွက်ဟင်းချက်ပေး။
ငုင်းလွန်သူအား၊ ထန်းလျက်နှင့်–ကြက်သွန်နီပေး။
မီးပူခံလွန်သူအား အုန်းရည်ပေး။
ခရီးသွားလွန်သူအား၊ မန်ကျည်းဖျော်ရည်ပေး။
သစ်ပင်တက်လွန်သူအား၊ မန်ကျည်းရွက်ပြုပ် ထန်းလျက်
နှင့်ပေး။
အအိပ်လွန်သူအား၊ ထန်းလျက်–ရောက်ရေနှင့်ပေး။
ဆင်စီးလွန်သူအား၊ ပုဇွန်ချဉ်ကိုပေး။
မြင်းစီးလွန်သူအား၊ သီးရွက်ပြုပ်ပေး။
လှည်းစီးလွန်သူအား ဩဇာရွက်ဟင်းခါးပေး။
နေကိုကျောခိုင်းလွန်သူအား၊ ငှက်ပျောဘီးကြမ်းကိုပေး။
နေကိုရင်ဆိုင်လွန်သူအား၊ သခွါးသီးကိုပေး။
ငုင်းလွန်သူအား၊ ငှက်ပျောပညာကိုပေး။
လန့်ထိတ်လွန်သူအား၊ ဇီးယိုကိုပေး။
ကာမလွန်သူအား၊ ကြက်ဟင်းခါး မီးဘုတ်၊ ငရုပ်ကြက်
သွန်အစုံနှင့်ပေး။
ဒေါသလွန်သူအား၊ ငုင်းနည်းပေး။
ရေချိုးမှားသူအား၊ မုံ့နပ်ကိုပေး။
အညောင်းလွန်သူအား၊ သမ္ဘာရာမီးဘုတ်ပေး။

အစာမကျေသူအား၊ သမ္ဘာရမီးဘုတ်ပေး။
အိပ်မပျော်သူအား၊ မယ်ဇလီဖူးသုတ်ပေး။
ငင်းသူအား၊ ကြက်ဟင်းခါးကိုပေး။
ကျောက်ကုန်းလေတိုက်ခံသူအား၊ ထန်းလျက်ရည်ပေး။
ရင်ကိုလေတိုက်ခံသူအား၊မြေနီရည်ကိုပေး။
ဆီးအောင့်သူအား၊ လက်ဘက်ပုပ်ရည်ပေးရေစိမ်။
ငင်းသူအား၊ အုန်းရည်-ငရုပ်ကောင်းမှုန့်နှင့်ပေး။
ရင်ဘတ်နာသူအား၊ ထန်းလျက်နှင့်၊ သဘော်ရွက်ပြုပ်ရေ
ရောပေး။
ငင်းသူအား၊ ရှောက်သီးသုပ်ပေး။

## (၁၃၇) လွှန်း-လွှတ် မစားသင့်သောအစာ

လွှန်း-လွှတ်-သုံးရက်ကြိမ်မှု၊ အမဲမစားကောင်း။
လွှန်း-လွှတ်-ခုနှစ်ရက်ကြိမ်မှု၊ အုန်းသီးမစားကောင်း။
လွှန်း-လွှတ်-ကိုးရက်ကြိမ်မှု၊ ဗူးကိုမစားကောင်း။
လွှန်း-လွှတ်-ဆဲ့နှစ်ရက်ကြိမ်မှု၊ ကင်းပိမ့်မစားကောင်း။

**ငင်းရက်မှာ ငင်းအစာကိုစားမိမူ၊ပညာပျောက်တတ်၏**

## (၁၃၈) ခုနှစ်ရက်အလိုက် မပေးသင့်သောဝတ္ထု

၁-နေ့မှာ-သူတပါးအား။ ပုဝါ-အဝတ်-မပေးကောင်း။
၂-နေ့မှာ-အခြေလေးချောင်း၊ မပေးကောင်း။
၃-နေ့မှာ-သစ်ဝါး၊ မပေးကောင်း။
၄-နေ့မှာ-ဆန်စပါး-ချေးငှါးမပြုကောင်း။
၅-နေ့မှာ-ရွှေငွေမပေးကောင်း။
၆-နေ့မှာ-ကြွေးမြီ၊ မချေးကောင်း။
၇-နေ့မှာ-ရွှေငွေမတောင်းခံကောင်း။

## (၁၄၉) ဆန်ဖွတ်မောင်းဆင်နည်း

ဆန်ဖွတ်ရန်မောင်းကို အလျားဆဲ့လေးထွာပြု၊လေးထွာမှာ ခါးထား၊ ရှစ်ထွာမှာ လည်ညှပ်ထား၊ တဆဲ့တထွာမှာ ကျည်ပွေ့ထား၊ မောင်းဦးသုံးထွာကျန်၏။ အိမ်ရှင်၏ ဂဟပတိသင့်ရာ အရပ်မှာထား၊ ရောဂါ၊ ရန်ဘေး-ကင်းဝေး၏။

——>ႏဂ႑<——

## (၁၅၀) ယောင်းမ လုပ်နည်း

ယောက်မ လုပ်လိုသော်၊ဇီးသားစသည်၏ အရွက်ပတ်လည်ကို ကြိုးဝမ်းဆွဲ၊ ကြိုးကိုဆန့်၊ ၎င်းကြိုးပေါ်မှာ လက်လေးသစ်ကဲ၊ အလွန်အယုတ်မပြုကောင်း။

——o——

## (၁၅၁) ဖိုခနောက်လုပ်နည်း

ထမင်း-ဟင်းချက်ရန်၊ ဖိုခနောက်ကို အငယ်ဆုံး၊ လုံးပတ်လေးသစ်၊ အကြီးဆုံး လုံးပတ်သုံးထွာ အပြင့်တထွာ၊ အလွန်အယုတ်မပြုကောင်း။

---

## (၁၅၂) အနာပေါက်မြစ်ချင်းပြီးဆေး

စွန်လက်သည်းမြစ်ကို၊ ၆-နေ့၊ ၂-နေ့၊ ညက-ဆန်ပန်းပေါက်ပေါက် ပူဇော်၍ထား၊ ၇-နေ့၊ ၃-နေ့၊ နံနက်တူးယူရာ၏။ အနာဟူသမျှမှာ သွေးသုတ်။ငန်းမန်းရောက်လျှင် မီးနွေးနွေးနှင့်သုတ်၊ အနာဝင်လျှင် သွေးသောက်။

## (၁၄၃) အဆိပ်ဖြေဆေး

ပိတုံး-ကင်း-ပျား၊ငါးချေးများစူးရှမှု၊ ကျောက်ချဉ်နှင့်သွေးလူး။ ။စိန်- ဆေးဒန်း- ကန့်-ဇဝက်သာ-ဒုတ္တာ-ဟင်းရိုင်း-လက်ချား၊ လေးတူစု၊ ကြိတ်၍ထား၊ မည်သည့်အဆိပ်မဆို ထည့်ရာ-ကိုက်ရာကိုပွတ်။ ။မြွေခဲလျှင် ဝမ်းတည်းသို့ ရွှေးဝက်ခန့်တိုက်။

## (၁၄၄) အကွယ်အကာအစွဲချွတ်နည်း

လူသေခုနှစ်ဦး၏ ခြေမကြိုး၊ လက် မ ကြိုး ကို ပေါင်း စု၍ ကြိုးကွင်းလုပ်၊ အကွယ်အကာလိုသော် လည်ပင်းမှာစွပ်၊ အစွဲကျွတ်စေလိုသော်၊ လက်ကောက်ဝတ်မှာချည်။

## (၁၄၅) စည်းသုံးတန်ချနည်း

တောတောင် စသောနေရာ၌ လုံခြုံစေခြင်းငှါ၊ သဲစည်းချလိုသော်၊ သဲတပြည်ခန့်ကို နှစ်ဆယ်လေးပစ္စည်းနှင့် နှစ်ဆယ်လေးကြိမ်ရွတ်၊ ရွတ်ရပုံမှာ ဟေတုပစ္စယောက စ၍ရွတ်၊ ဟေတုပစ္စယောမှာ လှည့်၍ အဆုံးသတ်။ အာရမ္မဏ ပစ္စယောက စ၍ရွတ်။ အာရမ္မဏပစ္စယောမှာ လှည့်၍ အဆုံးသတ်။ဤနည်းနှစ်ဆယ်လေးခါရွတ်ပြီး၍၊ ရှစ်မျက်နှာ ပက်လည် လှည့်၍ဝိုင်းရာ၏။ ရေ-စည်းချလိုသော်၊ ရေတအိုးခန့်ကို နှစ်ဆယ် လေး

ကြိမ် ရှေးနည်းအတိုင်းရွတ်၊ ရှစ်မျက်နှာ ရေကိုလောင်းရာ၏။ ၆-စီးချလိုသော် ၆ရှစ်လုံးကို နှစ်ဆယ်လေး ကြိမ် ရှေးနည်းအတိုင်းရွတ်၊ အရပ်ရှစ်မျက်နှာမှာပစ်၍ထား၊ အလွန်တရာလုံလှ၏။ ဤစည်းသုံးမျိုးတွင် တမျိုးမျိုးပင် ကောင်းလှ၏။ သုံးမျိုးလုံးပြုမူကား ဆိုဘွယ်မရှိ၊ လက်တွေ့ကား။ ။၁၂၅၀-ခုနှစ် ပြည်မြို့၊ သောင်းကြီးရွာ ကျောင်းမှာ ၆ရှစ်လုံးကို ဆုံ့ခဲ့ပြီးသည်အတိုင်းရွတ်၍၊ ရှစ်မျက်နှာမြှုပ်ထားရာ၊ ကျောင်းပရဝုဏ်အတွင်း ခွေးများ သံဝါသမပြုဘဲ၊ အခြားမှာသာသွား၍ အိမ်ထောင်မှုပြုကျင့်ခြင်းကို တွေ့ဘူးလေပြီ။

---

## (၁၄၆) အပင်းကျဆေးနည်း

ဖြူစူး၊ ကနခို၊ ပိတောက်မှို၊ဖျောက်ဆိပ်မြစ်၊ငှင်းလေးဦး အမျှကြိတ်၊အပင်းထင်ရာအရပ်၌ လိမ်းသုတ်၍စမ်း၊ ပူ၍-ခုန်မှု-လှုပ်မှု-အပင်းမှန်ပြီ၊ ရွေးဝက်ခန့်တိုက်လေ၊ အပင်းကျ၏။

---

## (၁၄၇) အနာဘယောင်းချက်

ဇာဒိပ္ပိုလ်သီး၊ ဇာဒိပ္ပိုလ်ပွင့်၊ လေးညှင်း၊ ဒုဋ္ဌာ- ၁-ပဲမှ ပျားဘယောင်း၊ ၁-ကျပ်- ဆီသင့်ရုံနှင့်- မီးပျင်းချက်၊ အနာ ဟောင်းဟူသမျှမှာအုံ၊ မကြာမီပျောက်၏။

---

## (၁၄၈) နေ့လိုက်လှူနည်း

| နေ့သား | နေ့ | လှူရန် |
|---|---|---|
| ၁-နေ့သား | ၁ | ပဒိုင်းခင်း။ |
| ၂-နေ့သား | ၂ | မြင်းရုပ်လှူ။ |
| ၃-နေ့သား | ၃ | ဆင်ရုပ်လှူ။ |
| ၄-နေ့သား | ၄ | လမ်းပြင်-တံတားခင်း။ |
| ၅-နေ့သား | ၅ | ဗောဓိညောင်တော်စိုက်။ |
| ၆-နေ့သား | ၆ | စာ-ပေလှူ။ |
| ၇-နေ့သား | ၇ | ရေတွင်းတူး။ |

## (၁၄၃) ၇-ရက်သားမနေကောင်းသောအရပ်

၇-နွေသားတို့သည် ကိုယ်မွေးနံမှစ၍ ရေတွက်သော် သုံးခုမြောက်သော နံအရင်း ခြောက်ခုမြောက်သော နံအဖျားပါသောအရပ်မှာဍင်း၊ လေးခုမြောက်သော နံအရင်း ငါးခုမြောက်သောနံအဖျားပါသော အရပ်မှာဍင်းမနေရကုန်။ ။နေမူဆင်းရဲတတ်ကုန်၏။

---

### မကောင်းသောအရပ်အကျဉ်းချုပ်

| နွေသား | နံတွဲ | အရပ်အမည် |
|---|---|---|
| ၁-နွေသား | ၃-၆-၄-၅ | စည်သာ-ရွာဘဲ။ |
| ၂-နွေသား | ၄-၇-၅-၆ | ယင်းတော်-ပုသိမ်၊ |
| ၃-နွေသား | ၅-၁-၆-၇ | မြန်အောင်-သံတွဲ။ |
| ၄-နွေသား | ၆-၂-၇-၁ | သဲကုန်း-ဒိုက်အူး။ |
| ၅-နွေသား | ၇-၃-၁-၂ | တညင်-အုတ်ကံ။ |
| ၆-နွေသား | ၁-၄-၂-၃ | အင်းဝ-ကျောက်ဆည်။ |
| ၇-နွေသား | ၂-၅-၃-၄ | ကျောက်မြောင်း-စလေ။ |

## (၁၅၀) ၇-ရက်သားတို့နေကောင်းသောအရပ်

၇-နေ့သားတို့သည် ကိုယ်မွေးနံကစ၍ရေသော်၊ ခြောက်ခုမြောက်သောနံအရင်း သုံးခု မြောက်သောနံ အဖျားပါသော အရပ်မှာဋ္ဌင်း၊ငါးခုမြောက်သောနံအရင်း၊လေးခုမြောက်သောနံ အဖျားပါသော အရပ်မှာဋ္ဌင်း၊ နေထိုင်ခြင်းကိုပြုကုန်ရာ၏။ ချမ်းသာတတ်ကုန်၏။

---

### နေကောင်းသောအရပ်အကျဉ်းချုပ်

| နေ့သား | နံတွဲ | အရပ်အမည် |
|---|---|---|
| ၁-နေ့သား | ၆-၃-၅-၄ | သာစည်-ပင်းယ။ |
| ၂-နေ့သား | ၇-၄-၆-၅ | တာဝ-သဲမြို့။ |
| ၃-နေ့သား | ၁-၅-၇-၆ | အုတ်ဖိုလ်-တောင်သာ။ |
| ၄-နေ့သား | ၂-၆-၁-၇ | ကုန်းသာ-အင်တိုင်း။ |
| ၅-နေ့သား | ၃-၇-၂-၁ | စောင်းတန်း-ကြာအင်း။ |
| ၆-နေ့သား | ၄-၁-၃-၂ | ယင်းအုံ-စစ်ကွင်း။ |
| ၇-နေ့သား | ၅-၂-၄-၃ | ပဲခူး-လှည်းဆိပ်။ |

## (၁၅၁) တနည်းမနေကောင်းသောအရပ်

၇-ရက် သားတို့သည် မိမိ၏ မွေးနံမှစ၍ ရေတွက်သော်၊ သုံးခုမြောက်နံ နှစ်ခုထပ်သောအရပ်၊ လေးခု မြောက်သောနံ၊ နှစ်ခုထပ်သောအရပ်၌ မနေကုန်ရာ၊နေမူပျက်စီးတတ်ကုန်၏။

### မနေကောင်းသောအရပ်အကျဉ်းချုပ်

| နေ့သား | နံတွဲ | အရပ်အမည် |
|---|---|---|
| ၁-နေ့သား | ၃-၃-၄-၄ | ညောင်ညို-ရွှေလောင်း။ |
| ၂-နေ့သား | ၄-၄-၅-၅ | လဲရွှာ-မြောင်းမြ။ |
| ၃-နေ့သား | ၅-၅-၆-၆ | ပျော်ဘွယ်-သဲသောင်။ |
| ၄-နေ့သား | ၆-၆-၇-၇ | သဲသောင်-တွံတေး။ |
| ၅-နေ့သား | ၇-၇-၁-၁ | ထိန်တော-အိုးအုံ။ |
| ၆-နေ့သား | ၁-၁-၂-၂ | အိုးအင်-ကြံကင်း။ |
| ၇-နေ့သား | ၂-၂-၃-၃ | ကွင်းကြီး-ညောင်ညို။ |

## (၁၅၂) တနည်း ၇-ရက်သားများရှောင်ရန်အရပ်

၇-ရက်သားတို့သည် ကိုယ်မွေးနံမှ သုံးခုမြောက် အရင်း၊ လေးခုမြောက် အဖျားနေသော အရပ်၊ လေးခုမြောက်အရင်း သုံးခုမြောက်အဖျားနေသောအရပ်တို့ကို ရှောင်ကုန်ရာ၏။

---

### ရှောင်ရန်အကျဉ်းချုပ်

| နေ့သား | နံတွဲ | ရှောင်ရန်အရပ်အမည် |
|---|---|---|
| ၁-နေ့သား | ၃-၄-၄-၃ | စလေ-ဝင်းစိန်။ |
| ၂-နေ့သား | ၄-၅-၅-၄ | ယမ်းမြဲ-ပန်းဝါ။ |
| ၃-နေ့သား | ၅-၆-၆-၅ | ပင်းသာ-သာပေါင်း။ |
| ၄-နေ့သား | ၆-၇-၇-၆ | သံတွဲ-တောင်သာ။ |
| ၅-နေ့သား | ၇-၁-၁-၇ | ဒိုက်အူး-အုန်းနွဲ။ |
| ၆-နေ့သား | ၁-၂-၂-၁ | အုပ်ကံ-ကံအူး။ |
| ၇-နေ့သား | ၂-၃-၃-၂ | ကညင်-စစ်ကိုင်း။ |

---

## (၁၅၃) ဘုရားထုရန် စသော အမြစ်အညွန့်ယူနည်း

ကိုယ်မွေးနံမှ ၇-ခုမြောက် သော နံသည် အမြစ်မည်၏။ နှစ်ခု မြောက်သော နံသည် အညွန့်မည်၏။ အမြစ် အညွန့်ပါ သောသစ်သားကို ဘုရားထု၍ ကိုးကွယ်ခြင်း အနာရောဂါရှိ သူ၏ မူလအရပ်၌စိုက်၍ ရှင်အောင် ရေလောင်းခြင်း စသော ယတြာအမှုကိုပြုရာ၏။

### မြစ်ညွန့်အချုပ်

| နေ့သား | မြစ် | ညွန့် | သစ်သား |
|---|---|---|---|
| ၁-နေ့သား | ၇ | ၂ | နှပ်ချို။ |
| ၂-နေ့သား | ၁ | ၃ | သြဇာ။ |
| ၃-နေ့သား | ၂ | ၄ | ချယား။ |
| ၄-နေ့သား | ၃ | ၅ | စိန်ပန်း။ |
| ၅-နေ့သား | ၄ | ၆ | ဝါးသဲ |
| ၆-နေ့သား | ၅ | ၇ | ပိန်းနဲ |
| ၇-နေ့သား | ၆ | ၁ | သင်းအုန်။ |

## (၁၅၄) တနည်းမြစ်ညွန့်ယူပုံ

ကိုယ်မွေးနံမှ ၇-ခု မြောက် နံ ကား အ မြစ်၊ သုံးခုမြောက်နံကား အညွန့်မည်၏၊ ၎င်းမြစ်ညွန့်ပါသော သစ်ပင်ကိုမဖျက်ချိုးကောင်း။

## (တနည်း) မဖြတ်ချိုးသင့်သောမြစ်ညွန့်အချုပ်

| နေ့သား | မြစ် | ညွန့် | သစ်ပင် |
|---|---|---|---|
| ၁-နေ့သား | ၇ | ၃ | တိန်းညက်။ |
| ၂-နေ့သား | ၁ | ၄ | ဩြော်လဲ။ |
| ၃-နေ့သား | ၂ | ၅ | ခပေါင်း။ |
| ၄-နေ့သား | ၃ | ၆ | ဆပ်သွား။ |
| ၅-နေ့သား | ၄ | ၇ | ယင်းနှောင်း။ |
| ၆-နေ့သား | ၅ | ၁ | ပန်းဇာ။ |
| ၇-နေ့သား | ၆ | ၂ | သခွတ်။ |

## (၁၅၅) ၇-ရက်သားများ၌ဒိုရန် မြို့-ရွာ-သစ်သားစသည်

၇-ရက်သားတို့သည် မွေးနံမှ သုံးခုမြောက်သော မြို့-ရွာ-သစ်သားတို့ကိုငင်း၊ လေးခုမြောက်သော မြို့-ရွာ-သစ်သားတို့ကိုငင်း၊ မိုဒိုကုန်ရာ၏။

---

| နေ့သား | နံ | မြို့-ရွာအမည် | သစ်ပင်အမည် |
|---|---|---|---|
| ၁-နေ့သား | ၃-၄ | ဆွာ-ရော | ညောင်-လွှန်း။ |
| ၂-နေ့သား | ၄-၅ | ရော-ပြည် | လွှန်း-ပေါက်။ |
| ၃-နေ့သား | ၅-၆ | ပြည်-ပုသိမ် | ပေါက်-သီး။ |
| ၄-နေ့သား | ၆-၇ | ပုသိမ်-ကနောင် | သီး-ထိန်။ |
| ၅-နေ့သား | ၇-၁ | ကနောင်မြန်အောင် | ထိန်-အင်။ |
| ၆-နေ့သား | ၁-၂ | မြန်အောင်-ကြံကင်း | အင်-ကံ့ကော်။ |
| ၇-နေ့သား | ၂-၃ | ကြံကင်း-ဆွာ | ကံ့ကော်ညောင် |

## (၁၅၆) ၇-ရက်သားများ၌ရော

၇-ရက်သားတို့သည် မွေးနံမှ သုံးခုမြောက် လေးခုမြောက် ၇-ခုမြောက်သော မြို့-ရွာ-သစ်ပင် စသည်ကိုမိုဒိုကုန်ရာ၏။

| နေ့သား | နံ | မြို့-ရွာ-အမည် |
|---|---|---|
| ၁-နေ့သား | ၃-၄-၇ | မှော်ဇာ-လင်းရွာ- အုန်းတော။ |
| ၂-နေ့သား | ၄-၅-၁ | ဇလွန်-ပေါက်မှော်- ကြာအင်း။ |
| ၃-နေ့သား | ၅-၆-၂ | ဖြူးမြို့-ပုသိမ်-ပဲခူး။ |
| ၄-နေ့သား | ၆-၇-၃ | ကျိုးသဲ-ရွှေတောင်- တောင်ညို၊ |
| ၅-နေ့သား | ၇-၁-၄ | ညောင်တုံး၊ပိန်းအင်း၊တောင်ဝိုင်း |
| ၆-နေ့သား | ၁-၂-၅ | ဖအံ-ကံကြီး-ဘွေးမှော်။ |
| ၇-နေ့သား | ၂-၃-၆ | ဘားကူး၊ဖျောက်ဆိပ်၊ကျေးသား။ |

ဤအရာ၌ မိခိုရာမြို့ရွာ၏ အမည်ကို နောက်ဆုံး ကျသော အက္ခရာနံ့သာ လိုရင်းဖြစ်၍ နောက်ဆုံး အက္ခရာနံကို ယူလေ။ သစ်ပင်ဟူသမျှကိုလည်း ၎င်းနည်းယူ။ လူမှာကား မွေးနေ့ယူ။ ကိုယ်မွေးနေ့ကိုမသိလျှင် အမည်ကိုပင် အက္ခရာနံသင့်ကောက် ယူရာ၏။

## (၁၅၇) ပဋ္ဌပွတ်-ဆပွတ်ခိုက်ကိုပြခြင်း

ကိုယ်မွေးနံကစ၍ရေ ငါးခုကျသောနံသည် ပဋ္ဌပွတ်မည်၏။ ခြောက်ခု မြောက်သောနံသည် ဆပွတ်မည်၏။ ပဋ္ဌပွတ်နေ့အခါ ဆပွတ် နေ့အခါ၌ ပဋ္ဌပွတ်အရပ် ဆပွတ် အရပ်သို့ မသွား ကောင်း။

## ၇-ရက်သားဈ၏ပဋ္ဌပွတ်-ဆပွတ်ကိုပြခြင်း

| နေ့သား | ပဋ္ဌပွတ်ဆပွတ်နေ့ | ပဋ္ဌပွတ်အရပ် | ဆပွတ်အရပ် |
|---|---|---|---|
| ၁-နေ့သား | ၅-၆။ နေ့ | အနောက် | မြောက်။ |
| ၂-နေ့သား | ၆-၇။ နေ့ | မြောက် | အနေ့ာ်တောင်။ |
| ၃-နေ့သား | ၇-၁။ နေ့ | အနောက်တောင် | အရှေ့မြောက်။ |
| ၄-နေ့သား | ၁-၂။ နေ့ | အရှေ့မြောံ | အရှေ့။ |
| ၅-နေ့သား | ၂-၃။ နေ့ | အရှေ့ | အရှေ့တောင်။ |
| ၆-နေ့သား | ၃-၄။ နေ့ | အရှေ့တောင် | တောင်အနေ့ာံ။ |
| ၇-နေ့သား | ၄-၅။ နေ့ | တောင် အနေ့ာံမြောံ။ | မြောက် အနောက်။ |

---

## (၁၃၈) အသက်ရှည်အောင်ဘုရားထုဍ် ကိုးကွယ်နည်း

၇-ရက်သာ တို့၏ နံသင့်သစ်သားကို ဘုရားထု၍ ၇-ရက်သားတို့၏ တေဇကျရာ အရပ်မှာထား၍ ရေချမ်း ပန်း ဆီမီး ထီး တံခွန်စသည်ဖြင့် မပြတ်မလပ်ပူဇော်မူ အသက်ရှည်၏။ အနာရောဂါဘေးဒဏ်အန္တရာယ်ကင်း၏။

| နေ့သား | ဘုရားထုရန်သစ် | ထားရာအရပ် |
|---|---|---|
| ၁-နေ့သား | အင်-အုံး | အနောက်။ |
| ၂-နေ့သား | ကံ့ကော်-ကျွန်း | အနောက်မြောက်။ |
| ၃-နေ့သား | စစ်-ညောင် | မြောက်။ |
| ၄-နေ့သား | လိုန်-လျှန် | အရှေ့မြောက်။ |
| ၅-နေ့သား | ပေါက်- ဘန်ဘွေး | အရှေ့တောင်။ |
| ၆-နေ့သား | သီး-ဖက်သန်း | အနောက်တောင်။ |
| ၇-နေ့သား | ထနောင်း-ထိန် | အရှေ့။ |

အထူးကား။ ဗုဒ္ဓဟူးနေ့မွန်းရိမ်းဘွားမူ ရာဟုနေ့သား မည်၏။ ၎င်းရာဟုနေ့သားဖြစ်မူ ထင်းရှူးရုံးစသောနံ့သင့်ကို ဘုရားထု၍ တောင်အရပ်မှာထား၍ ကိုးကွယ်ရာ၏။ ၇-ရက် သားတို့သည် တေဇကျ ရာ အ ရပ်၌ ခြေရင်းကျသည်ဖြစ်၍၎င်း၊ တ စုံ တ ခု ထားရာ အခွင့်မသာသည်ဖြစ်၍၎င်း၊ တည်ထား ကိုး ကွယ် မပြုနိုင်မူ တေဇကျရာအရပ်က မြေစသည်ကိုယူ၍ ထားလိုသော အရပ်မှာဖြူးကုန်ရာ၏။

## (၁၅၉) ဓိုးပွားများအောင်ကြြိယန်းဘုရားထု၍ ကိုးကွယ်နည်း

၇-ရက်သားတို့သည် ကိုယ်မွေးနံမှ ရေတွက်သော် သုံးခု မြောက်သောသစ်သားကိုဘုရားထု၍ အမြဲကိုးကွယ် ပူဇော်ခြင်း ကိုပြုမူ၊စည်းစိမ်ချမ်းသာတိုးပွားတတ်ကုန်၏။ ။ငင်းအချုပ်။

| နေ့သား | ဘုရားထုရန်သစ် | |
|---|---|---|
| ၁-နေ့သား | ညောင်-ကညင် | ငင်းကြြိယန်း ဘုရား ထု |
| ၂-နေ့သား | ထိန်-သင်းဝင် | ၍ ကိုးကွယ်နည်း၌ အက္ခရာ |
| ၃-နေ့သား | ပေါက်-သမြေ | အများ ပါသော သစ်သား |
| ၄-နေ့သား | သီး-ဘက်သန်း | ဖြစ်မူ၊ အ ဖျား အ က္ခ ရာ |
| ၅-နေ့သား | ထိမ်-အုပ်နှဲ | နံကို သာ ယူ။ သို့ ဖြစ် ၍ |
| ၆-နေ့သား | အင်-သစ်အယ် | ခအောင်စသော အက္ခရာ |
| ၇-နေ့သား | ကျွန်း-သခွတ် | နှစ်လုံး ရှိ ရာ တနင်္ဂနွေ နံ။ |
| | | စ က ဝ ါ စ သော အက္ခရာ |

သုံးလုံးရှိရာ မုဒ္ဒဟူးနံ၊ ရုဋ္ဌာနဖ ါစသော အက္ခရာလေးလုံးရှိရာ ကြာသပတေးနံဟုမှတ်ရာ၏။

အထူးကား။ ကြြိယန်းသစ်သားကိုဘုရားထု၍ ကိုးကွယ်ရာ၌ ကိုယ်မွေးနံအရင်းခံ၍ ကြြိယန်းနံအဖျားသတ်မူ မွေးနံနှင့် တွဲပြီး ဖြစ်ရကား သာ၍ကောင်းမြတ်၏၊ သို့ဖြစ်၍ ၁-နေ့သား တဦး သည် အောက်ချင်းစာသားကို ဘုရားထု၍ ကိုးကွယ်မူ၊ အသက် သည်းရှည် ဘုန်းလည်းကြီးရာ၏။ ၂-နေ့သား စသည်ကိုလည်း နည်းယူ၍သိလေ။

## (၁၆၀) တည်တန့်အောင်မြင်စည်နှင့် ဘုရား ကိုးကွယ်နည်း

၇-ရက်သားတို့သည် ကိုယ်မွေးနံ၏ ရှေ့နောက် ဖြစ်သော နံနှစ်ပါးသင့်ရာသစ်သားကို ဘုရားထု၍ ကိုးကွယ်မူ၊ မြဲမြံတည် တံ့ကုန်၏။

---

### မြင်စည်နှင့်အချုပ်

| နေ့သား | ရှေ့ | နောက် | ဘုရားထုရံသစ် | |
|---|---|---|---|---|
| | | | | ဤအရာ၌ |
| ၁-နေ့သား | ၇ | ၂ | နှပ်ချို | ဘုရား ထု ရန် |
| ၂-နေ့သား | ၁ | ၃ | ဩဇာ | သစ်ပင်သည် |
| ၃-နေ့သား | ၂ | ၄ | ကလိန် | အ က ယ် ၍ |
| ၄-နေ့သား | ၃ | ၅ | စိန်ပန်း | နွယ်မြက် ဖြစ် |
| ၅-နေ့သား | ၄ | ၆ | ဝါးသဲ | ခဲ့ပါမူ၊ ညက် |
| ၆-နေ့သား | ၅ | ၇ | ပိတောက် | စွာ ကြိတ် |
| ၆-နေ့သား | ၆ | ၁ | သင်းအုံ | အတောင့် ပြု |
| | | | | ၍ ဘုရား ထု |
| | | | | နိုင်၏ဟု မှတ် |
| | | | | လေ။ |

## (၁၆၁) ကြက်သရေတိုးအောင်ပြုနည်း

၇-ရက်သားတို့သည် မိမိ၏ သီရိကျရာအရပ်၌ ဆိုင်ရာ ကုသိုလ်ပြုထားမှု၊ ကြက်သရေတိုးတက်ကြကုန်၏။

| နေ့သား | ပြုရန်ကုသိုလ် | ပြုရာအရပ် |
|---|---|---|
| ၁-နေ့သား | စေတီတည် | မြောက်။ |
| ၂-နေ့သား | အလှူကနားပြု | အရှေ့မြောက်။ |
| ၃-နေ့သား | တံခွန်စိုက် | အရှေ့။ |
| ၄-နေ့သား | ကျောင်း-ဇရပ်-ဂူ-လိုဏ်ပြု | အရှေ့တောင်။ |
| ၅-နေ့သား | တန်ဆောင်း-ဇရပ်-<br>တံတား-ရေတွင်း | အနောက်တောင်။ |
| ၆-နေ့သား | တန်ဆောင်းစိုက်ထူလေ | အနောက်မြောက်။ |
| ၇-နေ့သား | တံခွန်ကြီးစိုက်လေ | တောင်။ |

**အထူးကား**။ ။ဗုဒ္ဓဟူး မွန်းရိန်းဘွားဖြစ်မူ၊ကျောင်း-ဇရပ်-လိုဏ်-ဂူတို့ကို အနောက်မှာပြုရာ၏။

## (၁၆၂) တဆယ်နှစ်လ၌ ရှောင်ရန်

| တဆယ်နှစ်လ | မပြုကောင်း |
| --- | --- |
| ကဆုန်-နယုန် | ပြင်းထန်စွာအပင်ပန်းမခံရာ။ |
| ဝါဆို-ဝါခေါင် | တောတောင် ချောင်းမြောင်း၌ ရေမသောက်ရာ။ |
| တော်သလင်း-သတင်းကျွတ် | စပ်-ငံ-ပူ-ချဉ်-အရသာများကို မစားရာ။ |
| တန်ဆောင်မုန်း-နတ်တော် | နေ့လည်မှာမအိပ်ရာ။ |
| ပြာသို-တပို့တွဲ<br>တပေါင်း-တန်ခူး | အလွန်မအိပ်ရာ။ |

## (၁၆၃) ရသာယနဆေးနည်း

ကြံစု၊ သိန္ဓော၊ သိကြား၊ သဘော်ချဉ်းချောက်၊ အမျှစ်ထောင်း၍ထား၊ ကြံသကာ တလှည့်၊ ပျားရေ တလှည့်၊ ပိတ်ချင်းရေ တလှည့်၊ လောင်းစွက်၍စား။ မျက်စိ သီခြင်း၊ ဆံဖြူခြင်း၊ သွားကျိုးခြင်းကို တားမြစ်နိုင်၏။ ဘေသဇ္ဇမဉ္ဇူကျမ်းထွက်။ ။အထူးသတိပြုရန်အချက်။ ။ရသာယနဆေးဟူသည်ကား၊ အသက်ကို ရှည်စေတတ်သော ဆေးမျိုးတည်း။ ထိုဆေးမျိုးကို သုံးဆောင် သော သူ သည် ကာလ၊ ဒေသ၊ အဇ္ဈတ္တကို- တိုင်းထွာဆင်ခြင်၍ သုံးဆောင်ရာ၏၊ အေးသောကာလ၊ အေးသောဒေသ၊ အပူကြိုက်သော အ တွင်း ဓာတ် ခံ ရှိ သူ သည် အပူကဲ၍ သုံးဆောင်သင့်သည်။ ။ပူသောကာလ၊ အေးသောဒေသ၊အအေးကြိုက်သော အတွင်းဓာတ်ခံရှိသူကား၊ အအေးကဲ၍ သုံးဆောင်သင့်သည်။ သို့ဖြစ်၍ ကာလ၊ ဒေသ အဇ္ဈတ္တကို ဆင်ခြင်၍ သုံး

ဆောင်တတ်မှ အကျိုးရှိမည်ကိုသိ၊ အချုပ်အားဖြင့် အဋ္ဌဝ္တ သာ လိုရင်းမှန်၏။ ထို့ကြောင့် သွေးကြွသူ-သည်းခြေ လွန်သူတို့ သုံးစွဲလျှင်၊ အမွှေး-အအေးကဲသင့်သည်။ သွေးထိုင်းသူ လေအား ကြီးသူ- သလိပ်များသူတို့ သုံးစွဲလျှင် အပူကဲ၍ သုံးစွဲသင့်သည် ဟု အထူးသတိပြုကြလေ။

---

## (၁၆၃) မီးယပ်ပိန်-ဆင်မြင်း-ကျွဲနွားမှစ၍ သင့်လျော်သော-လျက်ဆားနည်း

ဆင်သမန္တယ် တပိဿာကို-အကြေးခွါချစ်ပြီး၍၊ ဆား-၃၀ နှင့် မီးပြင်းပြုတ်၊ရေခမ်းစေ-နေမှာ သွေ့ အောင်လှမ်း၍ ညက်စွာ ကြိတ်ပြီးလျက်စေ၊ မီးယပ်ပိန်များကို- ဆူဖြိုးစေတတ်၏။ ကျွဲ နွားဆင်မြင်းကြီးသည်တို့ကို ဆူစေ၏။

---

## (၁၆၅) မြွေဆေးမြစ်ခြင်းပြီး

သပွတ်သီးပင်ကို ၆-နေ့၊ ၂-နေ့၊ ညဦးက ဆန်ပန်းပေါက် ပေါက်ဖြင့် ပူဇော်၍ထား၊ ၇-နေ့နံနက်၊ ၃-နေ့နံနက်စောစော အရှေ့ သို့ သွား သော အ မြစ် ကို တူးဖြတ်၊ အကျန်ကို သံဆက်၍ ထားခဲ့။ ၎င်းအမြစ်ကို ငရုပ်ကောင်း- ဆတူထည့်၍ အမှုန့်ပြု၊ လိမ်းဆေး၊ သောက်ဆေး၊ မျက်စဉ်းဆေး၊ နှာနှတ်ဆေးဟူသမျှ ဖြစ်၏။ မြွေဆိပ်နိုင်၏။

## (၁၆၆) ပယောဂဆေးကျမ်း

သင်းချိုင်းမီးသွေး၊ လူရိုး၊ သင်းချိုင်းပြာ၊ သင်းချိုင်း မြေ၊ တဇပုဆိုး ၁-ကျပ်စီ အညှက်ထောင်း၊ နန္ဒင်းစိမ်း ၃၀-လောင်း။ ငှင်းဆေးနှင့် ပတ်လည်ဖြူးသော် ဘီလူးစသည်တို့ မလာနိုင်ကုန်။ လူမှာပူးသော် အနည်းငယ် ရေဖျော်၍တောက်၊ လိမ်းတန်လျှင် လိမ်း၊ တိုက်တန်လျှင်တိုက် ပျောက်၏။

---

## (၁၆၇) လူ-ဆင်-မြင်း-နွား-ကျွဲ မြွေခဲ ပျောက်ရန်ဆေး

ပဲခူးမြေ၊ ပုဂံမြေ၊ လေးကျွန်းမြေ၊ တကျွန်းမြေ၊ အမျှစီ နဂါး ပြည်ကရေနှင့်ဖျော်၊ အထက်ကစ၍လူး၊ လူ-ဆင်မြင်း-နွား ကျွဲ မရွေး၊ မြေကိုင် ဟူသမျှကို ပျောက်စေတတ်၏။ ပဲခူးမြေအရ ချောင်း ထိမှာဘက်ကမ်းပါးမြေကိုယူ၊ပုဂံမြေအရ ချောင်း ဤမှာ ဘက်ကမ်းပါးကိုယူ၊ လေးကျွန်းမြေအရ လမ်း ၄-ခွ အလည် တည့်တည့်ကိုယူ၊တကျွန်းမြေအရ သုသာန်မြေကိုယူ၊ နဂါးပြည် က ရေအရ ရေနံကိုယူ။

## (၁၆၈) ကိစ္စဟူသမျှတို့၌ အခါပေးနည်း

| နေ့စဉ် | ဘဝါး | အစောင့် | အခါမှန်နိမိတ် |
|---|---|---|---|
| ၁-နေ့ | ၁ | သိကြား | အရှေ့မြေခံကလူ ၂ယောက် ရန်ဖြစ်မည်။ |
| ၂-နေ့ | ၂ | ဗိသနိုးနတ် | အရှေ့ကလူ ၂ယောက်လက်တွဲ၍လာမည်။ |
| ၃-နေ့ | ၃ | ခြင်္သေ့ | အရှေ့တောင်ကလူ ၂-ယောက် လျှို့ဝှက်စကားကြားလာမည်။ |
| ၄-နေ့ | ၄ | ဆဒ္ဒန်ဆင်မင်း | တောင်ကခြေ ၄ ချောင်းစီး၍ပန်းပန်၍လာမည်။ |
| ၅-နေ့ | ၅ | မြဟ္မာ | အနောက်က လူ ၅ယောက်သီချင်းဆို၍လာမည်။ |
| ၆-နေ့ | ၆ | မာရ်နတ် | မြေခံကလူ ၃ ယောက်လက်နက်ကိုင်၍ လာမည် သံခမောက်ဆောင်း၍ လာမည်။ |
| ၇-နေ့ | ၇ | အသူရိန် | အနေခံတောင်ကမျက်စေ့ပျက်သူ ၎င်း မိန်းလျှံ ၎င်း မြင်မည်။ |

အိုး - ဆူ - သက် - ကောင်း - ဘက် - ဗီ - ဇော - ဝိ - သိ - လှ - ဆီ - ဆဒ် - ပန်း - မြတ် - ပြုတ် - သဲ - စဉ် - မာရ် - ထောင် - တံ-သူ။ ။၎င်း အခါပေး အချုပ်ကို ရအောင်ကျက်၊

အုံး ၁-နေ့၌၊ ဆူ ၃-ဘွားအခါ၊ သက်သိကြားမင်းစောင့်၏။
ကောင်း ၂-နေ့၌၊ဘက် ၅-ဘွားအခါ၊ဗိ-ဗိဿနိုးနတ်စောင့်၏။
ဇော ၃-နေ့၌၊ ဝိ ၄-ဘွားအခါ၊ သိ-ခြင်္သေ့စောင့်၏။
လှ ၄-နေ့၌၊ ဆိ ၃-ဘွားအခါ၊ ဆဒ်-ဆဒ္ဒန်ဆင်စောင့်၏။
ပန် ၅-နေ့၌၊ မြတ် ၅-ဘွားအခါ မြဟ်-မြဟ္မာစောင့်၏။
သဲ ၆-နေ့၌၊ စည် ၃-ဘွားအခါ မာရ်-မာရ်နတ်စောင့်၏။
ထောင် ၇-နေ့၌၊ တံ ၇-ဘွားအခါ၊ သူ-အသူရိန်စောင့်၏။

## (၁၆၉) တောင်းတင်းအမှတ်ကိုပြခြင်း

စပါးတန့် အလုံး-၂၀၀။
အလုံး ၂၀၀-တဆုပ်။
၄-ဆုပ် တလက်ဘက်။
၂-လက်ဘက် တလက်ခုပ်။
၂-လက်ခုပ် တကွမ်းစား။
၅-ကွမ်းစား တပြည်။
၂-ပြည် တစရွတ်။
၂-စရွတ် တစိတ်။
၂-စိတ် တခွဲ။
၂-ခွဲ တတင်း။
၄-တင်း တတို့။
၂၀-ဘို့ တဝါဟ။

## (၁၇၀) အသပြာအမှတ်ကိုပြခြင်း

ပရမာဏုမြူ ၃၆-အဏုမြူတလုံး။
အဏုမြူ ၃၆-လိက္ခာမြူတလုံး။

လိက္ခာပြု ၇-သန်းဦးခေါင်းတလုံး။
သန်းဦးခေါင်း ၇-မုန်ညင်းတလုံး။
မုန်ညင်း ၃-နှမ်းတလုံး။
နှမ်း ၄-လုံး တချင့်ရွေး။
ချင်ရွေး ၈-တပဲ။
၄-ပဲ တမတ်။
၂-မတ် ငါးမူး။
ငါးမူး ၂-တကျပ်။
ကျပ် ၅-တပိုလ်။
ပိုလ် ၂၀-တပိဿာ။
ပိဿာ ၄-တတုလ။
တုလ ၄-တပုံ။

## (၁၇၁) တောင်တာအမှတ်ကိုပြခြင်း

ဆံခြည် ၁၀-နှမ်းတလုံး။
နှမ်း ၆-လုံး မုယောတလုံး။
မုယော ၄-လုံး လက်တသစ်။
၈-သစ် တမိုက်။
၃-မိုက် တတောင်။
၄-တောင် တလံ။
၇-တောင် တတာ။
တာ ၂၀-တဥသဘ။
ဥသဘ ၂၀-တကောသ။
၄-ကောသ တဂါဝုတ်။
၄-ဂါဝုတ် တယူဇနာ။

## (၁၇၂) နှစ်အမှတ်ကိုပြခြင်း

၁၀-လက်ပစ် ၁-တနယ။
၄-နယ တခဏ။
၁၂-ခဏ တအက္ခရာ။
၁၀-အက္ခရာ တပြန်။
၆-ပြန် တဗိဇ္ဇနာ။
၁၅-ဗိဇ္ဇနာ တပါဒ်။
၄-ပါဒ် တနာရီ။
၆၀-နာရီ တနေ့တညဉ့် တရက်။
၁၅-ရက် တပက္ခ။
၂-ပက္ခ တလ။
၁၂-လ တနှစ်။

---

## (၁၇၃) သင်္ချာအမှတ်ကိုပြခြင်း

| | |
|---|---|
| ခု | ၁။ |
| ဆယ် | ၁၀။ |
| ရာ | ၁၀၀။ |
| ထောင် | ၁၀၀၀။ |
| သောင်း | ၁၀၀၀၀။ |
| သိန်း | ၁၀၀၀၀၀။ |
| သန်း | ၁၀၀၀၀၀၀။ |
| ကုဋေ | ၁၀၀၀၀၀၀၀။ |

## (၁၇၄) ဂဏန်းဖြင့်အကျဉ်းရေးပုံပြခြင်း

### ဆန်စပါးနှမ်းစသည်

| ဝေါဟာရ | အကျဉ်းရေးပုံ |
|---|---|
| တလမျက် | ချက် |
| တလမယ် | ၁ယ် |
| တစလယ် | ဲ |
| တခွက် | ၃က် |
| တပြည် | ၁ိ |
| တစရွတ် | ၃တ် |
| တစိတ် | ဓ |
| တခွဲ | ၃ွဲ |
| တတင်း | ၁ |
| တတို့ | ၃ို့ |

---

### ရေစသည်

| ဝေါဟာရ | အကျဉ်းရေးပုံ |
|---|---|
| တလမျ॥ | ချ॥ |

### မုဆိုး-ဘာစ်ဝါး-စသည်

| ဝေါဟာရ | အကျဉ်းရေးပုံ |
|---|---|
| တသစ် | ၁ံ |
| တမိုက် | ဓ |
| တပေ | ေ၁ |
| တထွာ | ၃ါ |
| တတောင် | ၁ံ |
| တလံ | ၁ံ |
| တတာ | ၁ါ |

---

### ရဟန်းသင်္ဃာ

| ဝေါဟာရ | အကျဉ်းရေးပုံ |
|---|---|
| တပါး | ၁ါး |

---

### ပေစာရွက်

| ဝေါဟာရ | အကျဉ်းရေးပုံ |
|---|---|
| တချပ် | ၁ံ |
| တအင်္ဂါ | ၁ါ-၁ံါ |

| ရွှေငွေစသည် | | ငွေစသည် | |
|---|---|---|---|
| ပေါ်ဟာရ | အကျဉ်းရေးပုံ | ပေါ်ဟာရ | ဂဏန်းရေးပုံ |
| တရွေး | ၎ွ | တဆယ် | ၁၀ိ။ |
| တပဲ | ၁ဲ | တရာ | ၁၀၀ိ။ |
| အမူး | ၃ူ | တထောင် | ၁၀၀၀ိ။ |
| တမတ် | ၁ံ | တသောင်း | ၁၀၀၀၀ိ။ |
| တကျပ် | ၄ွ | တသိန်း | ၁၀၀၀၀၀ိ။ |
| တပိဿာ | ၁ ။ | တသန်း | ၁၀၀၀၀၀၀ိ။ |
| တပိဿာ | ၁၂ | တကုဋေ | ၁၀၀၀၀၀၀၀ိ။ |

## ကျွဲနွားစသည်

| ပေါ်ဟာရ | ဂဏန်းရေးပုံ |
|---|---|
| တဆယ် | ၁၀။ |
| တရာ | ၁၀၀။ |
| တထောင် | ၁၀၀၀။ |
| တသောင်း | ၁၀၀၀၀။ |
| တသိန်း | ၁၀၀၀၀၀။ |
| တသန်း | ၁၀၀၀၀၀၀။ |
| တကုဋေ | ၁၀၀၀၀၀၀၀။ |

## (၁၃၅) လူတို့၌ ခိုက်တတ်သည်ကိုပြခြင်း

လောက၌ အဖြောင့်ဓာတ် အပြန်ဓာတ်ဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် အနိမ့်မှာထားသင့်သည်ကိုင်း၊ အမြင့်မှာထားသင့်သည်ကိုင်း၊ အ ယုတ် သုံး သင့် သည် ကို ၎င်း၊ အမြတ် သုံး သင့် သည် ကို ၎င်း၊ လက်ဝဲထားသင့်သည်ကို၎င်း၊ လက်ျာထားသင့်သည်ကို၎င်း၊ သုမင်္ဂလအရာ သုံးရသည်ကို၎င်း၊ ဒုမင်္ဂလအရာသုံးရ သည်ကို၎င်း၊ အနုအရာ သုံးရသည်ကို၎င်း၊ အကြမ်းအရာ သုံးရသည်ကို၎င်း၊ ဤသို့စသောအရာကို အမှန်အတိုင်း သုံးစွဲခြင်း ထားခြင်း ပြုလုပ်ခြင်းသည် အဖြောင့်ဓာတ်မည်၏။ ပြောင်းပြန်ပြုလုပ်ခြင်းသည် အပြန်ဓာတ်မည်၏။ ၎င်းအပြန်ဓာတ်သည် လူတို့ကိုခိုက်စေတတ် ပျက်စီးစေတတ် ဒုက္ခပေးတတ်သော ဓာတ်မည်၏။ ထိုကြောင့် အမြင့်မှာထားသင့်သော ဘုရားရုပ်ထု နတ်ရုပ်စသည်ကို အိမ်အောက်၌ ထားခြင်း၊ အနိမ့်မှာ ထားသင့်သော ဘိနပ်စသည်ကို ခေါင်းရင်း ခေါင်းဖျား ထားခြင်းစသော အားဖြင့်ပြုမူ၊ လူတို့ကို ခိုက်စေ ထိစေတတ်၏။ ပေါ်ထွန်းမှုကို ပျက်စေလို၍ ဓာတ် ပြန် ဖြစ် သော ယံပေါက်အရပ်၌၊ အရှေ့သို့လှည့်၍ ဂူ တည် ကြောင်း ကိုလည်း ယကြာကျမ်းတို့၌လာသည်။ သို့ဖြစ်၍ ဓာတ်ပြန်၏သဘောကား အရာရာ၌ ခိုက်ထိတတ်၏ဟု မှတ်ရာ၏။ ထိုကြောင့်အထိအခိုက် အပျက်အစီးကို ကြောက်လန့်တတ်သော အ မျိုး သား တို့ သည် အထားအသို အပြုအပြင်တို့ကို ဆင်ဆင် ခြင်ခြင် တွေးတွေးဆဆပြုကုန်ရာ၏။ အဆောတလျင်မပြုကုန်ရာ။

## (၁၃၆) မဝတ်ကောင်းသောအဝတ်စသည်ကို ပြခြင်း

ကျွက်ခဲသောအဝတ်ကို၎င်း၊ မီးလောင်သော အဝတ်ကို၎င်း လေပွေပါသော အဝတ်ကို၎င်း၊ လူ သေ မှာ ဆင် ယင် သော

အဝတ်ကိုဖုင်း၊ မဝတ်ဆီးကောင်း၊ မသုံးဆောင်ကောင်း၊ကြက်သရေယုတ်တတ်၏။ ထိုကြောင့် ရှေးပညာရှိတို့သည် ကျွက်ကိုက်မီးလောင် လေပွေဆောင် သူကောင်တံဆာ မထားရာဟုစပ်ဆိုတော်မူကုန်ပြီ။

စရင်း၄ါး အောက်လူ အခိုင်းအစေတို့ကို အိမ်၏ အရှေ့ကတဲအုံပြု၍မပေးကောင်း အိမ်ရှင်ပျက်စီးတတ်၏။

မောမိပင် သမြေပင် ကွံကော်ပင်များ အိမ်၌ပေါက်သော်အိမ်မှာ ကြီးမြင့်အောင် မ ထား ကောင်း၊ အရိပ် လွှတ် အောင်ထားရာ၏။

အရိပ်မလွှတ်သော်အဘက်ထက်ဆုံးဆင်းရဲတတ်၏။

ကျီကြ ဘ ဣ္လာ ထား ရာ ၌ ကု တ္တိ ပင် ညောင် ပင် ပေါက်သော် အ ညွန့် အညှောက် မ ထွက် စေ အပ်၊ ဥစ္စာရှင် ပျက်စီးတတ်၏။

ခွေးသည် လှေခါးဦးကို ခုန်၍တက်အံ့။ ခွေး ကို မရိုက်ရာ၊ ခွေးဆင်းရာကို မှတ် ၍ မ ရိုး ၇-ပွင့် ကို သိ လျက် ထမင်း ၇-ဆုပ်၊ ရေ ၇-မှုတ် နှင့် မ ကောင်း သော ဂြိုဟ် ဒ သာ တို့ သည်ဤခွေးမှာ လိုက်စေကုန်ပ•ဆို၍ လက်ပြန် ၇-ခါသွန် အပြစ်မျိုးကင်း၏။

အိမ်ကို လှည်းရထား တိုက်မိသော် လှည်းရှင် ရထားရှင်ကကတော့ပွဲနှင့် အိမ်ရှင်ကိုတောင်းပန်စေ၊ မတောင်းပန်လျှင် ရေတမှုတ်ကိုယူ၍ မကောင်းသော ဂြိုဟ်ဒသာ ပါစေဆို၍ လှည်းဦးရထားဦးမှာ လက်ပြန်လောင်း၊ လှည်းရှင်ရထားရှင်မှာ ခိုက်လေ၏။

အိမ်မှာ ပေါင်းကွပ် ကုလားတက် ကျိုးသော် သစ်သားကူ၍ထိုပေါင်းကွပ် ကုလားတက်ကို ဆန်ပန်းပေါက်ပေါက်နှင့်ပူဇော်ဆီမီးထွန်း၊ မကောင်းသော ဂြိုဟ်ဒသာပါစေဆို၍ ညချမ်းအခါရေမှာမျှော အပြစ်ကင်း၏။

ကျောင်းဒုရင် အမွှန် ချင်ပိတ် ပျက်၍ ကျသော် တဖန်ပြန်၍ မတင်ကောင်း သိမ်း၍ထားအပ်၏။

ဘုရားထီး ပျက်၍ ကျသော် လူ ပျို များ ကိုင် ငင် ၍ မ တင် ကောင်း၊လူအိုများတင်ရာ၏။ ငှါး၍သော်လည်းတင်ရာ၏။

ဘုရားတည်ဘို့ သပုတ်ရာ၌ မိန်းမသည်ငင်း၊ ခွေး ဝက်သည် ငင်း၊ အတွင်းသို့ဝင်မူ၊ ဘုရားဒါယကာ ပန်းရုံသွားများ အပြစ် ရောက်တတ်၏။

ဘုရား၌ဥပနာ သွင်းသောအခါ၊ ဘုရားဆင်းထုချင်း၊ မတိုက် ခိုက်စေကောင်း၊ အလည်မှာ ဆိမ်းထွန်း၍ မထားအပ်၊ ထွန်းသူ အပြစ်မလွတ်၊အုတ်ကျောက်မထိအပ်။

ဘုရားဦးဇာရပ်ကို အသာက်ငယ်သော သူတို့ မဆောက်အပ်။

ထိမ်းမြား မင်္ဂလာပြုရာ ကုလားတက် ပေါင်းကွပ် ကျိုးအံ့။ ပျက်စီးတတ်၏။

ထိမ်းမြားသော အခါ၊ လက်ဖွဲ့သော ရွှေငွေ လယ်ယာကို မိန်းမ၏မိဘ ယောကျ်ား၏ မိဘတို့ မသုံးစွဲအပ်၊ သုံးစွဲသူတို့မှာ ဘေးထိတတ်၏။ ကျွဲ နွား ကို ယူ ၍ မ ဟွန် ရက် အပ်၊ ပျက်စီး တတ်ကုန်၏။

သုံးဆောင် ထွန်ရက်စေလိုမူ အခြားဝယ်၍ပေးရာ၏။

မိဘအိမ်မှ ဆင်းသွားပြီးသော သားသမီး ပြန်၍နေမူ၊ ဥစ္စာ လျော့ပါးတတ်၏။ အသက်တိုတတ်၏။

မိဘတို့၏ အရိပ်အရာ အိမ်ကြီး နေပြီးမှ အိမ်ငယ်နေပြန်မူ အသက်မရှည်ရာ။

မြေးဦးယောကျ်ား မြေးဦးမိန်းမကို ထိမ်းမြားရာ၌ အကိုး အဘွားအိမ်ပေါ်မှာ မပြုကောင်း၊ အောက်မှာ တဲအုံမဏ္ဍပ်ပြု၍ ထိမ်းမြားရာ၏။ ရက်လည်မှ တက်စေရာ၏။

နတ်ပိုက်ရှိလျက် ရှင်ပြုပဉ္စင်းခံ မင်္ဂလာကို နှမသားချင်းဖြစ် သော်လည်း မဆောင်ရွက်အပ်၊ သေပျောက်တတ်၏။ ဖွါးပြီး သော်ကား အပြစ်မရှိ။

လှေခါးဟောင်းကို စွန့်လို၍ လှေခါးသစ်ကိုပြုလိုမူ လှေခါးဟောင်းထက် ၁၅-ခွါသာ၍ ပြုရာ၏။ မသာဘဲပြုသော် ပျက်စီးတတ်၏။

စဖိုဟောင်းကိုပစ်လို၍ စဖိုသစ်ကိုပြုရာ၌လည်း သာလွန်၍သာ ပြုရာ၏။

အိမ်တိုင် ခေါင်တိုင် ထုပ်လျှောက် ဟောင်းတို့ကိုလဲလှယ်ရာ၌ အဟောင်းနှင့်အမျှသာပြုရာ၏။

ဦးယူတိုင်ကိုရင်း၊ အိမ် တွင်း ခဲ မ ခံ ကို ရင်း၊ ခိုးသူတက်မူ၊ ထိုအိမ်ကို စွန့်ရာ၏။ သစ်တိုဝါးစမျကိုလည်း မသုံးစွဲရာ၊ ဇရပ်တံဆောင်းပြုလော၊ သုံးစွဲသော် အသက်တိုရာ၏။ သားသမီးများကိုသော်လည်း ထိခိုက်ရာ၏။

ကျောင်းရှေ့၌ မြေရောက် တံခွန်တိုင်ကို မစိုက်ကောင်း၊မြေရောက်မဟုတ်မူ စိုက်ကောင်း၏။ ဘိသိက် မင်္ဂလာပြုပြီးတံခွန်ကိုနှုတ်၍ အခြားမှာ မစိုက်ကောင်း၊ တံခွန်ရှင်တို့ အသက် မရှည်တတ်ကုန်။

ဘိသိက်မြှောက်သောအခါ ချည်သော ပုဆိုးတို့ကို အခြားသူမသုံးစွဲကောင်း၊ ဘိသိက်မြှောက်သူအားသာ ပေးအပ်၏။

လှည်းဦးလံသောစပါး လှေဦးလံသောစပါး ထမ်းပိုးကျိုးသောစပါး တင်းချင်ကြိုးသောစပါး ထိုစပါးများကို အခြားသူတို့အားဝေရာ၏။ ရဟန်းသင်္ဃာ အားသော်လည်း လှူရာ၏။မိမိစားသောက်မူ ဘေးတွေ့တတ်၏။

လှမ်း၍ထားသော စပါး ဝဲ နှမ်း စသော မျိုး ဟူ သ မျှ ကို မသာလောင်းနှင့်တကွ၊ ကျော် နင်း သွား မူ မ သုံး စွဲ ကောင်း၊ ထိုမျိုးကို လုပ်ဆောင်သော သူတို့ပျက်စီးတတ်ကုန်၏။

သေပြီးသော သူသည် တစပြင်သို့ ရောက်မှ ရှင်ပြန်အံ့။ရွာ၏ ဥပစာလွတ်ရာမှာ နေစေအပ်၏။ ရွာတွင်းသို့သွင်းသော် ရွာပျက်တတ်၏။

အနာရောဂါများတတ်၏။ ဘီလူးသဘက် - ရဲတတ်၏။ ဆွေ ၇-ဆက်ပျက်တတ်၏။

မိုးသီးကြီးကျ၍ လူသေဘူးသောအိမ်၌၎င်း၊ ကျောင်း၌၎င်း၊ မနေကောင်း-သေပျောက်တတ်၏။

အခြားက ကိုယ်ဝန်ရှိသောမိန်းမကို အိမ်ပေါ်မှာ လက်ခံ၍ မတင်ထားကောင်း၊ အခြားအမြောင်-တည်းအုံပြု၍ ထားရာ၏၊ မီးထွက်မှ လက်ခံရာ၏။

စွဲချ၍သေဘူးသော အိမ်၌၎င်း၊ကျောင်း၌၎င်း၊မနေကောင်း။ နေချေသော်-ပျက်စီးတတ်၏၊ ဘဏ္ဍာအိမ်၌ စွဲချ၍သေအံ့၊ ထိုဘဏ္ဍာကိုမသုံးကောင်း-သုံးချေသော်-အသက်မရှည်ရာ။

တလတည်း ဖိုခနောက်ဆိုင် သေသော အိမ်များမှာ မနေကောင်း။

မီးဖွားသော အခါ၌၎င်း၊ သေသောအခါ၌၎င်း၊ မပြောင်းမရွှေ့သော ဆေးဝါးခါးလှဲ-လက်ဖွဲ့အင်းအိုင်တို့သည်၊မီးကျော်သည်မည်ကုန်၏၊ သနကုန်၏၊ မသုံးစွဲကုန်ရာ။ သုံးစွဲလိုမူ- သနချေ၊ သစ္စတင်-တရော်ကင်ပွန်းနှင့် ဆေးကြောပြီးမှ သုံးစွဲရာ၏။

နတ်ပိုက်ရှိလျက်- မသာမှု၌မကူညီကောင်း၊ သားချင်းဖြစ်မူကား အသက်ရှည်စဉ်-ကျေးငွေပေး၍ ဝယ်ချင်းစေရာ၏။

အိမ်ကဆင်းသွားပြီးသော ခွေးမနတ်ပိုက်နှင့်တကွ ပြန်လာမူ- လက်မခံရ၊ အိမ်ရှင်ပျက်စီးတတ်၏။ ဖွားပြီးမှ- လက်ခံရမည်။

သုသာန်သို့ရောက် လေပြီးသော ပုဆိုးဖျင် လက်ကက်ကွမ်း အရက် သေဇာတို့ကိုအိမ်သို့ အကြွင်းမပါစေကောင်း။

မိဘသားသမီး ဆွေမျိုးများ မသိဘဲအသက်ကုန်သော အိမ်

မှာမနေကောင်း၍ပျက်စီးတတ်၏။ ဆွေခုနှစ်ဆက် မကောင်း၊ ခေါင်လျော်လေ-ယတြာပြုလေ။

## (၁၄၇) ခေတ်ခိုက်မြေရပုံကိုပြခြင်း

၁၂၆၅-ခုနှစ်၊ ဟသ်ာတနယ်- မရန်းချိုကျောင်းသို့ရောက်ရာ၊ ကျောင်းတံခါး-အဝင်ဝ အထက်၌ သူရဲရုပ် စောက်ထိုးနေပုံ။ မှင်နှင့်- ရေးထားသည်ကို တွေ့မြင်၍၊ ထိုကျောင်း၌ သဆ်ာမြဲမမြဲကို မေးလျှင်၊ သဆ်ာမမြဲဟု ပြောသောကြောင့် ၎င်းသူရဲရုပ်ကို- အဖျက်ခိုင်း၏။ ဖျက်လိုက်သောနေ့မှစ၍ ယခုထက်ထိ ရဟန်းသဆ်ာ မြဲလေ၏။ အဖျက်ခိုင်းသော ဆရာမှာ ၇-ရက်ခန့် အပြင်းအထန် ဖျားနာရ၏၊ ဓာတ်နှုတ်မန္တရားမန်းမှုတ်၍ ဆိမ်းထွန်းမှ သက်သာရာကိုရဘူး၏။ ထိုကြောင့်-အိမ်မှာ- ကျောင်းမှာ- အင်းဖြစ်စေ၊ ရုပ်ဖြစ်စေ တွေ့လျှင် တွေ့ချင်း မဖျက်ရာ။ အင်း- ရုပ်စသော ခိုက်တတ်သော ဝတ္ထုကို တ ပည့် က ကိုင်၍ ထား၊ ဆရာပြုသူက (ကမ္ဘိယံကရောဟိ)ဟု ဆို၊ တပည့်က (ကပ္ပိယံဘန္တေ) ဆို၍၊ ကညစ်စသည်ဖြင့် ထိုးဖောက်ဖျက်စီးရာ၏-ဟု ရှေးပညာရှိတို့ မိန့်တော်မူကုန်၏။

## (၁၄၈) ဒုမင်္ဂလာအရာကိုပြခြင်း

လူတို့၏ သင်းချိုင်းသည် ရေ, မြေ, မီးဟူ၍ သုံးပါးရှိသည်။ ထိုသုံးပါးတို့တွင် ရေသို့မျှောရသောကြောင့်၊ ရေလည်း သင်းချိုင်းမည်၏။ မီးမှာ ဖုတ်ရသောကြောင့်၊ မီးလည်း သင်းချိုင်းမည်၏ဟု မှတ်ရာ၏။ ။မြေမှာမြှုပ်ရာ၌ လူကြီးဖြစ်မူ၊ သုံးတောင် တ မိုက် တူး ရာ ၏။ လူငယ်ဖြစ်မူ၊ နှစ် တောင် တ မိုက်

ရာ၏။ ။မီးသဂြိုဟ်ရာ၌၊ သရက္ခံ စမြင်း တိုင် လေးချောင်း
စိုက်ခြင်း။ နံ့သာထင်းတုံး ကိုးခုခုခြင်း။ ထင်းကြားကို-ကိုးခု
ခြားခြင်း။ အပေါက်နံ့သာဖီတုံး ငါးခု ထားခြင်း။ အထက်က
ငှက်ခြေးခံတခုထားခြင်း။ ဤသို့သော အစီအရင်ကို ဘုရားရှင်
၏ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်ပြုရာ၌ လောက
သမုတိကျမ်းပြသည်။ ။သုဒ္ဓေါဒနမင်းကြီး ပရိဗ္ဗာန် ပြုရာ၌၊
ဘုရားရှင်ကား ဦးခေါင်းတော်ကို ထူတော်မူ သည်။ အရှင်
သာရိပုတ္တရာကား လက်ျာ လက်ရုံးတော်ကို မတော်မူသည်။
အရှင်အာနန္ဒာကား လက်ဝဲ လက်ရုံးတော်ကို မတော်မူသည်။
မြေးတော် ရာဟုလာကား ကိုယ်ကို ပွတ်သပ်တော် မူသည်။
အရှင်မောဂ္ဂလာန်ကား နံ့သာရည်ဖြင့် ချိုးသွန်းတော်မူသည်။
ဤသို့ငါးပါးသော သူမြတ်တို့သည်၊သုဒ္ဓေါဒန မင်းကြီးပရိနိဗ္ဗာန်
ပြုတော်မူသည့်ကို ပြုလုပ်ကြကုန်သကဲ့သို့ ယ ခု အ ခါ ပညာရှိ
အမျိုးသားတို့သည်လည်း သေ သော မိ ဘ ကို ၎င်း၊ ဆွေကြီး
မျိုးကြီးကို၎င်း။ သဂြိုဟ်ထောက်ပံ့ကုန်ရာ၏။ ရေမိုး ချိုး ကုန် ရာ
၏။ ။လူသေသောအခါ ယစ်မူးသူကို၎င်း၊ သူ မိုက် ကို ၎င်း၊
သူငယ်ကို၎င်း တောတိုင်မစေအပ်၊ မသင့်မလျော် ပြောမိသော်
ရွာမှာခိုက်တတ်၏။ ။ယခုအခါ အချို့သောရွာ၌ သုသာန်သို့
တလား ရောက်လာသောအခါ မလာနှင့် မလာနှင့်ဆို၍ ခဲငယ်
ဖြင့် နှစ်ချက်သုံးချက်ပစ်၏။ဤသို့ပြုရခြင်းကား အသေအပျောက်
နည်းပါးသောအကြောင်း ကောင်းသော ပြုလုပ်ခြင်းဖြစ်၏။ ။
ရွာပြင်၌ သေသူကို ရွာတွင်းသို့ မ သွင်း ကောင်း။ မြို့ ပြင် ၌
သေသူကို မြို့တွင်းသို့ မသွင်းကောင်း။ အိမ်အောက်၌ သေသူ
ကို အိမ်ပေါ်သို့ မတင်ကောင်း ထိခိုက် ပျက် စီး တတ် ၏။ ။

ကိုယ် ဝန်ဆောင် မိန်း မ သေ မူ ဖွင့်၍အခြားစီ သဂြိုဟ် ရာ၏။
မဖွင့်ဘဲသဂြိုဟ်သော်လည်း။ အပြစ်မရှိဟူ၏။ အခြောက်အလန့်
မရှိအောင် စီ ရင် လို သော်။ ငှက် ပျော တုံး ကို သူ ငယ် ၏
တတောင်လေးသစ် နှစ်ခုနံပါးနှစ်ဘက်မှာထား၊ညဦးယာဂ်သာ

ညှဉ့်မသိပ်ကောင်း။ ချမည့်အခါ လင်ဖြစ်သူကို ထားကိုင်စေ၍ လိုက်စေ၊ ဟစပြင်ကိုလည်ရာ၏။ ဥပစာအရပ်ကဆူးညှောင့်ကာရာ၏။ ဟံခါးကိုလည်း အပေါက်မျှဖေါက်ရာ၏။ လင်ဖြစ်သူကို ထားလမ်းလျက် ဝင်စေရာ၏။ ဝင်လျှင်သံမယ်နှဖြင့် တံခါး‌ဝ အတွင်းကဆည်း၍နှက်ရာ၏။ လင် ဖြစ် သူ ကို ဆိုစေရမည်ကား၊ ယနေ့ကစ၍မချောက်မလန့်လာနှင့်၊ ငါသည် ရှင် ကွာ မကွာရ သေကွာ ကွာရသောကြောင့်၊ သင်၏ အ ဝတ် အ စား မ ကြွင်း သင်၏သားလည်းသင်မှာပါလေပြီ။ ယနေ့မှစ၍ မချောက်ခြိမ်း ပါနှင့်၊မတောင်းရန်းလာနှင့် ဆိုစေပြီးမှပြန်၍မကြည့်ဘဲ ထားကို ထမ်း၍သွားစေအပ်၏။ ခြေမှာလက်မှာတဖက်ငါးချောင်းစီ အပ်ကိုထည့်. မီးမတင်ခင် ဆွေမျိုးညာတိများကိုပြန်စေ၊ အနားလေး ထောင့်ကိုမယ်နှနှက်၊ အကူ မခံကောင်း။ ဆွမ်း မကျွေးကောင်း။ သင်းချိုင်းမှာ အစိမ်းလှူရာ၏။ ဆွမ်းကျွေးလိုသော်၊ ဇ ရပ် တံ ဆောင်း ကျောင်းကန်မှာ ကျွေး လေ။ ရက် လည် သော် ၎င်း၊ လကူးသော်၎င်း၊ သဒ္ဓါဆွမ်းအမှတ်ဖြင့် ကျွေးရာ၏။ သေသော အိမ်မှာမကျွေးကောင်း။ ကျွေးလျှင် အိမ်ရှင်ဘေးထိအံ့။ အိမ်၏ ဝဲရာအိမ်ရှေ့၌ မဏ္ဍပ်ပြု၍ကျွေးရာ၏။ ။အမိ အဘ သားသမီး သေသော်၊ အိမ်ရှေ့၌ခုံ မြင်းဘောင် မလုပ်ကောင်း။ ဥစ္စာပျက် တတ်၏။ အသက်တိုတတ်သည်။ ။ကပ် ခတင် ညောင် စောင်း ပေါ်၌လူသေမူ။ ထိုကပ်ခတင်ညောင်စောင်းကို မသုံးစွဲကောင်း။ ဆယ်နှစ်မပြည့်မီသေသူကို မီးမသင်္ဂြိုဟ်ကောင်း။ ဆွမ်းမကျွေး ကောင်း။ စာမဟောကောင်း။ အိမ်ရှင်ပျက်စီးတတ်၏။ ရွာသုံး တတ်၏။ အ နာ များ တတ် ၏။ ဘီးလူသားရဲ ရဲတတ်၏။ ။ ပက်ရှူးနာနှင့်သေသူ၊ ညှောင့်စူး၍သေသူ၊ ဖေါရောင်၍သေသူ၊ မီးမသင်္ဂြိုဟ်ကောင်း။ ဆွမ်းမကျွေးကောင်း။ ဆွမ်း စိမ်း လှူ ရာ ၏။ ။အိုးသီးအိမ်သီး နေသောသူသေမူ။ အမိအဘသားချင်း များ သဘောမတူလျှင် မိဘ အိမ်သို့ မတင်ကောင်း၊ မိဘပျက် စီးတတ်၏။ မိဘအိမ်မှာသေသော်၊ ပြင်သို့ထုတ်ရာ၏။ ခေါင်းတိုင်

မြေရောက် အိမ်ဖြစ်မှုကား၊ အိမ်မတွင်ထားအပ်၏။ ။ရွာအရှေ့ တဲအုံနှင့် နေသူသေအံ့။ ရွာဥပစာလွတ်ရာမှာထားရာ၏။ အရှေ့မြောက်ထောင့်က ဖေါက်၍ချရသည်။

ရွာမြောက်က နေသူသေအံ့။ အနောက်မြောက်ထောင့် က ထုတ်။

ရွာတောင်ကနေသူသေအံ့။ အနေ့ာတောင်ထောင့်က ထုတ်။

ရွာအနောက်က နေသူသေအံ့။ အနောက် မြောက်သောင့်က ထုတ်။

ဂါလနာ ကျောက်ပေါက်နာစသောကူးနာဖြင့်သေမှု ညှဉ့်မသိပ်ကောင်း။အသေအပျောက်များတတ်၏။

မိုးဖွါးပြီးမှသေ၍ အချင်းမကျသော်၊ ညှဉ့် မသိပ်ကောင်း။ ဆွမ်းမကျွေးကောင်း။ အကူမခံကောင်း။ ညှဉ့်သိပ်ခြင်း။ ဆွမ်းကျွေးခြင်း။ အကူခံခြင်း ပြုချေမူ။ မိဘဆွေမျိုးများ အသက်မရှည်ရာ။ ။ပြာသာဒ်တလား ကစားရာ၌ ရွာကိုလှန်၍ မကစားကောင်း။ ရွာကို မတိုးဝေ့ စေကောင်း။ မြောက်မှာ ငင်း တောင်မှာငင်း။ သင်းချိုင်း ရှိသော် ရွာအရှေ့ကိုဖြတ်၍ မသာမချကောင်း။ ။မသာရှိခိုက် လူများ၏ ပေါင်းကွပ် ကုလားတက်ကြိုးသော်၊ အိမ်ရှင်ကိုငင်း။ ရွာ ကို ငင်း ခိုက်ဟတတ်၏။ ။အလောင်းကို တင်းတိန်ကာရာ ဘင်းတိန်ခေါင်းကို အတွင်းပြုရာ၏။ အဖြူသက်သက်ကိုသာကာရာ၏။ အ ပြောက် အနီအမည်းတို့ကိုကာရာ၏။

ခြေမကြိုး လက်မကြိုး ချည်ပြီးမှငင်း။ အလောင်းကို ဂြိုင်ပြီးမှငင်း။ အလောင်းကို မလှုပ်ရှားစေအပ်၊ မပြောင်းမရွှေ့အပ်ကျန်ရစ်သောအမျိုးတို့ပျက်စီးတတ်ကုန်၏။

အရှေ့မြောက်စွန်းအိမ်မှာ အရှေ့တောင်ထောင့်က လှေခါးရှိအံ့။ အနောက်တောင်ထောင့်က စဖိုရှိအံ့။ ထိုအိမ်၌လူသေမူ လှေခါးဟောင်းက မတက်မဆင်းစေရ တလားလည်း မတင်

စေရ စဖိုအရှေ့ထရံကို အရှေ့သို့ရှေ့၊ တံခါးဟောင်းကို ပိတ်၊ လှေခါးသစ် တံခါးသစ်ကို လှေခါးသစ်ကို အ သုံး ပြုရသည်။ အကူလာသူတို့ကို တက်စေ သက်စေရာ၏။ အလောင်း ချပြီးမှ လှေခါးသစ်ကိုပယ် တံခါးသစ်ကိုပိတ် အဟောင်းက တက်စေ သက်စေပြု၊ ထိုသို့မပြုသော် ပျက်စီးတတ်၏။ ။ရူးမျိုးရှစ်ပါး တွင်တပါးပါးဖြင့် သေသူကို မီးမသင်္ဂြိုဟ်ကောင်း။ အကူမခံကောင်း။ ဆွမ်း မ ကျွေး ကောင်း။ ဆွေ ခု နစ် ဆက် ပျက် စီး တတ်၏။

ခွေးရူးကိုက် မြွေကိုက်၍ သေသူကို တံစက်မသစ်အပ်။ ရေလုံ မချိုးအပ်။ ခွေးရူးပြန်၍ သေသူကို မီးမသင်္ဂြိုဟ်ကောင်း။ ဆွမ်း မကျွေးကောင်း။ အကူမခံကောင်း။ ဆွေ ခု နစ် ဆက် ပျက်ရာ ၏။ ။အရှေ့ကျောင်းဦးမှာ လူမသေစေအပ်။ အ နောက် ခန်း မှာသာ အသက်ကုန်စေရာ၏။ ၎င်းကျောင်းဦးမှာ ကျောင်းရှင် တပါးကိုသာ အသက်ကုန်စေရာ၏။ အခြားသူသေမူ။ ကျောင်း ဒါယိကာ ကျောင်းဒါယိကာမ ကျောင်း ရှင်တို့ ပျက် စီး တတ် ကုန်၏။ ။အလောင်းရှိခိုက် အိမ်ကိုမီးလောင်မူ ကူညီ၍သတ် ရာ၏။ မီးငြိမ်းလျှင်ငြိမ်းခြင်း အလောင်းကို ချရာ၏။ မချသော်၊ ရွာကိုခိုက်တတ်၏။

သေသူအိမ်၌ရန်ဖြစ်မူ၊ သတ်ပုတ်မူ ရွာပူဆာတတ်၏။ မွန်း တိမတ်မတ်အချိန်မှာ အလောင်းမချကောင်း။ ရွာပြည်ကို ခိုက် တတ်သည်။

အိမ်ကိုခြေကန်၍ သေသောအိမ်ကား မနေကောင်း။အသက် ကုန်ခါနီး၌ နံပါး၌ရှိသောဖျင်အင်္ကျီတို့ကိုမလိပ်ကောင်း။

သင်္ကြံကျသောနေ့ အကြတ်နေ့ အ တက် နေ့ လ ကွယ် နေ့ သေသောသူတို့ကို ညဥ့်မသိပ်ကောင်း ဆွေ ခုနစ်ဆက် ပြုန်းတီး တတ်၏။ ထိုနေ့၌ပင်သင်္ဂြိုဟ်ရာ၏။ မီးကိုလည်းသတ်ရာ၏။ နေ့ ဆက်၍ အကူမခံကောင်း။ ဆွမ်းမကျွေးကောင်း။ ထို နေ့ ဆွမ်း စိမ်းလှူရာ၏။ ပြုမိချေသော် အသက်တိုရာ၏။ ဥစ္စာ ပျက် ရာ ၏။

ဆွေ ခု နစ် ဆက် ပျက် ရာ ၏။ အလောင်းမကျဒိက္ခမူကား အပြစ်မရှိ။ ။တရွာတည်း၌တနေ့တည်း နှစ်ယောက်သေမူ နောက်သေသူကိုရှေးဦးချရာ၏။အတူယှဉ်၍ပင်လည်းသင်္ဂြိုဟ်အပ်၏။ ။တပြိုင်တည်းသေမူ။ နာတာရှည်နှင့် သေသူကို ရှေးဦးချစေရာ၏။ ညဦးမိုဃ်းသေခံသေမူ မိုဃ်းသောက်မှသေသူကို ရှေးဦးချရာ၏။

မိုဃ်းကြိုးပစ်၍ သေသည်ရှိသော်၊ ဝက် စ ကျင်း တွင် တင်၊ သုံးကြိမ်လှုပ်၊ ကျမှရေချိုးပြီးမှ ခြေ မ ကြိုး လက် မ ကြိုး နှောင်၊ အရပ်ကိုတိုင်း တွင်းတူးစေ။ အရှေ့တောင်ထောင့်သို့ မျက်နှာပြု၊ မတ်တတ်မြှုပ်၊ဆံ ကို ကား ရား ထား၊ လက်လေးသစ် ပေါ်စေ-သီတင်းသုံးသူတော်တို့ကို အခပေး၍ ထွန်သွား ခုနစ်ချောင်းနှင့် မိုဃ်းကောင်းစေ ချောင်းသာစေဟုဆို၍ ရှေ့ပြန်နောက်ပြန် ခုနစ်ခါချစ်စေ ငါး၍မရမူ အဆွေအမျိုးများ ကိုယ်တိုင် ပြုရာ၏။ မပြုချေသော်၊ ဆွေခုနစ်ဆက်ပျက်တတ်၏။ ဆွမ်းမကျွေးရ၊ သရဏဂုံမတင်ရ။ ဆွမ်းစိမ်းတိုနေ့တွင်လှူရာ၏။ ပစ်ချ၍သေမူ ပစ်ရာ၌မြှုပ်ရာ၏။ အိမ်သို့ရောက်မှ သေမူ ရွာသင်းချိုင်းမှာပင် မြှုပ်ရာ၏။ တူးရှင်း ထွန်ချက်တို့ကို တူးသောသူယူ၊ အမှု သည့် မ ယူကောင်း။ ထွန်ချက်သွားကား ငါး၊ ခုနစ်၊ ကိုး တပ် ထွန် သွား အတိုင်းအခငွေကိုပေးရာ၏။

သစ်ပင်တက်ကကျ၍ လက်ကလော သေမူ မိဘဆွေမျိုးတို့သည် သုံးကြိမ်ကျော်ကုန်ရာ၏။ မ ကျော် ရက် မူ အခြားသူကို ကျော်စေရာ၏။ အိမ်သို့ရောက်၍ မသေသေးမူ ကြမ်း ပြင် ကို မိုးကာ၍ထား၊ ထားရာ၌ သေ မူ သုံး ကြိမ် ကျော်၊ ရေ လုံ မ ချိုးကောင်း။ အကူမခံကောင်း။ ဆွမ်းမကျွေးကောင်း။ ကိုနေ့၌ပင် ဆွမ်းစိမ်းလှူရာ၏။ မသင့်သည်ကိုပြုမိမူ။ ဆွေ ခု နစ် ဆက် ပျက်တတ်၏။ ။လောင်မီးကျ၍ သေသောသူကို မိုဃ်း ကြိုး ကျ ၍ သေသောသူနှင့် အတူသင်္ဂြိုဟ်ရာ၏။ ။စွဲချ၍သေသူကို ရေလုံမချိုးရ အကူမခံရ ခြေမကြိုး လက်မကြိုး မဘွဲ့ရ၊ ဆွမ်းမကျွေးရ ဆွမ်းစိမ်းလှူရာ၏။ သစ်ပင်တက် အ လောင်း တွဲ လဲ ရှိ မူ ကား

တက်၍ဖြတ်စေ၊ ဖျာယိုင်ဆည်းထား နှစ်မ သားချင်း အနားမှာ မနေစေရ၊ ကျသောအခါအသံမကြားစေရ၊ မ ငို ကျွေး စေရ၊ ဖြတ်သောအခါ သုံးချက်ဖြတ် ဖြတ်ပြီးမှ အလောင်း ကိုတိုင်း တွင်းတူးစေ၊ မိုဃ်းကြိုး ကျ၍ သေသူကဲ့သို့ အ ရှေ့ တောင် သို့ မျက်နှာပြုစေ၊ ထွန် ချက်နှင့် ရှေ့ ပြန် နောက် ပြန် ခြစ် စေ မိုဃ်း ကောင်းစေ ချောင်းသာစေဟု ဆိုစေ၊ ကောင်းစွာ မစီရင်သော် ဆွေခုနစ်ဆက် ပျက်ရာ၏။ ။ကျားကိုက်၍ သေသောသူကို ရေ လုံချိုးရာ၏။ အကူမခံရ ဆွမ်း မ ကျွေး ရ၊ အိမ် တက် မှာ စာမ ဟောရ ပျက်စီးတတ်၏။ ။ရေနစ်၍သေသူကိုရေနှင့် မြေရော၍ လိမ်းကျံအပ်၏။ အကူမခံရ ဆွမ်း မ ကျွေး ရ ရက် လည် ပြီး မှ သော်၎င်း၊ လကူးမှသော်၎င်း။ ဆွမ်းကျွေးရ၏ ဆောဆောလျှင် လျှင် မကျွေးရ။ ။သေ၍ မီး သင်္ဂြိုဟ် ဘို့ လောင် တိုက် ပြုလုပ် ထား၏၊ တယောက်ထပ်၍သေပြန်မူ နောက်သေသူကို အလျှင် ချ၍ အခြားမီးသင်္ဂြိုဟ်ရာ၏၊ ရှေး ပြု လုပ် ထား သော လောင် တိုက်နှင့်သင်္ဂြိုဟ်လျှင်ရွာကိုခိုက်တတ်၏။ မီး ကို လည်း အ ကျွင်း မထားသတ်ပြီးမှ နောက်ထပ်အရင်သူကိုသင်္ဂြိုဟ်ရာ၏။

ရွာအရှေ့ရှိသော အိမ်မှာ အနောက်ကဇင်း။ မြောက် ကဇင်း ကြမ်းပြင်ရှိအံ့ အနောက်လှေခါးဦး မြောက်လှေခါးဦးပြုအံ့၊ မြေ ပါခေါင်ရောက်ဖြစ်မူ လှေခါးသို့ အလောင်းမချအပ်။ အိမ်ရှင် အသက်မရှည်ပျက်စီးတတ်၏။

ယောက္ခမများအိမ်၏မြောက် သ မက် ၏ အိမ်သည် တောင် သို့ကြမ်းပြင်ပြုအံ့။ ထိုအိမ်၌ သမက်၎င်း။ သို့း၎င်း။ မြေး၎င်းသေ မူ စဖိုအရှေ့ထရံကို အနောက်သို့ရွှေ့ အနောက်တောင်သို့ တိမ်း ၍ချရာ၏၊ မချလျှင်မကောင်း။

အလောင်းချ၍ ရွာဥပစာ မလွန်မီ တယောက် သေပြန်အံ့ နောက်သေကိုအလျှင်ချရာ၏။ အလျှင်သေကိုကား ရောက်ရာမှာ ဆိုင်းထားအပ်၏။ အိမ်သို့ပြန်၍ မတင်ကောင်း။ ရွာဥပစာလွန် မှ ပကတိချရိုးအတိုင်း ချရာ၏။

ယောက္ခမအိမ်၌သမက်ဝင်း၊ ချွေးမဝင်းသေအံ့၊ အဆွေအမျိုး ခွင့်ပြုသော်ပျဉ်တင်အပ်၏၊ ခွင့်မပြုသော်မတင်ရ။

အစ်ကိုအိမ်၌ ညီသေမူ ညီအိမ်၌အစ်ကိုသေမူ ပျဉ်မတင်ရ ညီမ အစ်မစသည်တို့၌လည်းနည်းတူ။

ခေါင်တိုင် မြေရောက်အိမ်၌ အိမ်ရှင်သေသော်၊ အရှေ့ထုပ် သီးမြင့်မိုရ်ကဲလားကိုဖွင့်၍ မထုတ်ချအပ်။ သား သ္မီး မ ကောင်း ဖြစ်တတ်၏၊ အိမ်ခန်းအတိုင်းထုတ်ချရာ၏။

မြောက် အရပ်က အိမ်သည် တောင်မှာ ကြပ်း ပျဉ် ရှိ အံ့။ တောင်ကရွာရှိအံ့။ ။ထိုအိမ်၌သေမူ တောင်တည့်တည့်ပြု၍ မချ ရာတိမ်းပါး၍ချရာ၏။ ။တောင် ကအိမ် မြောက် က ရွာ အ ရှေ့ ကအိမ်။ အနောက်ကရွာ အနောက်ကအိမ်။ အ ရှေ့ က ရွာ ရှိ ရာ တို့၌လည်း ဝင်းနည်းတူ။

ကျောက် ဝက် သက် ပေါက် ၍ သေ မူ။ မီးမသဂြိုဟ်အပ်။ ဆွမ်းမကျွေးအပ်။ ထိုနေ့၌ပင် ဆွမ်းစိမ်းလှူ ညဥ့်မသိပ်အပ်၊ ကူး နာရင်နာဖြစ်တတ်၏။ အသေအပျောက် များတတ်၏။ ဝက်ချုပ် ဝက်ချေး အနာမီး အနာလုံ့ အနာပဆုပ် အသွာနာတို့နှင့် သေ သောသူသည်လည်း ဤဆိုခဲ့ပြီးသောနည်းသာလျှင်နည်းရှိ၏။

ကာလနာနှင့် သေသူကို မီးမသဂြိုဟ်ကောင်း။ ထိုနေ့ဆွမ်း စိမ်းလှူရာ၏။ မီးမသဂြိုဟ်ရ။ မြေနှံရာသူဟူသမျှ ဆွမ်းစိမ်းသာ လှူရာ၏။

မြင်းပေါင်ခုံတလားတို့ကိုလုပ်ပြီးမှ မသင့်တင့်သေးဟု မပြင် ကောင်း။ ဝေးသည်ဟု မပြောင်းရွှေ့ကောင်း။ ရွာဥပစာ၌မလုပ် ကောင်း။ ဥပစာအတွင်းသို့မသွင်းကောင်း။

အလောင်းကိုပြင်ဆင်ပြီးမှ မသင့်သေးဟု မပြောင်းကောင်း။ မိဘဆွေမျိုးများပျက်စီးတတ်ကုန်၏။

ဆယ်နှစ်မပြည့်ဘဲ ညဉ်းသေသော် ညဥ့်မသိပ် ကောင်း။ မီး မသဂြိုဟ်ကောင်း။ စာမဟောကောင်း။ ဆွမ်း မကျွေး ကောင်း။

တအိမ်တည်း၌ နှစ်ယောက် သုံးယောက်သေမူ နောက်သေကိုအလျင်ချ၊ ဤသို့မပြုသော်၊ အဆွေအမျိုးတို့ အသက်တိုရာ၏။ ပျက်စီးကုန်၏။

တအိမ်တည်း၌ တယောက်သေ၍ အကူခံပြီးမှ တယောက်သေပြန်မူ အကူမခံအပ်။ တယောက်တနေ့သေသော်၊ရက်ခြား၍ အကူခံကောင်း၏။

တရွာတည်း၌ တယောက်သေ၍ ရွာဝတ်ခံပြီးမှ တယောက်သေပြန်အံ့

ရွာဝတ်ကိုမခံရာ၊ ခံပြီးကို ဥစ္စာရှင်များပြန်၍ မယူကောင်း။ လူသေ၍ ရွာဝတ်ခံရာ အိပ်မစေ့မီ အလောင်းချ၍ သင်းချိုင်းသို့ရောက်ပြီးမှ ကျန်သော အလှူ ဝတ္ထုကို ပြန်၍ မယူကောင်း။ ခံလည်းမခံကောင်းရွာနာတတ်၏။

တယောက်စီးပြီးသော တလားကို တ ယောက် စီး ပြန် လိုသော်ရွာတွင်းသို့သွင်း၍ မစီးကောင်း။ တရွာတပြည်ဖြစ်မူကားရွာတွင်းသို့သွင်းကောင်း၏။

အလောင်းကိုချအံ့ဟု ကြေးဆန်လက်ဖက် စသည်ဘို့ကို အိမ်ဟက်ကချပြီးမှ အလောင်း မချသေးဟု ပြန်၍ မတင် ကောင်း။ အလောင်းမြေသို့မရောက်မီ အလှူဝတ္ထုကိုယူ၍ မသွားကောင်း။ သွားမိသော်မပြန်အပ်။ ရောက်ရာ၌နေစေအပ်၏။

တရွာသားတရွာမှာသေအံ့။ ရွာ ရှင် မိ ဘ ဆွေမျိုးတို့သည် အသက် ရှင်စဉ်က ထင်းမီး ကြေး သံစသည်တို့ကို ခြားနား၍ ထားရာ၏။

အမှတ်မထင်သော အရပ်၌သေမူ သေရာအရပ်၌ထားရာ၏။

အိမ်ထက်မတင်ရာ ဆွေ ခု နှစ် ဆက် ပျက်တတ်၏။ ဆွမ်းလည်း အသက်ပျောက်ရာမှာ ကျွေးအပ်၏။ ။ဖျင်ပုဆိုးစသည်တို့ကိုကူပန့်ပြီးမှ မသင့်တင့်ဟု မလဲပြောင်းကောင်း။ သူသေအိမ်သို့ရောက်ပြီးကို တအိမ်သို့ မတင်ကောင်း ကြမ်း စွန် နံ ရံ မှာ မထားကောင်း။

ကျိုကြဘဏ္ဍာအိမ်၌သေသော်၊ ရွာဥပစာလွတ်အောင်ထုတ်၍ချရာ၏။ ပြင်၌သေသောသူကိုလည်း ဤနည်းတူချရာ၏။

အနိုင်းအစေသေမူ အရှင်အိမ်လွတ်အောင် ထုတ်၍ချရာ၏။

သမင်ရက်နာစသော နူနာဖြင့်သေသူကိုမီးမသင်္ဂြိုဟ်ကောင်း၊ မီးခိုး သင့်တိုင်း ကူးတတ်၏၊ ဆွေမျိုးကိုလည်း ကူးတတ်၏၊ ဆွမ်းမကျွေးရ၊ လကူးမှ ဆွမ်းကျွေးရ၏။ ထိုနေ့ ဆွမ်းစိမ်းလှူကောင်း၏။

ဘဏ္ဍာအိမ် ကျိုကြအိမ်တို့ကို အလောင်းချရာ တိုက်ခိုက်မိအံ့၊ အိမ်ကို ပုတ်ပြတ်လျော်စေအပ်၏။ ထိုအိမ်ကို မကြာမီ ဖျက်အပ်၏။ ကျောင်းကန်ဇရပ် တန်ဆောင်းပြုရာ၏။ ကျိုကြဘဏ္ဍာအိမ် မပြုကောင်း၊ သစ်ဝါး အစအနကိုမျှ- မကျော်နင်း ကောင်း၊ ကြီးစွာ ထိခိုက်တတ်၏။

မုဏ္ဍ၊ ပရင်ဂျီနာနှင့်သေသောသူ၊ လက်ခြေပြတ်၍ သေသောသူ၊ နှုတ်ခမ်းပြတ်၍ သေသောသူ၊ မုဏ္ဍခွဲ၍သေသောသူ၊ ဖောရောင်၍ သေသောသူ၊ ကစိပတ်နာနှင့် သေသောသူတို့ကို မီးမသင်္ဂြိုဟ်ကောင်း၊ ပျက်စီးတတ်၏။ မီးခိုးသင့်တိုင်း ကူးပြန့်တတ်၏။ ဆွေ ခု နှစ် ဆက် ကူး တတ် ၏။ ဆွမ်းမကျွေးအပ်၊ ထိုနေ့ ဆွမ်းစိမ်းလှူရာ၏။


လတ်တလောသေသူ၊ အသောက်အစားကြူး၍ သေသူတို့ကို အစိမ်းသေဖြစ်၍ မီးမသင်္ဂြိုဟ်အပ်၊ ဆွမ်းမကျွေးအပ်။ ဆွမ်းစိမ်းလှူရာ၏၊ ရက်ဆက်အကူမခံအပ်။

အဆွေမတော်သူ ကပ်ရပ်၍ သေလာမူကား အိမ်၌မထားအပ်၊ ကြမ်းပြင်၌မထားအပ်၊ လှေခါးအသစ်ပြုရာ၏။ အကူလာသမျှကို လှေခါးသစ်က တက်စေ-ဆင်းစေရာ၏။ ကြေးသံပဆိုးတို့ကို အိမ်သို့မပါစေအပ်၊ အိမ်သက်ငယ်နှင့် မျက်နှာမသစ်အပ်။

တောအုံ- ချုံနွားသေသူကို ရွာတွင်းက မီးယူ၍ မသင်္ဂြိုဟ်အပ်၊ ပွတ်မီးကိုသာ အသုံးပြုရာ၏။ မီး သင်္ဂြိုဟ် သော မီး ကို လူများ မသုံးစွဲကောင်း၊ မီးလောင်စဖြစ်သော ထင်းတုံးသည် ထင်းကုလားတုံးမည်၏။ ၎င်းထင်းကို မသုံးစွဲကောင်း၊ အပြစ်မလွတ်။

ဤဒုမင်္ဂလာအခန်းကို အသုံးပြုရာ၊ ထုတ်နုတ်၍ သင့်လျော်ရုံမျှ ပြလိုက်ပေသည်။အကျယ်ကိုအလိုရှိမူ-**လောကသမုတိကျမ်းမှာ** ကြည့်ရှုတော်မူကြကုန်။

သုတသန္တိစာယာမူကျယ်ကျမ်း ပြီး၏။



# ဒေဝဒူတသုတ်

## (၁၇၉) ဒေဝဒူတသုတ်၏ အကြောင်းအရာ

သမ္ဗုဒ္ဓေနစေတံ သုတ္တံ အဝိဇဟိတမေဝ ဟောတိ။ ။ဟူသော ဥပရိပဏ္ဏာသ အဋ္ဌကထာနှင့်အညီ၊ ဤဒေဝဒူတသုတ်ကို ခပ်သိမ်းသော ဘုရားဟူသမျှ၊ ပြ သ ဟော ကြား အပ် သည့် သာ ဖြစ်၏။ ၎င်းဒေဝဒူတသုတ်ကို၊ သံဝေဂဝတ္ထုဒီပနီ စသောကျမ်းတို့၌ ရှေးရှေးသော ပညာရှင် အပေါင်းတို့သည်၊ ကောင်းစွာ ထုတ်ပြအပ်ကုန်၏။ ယင်းသို့ ထုတ်ပြအပ်ကုန်သော်လည်း ဘုရား ဟောတော်မူတိုင်း မကြွင်းမကျန် ထုတ် ပြ အပ် သည် မ ဟုတ်၊ သို့ဖြစ်၍ ဘုရားဟောတော်မူတိုင်း ကြားနာခံစလိုသောသဘော ဆန္ဒကြောင့်၊ ဘုရားဟောစကားကို အကြွင်းမထားဘဲ အများသော လူပြိန်းတို့ နားလည်ရန် မြန်မာသက်သက် ပြန်ဆိုထုတ်ပြပေအံ့။

---

## (၁၈၀) ဥပရိပဏ္ဏာသပါဠိတော် ဒေဝဒူတသုတ်-နိဒါန်းကိုပြခြင်း

အရှင်မဟာကဿပ၊ အကျွန်ုပ်အာနန္ဒာသည်၊ ဤဒေဝဒူတ သုတ်ကို ဤသို့ ကြားနာ သိမှတ်လိုက်ဘူးပေ၏။ အခါတပါး

ဘုရားရှင်ကိုယ်တော်မြတ်သည်၊ သာဝတ္ထိပြည်၊ အနာထပိဏ်သူဌေးကျော်၏ မွေ့လျော်ဘွယ် အထွေထွေ၊ ဇေတဝန်မည်သော ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူသတည်း။ ထိုအခါ ဘုရားရှင်သည်၊ ရဟန်းအပေါင်းကို ချစ်သားများဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည်၊ အရှင်ဘုရား အသို့နည်းဟု ဘုရားရှင်အား နားတော်လျှောက်ပေကုန်၏။ ဘုရားရှင်သည် ဤသေယျထာပိစသောစကားကို မြွက်ကြားလှစ်ဖေါ် မိန့်တော်မူဘူးလေပြီ၊ အဘယ်သို့ မိန့်တော်မူဘူးသနည်းဟူမူကား ချစ်သားတို့ ဥပမာ-ထင်စွာပြမူကား၊ ကောင်းသောအိမ်တလုံး မကောင်းသော အိမ်တလုံးအားဖြင့် အိမ်နှစ်လုံးတို့သည် ရှိကြကုန်၏။ ထိုအိမ်တို့၏အလယ်၌ တည်သောမျက်စိ အမြင်ရှိသော ယောကျ်ားသည် အိမ်သို့ဝင်ကုန် ထွက်ကုန် လှည့်လည်ကုန်သော လူအပေါင်တို့ကိုမြင်သကဲ့သို့၊ ထိုအတူသာလျှင် ချစ်သားတို့ ငါဘုရားသည် အထူးစင်ကြယ်သော လူတို့၏ပကတိမျက်စိကို လွန်သော၊ နတ်တို့၏ မျက်စိနှင့် တူသော ဒိဗ္ဗစက္ခု၊ မျက်စိတော်ဖြင့် စုတေ သေလွန်ကုန်၊ ပဋိသန္ဓေယူကုန်၊ ယုတ်ကုန်၊ မြတ်ကုန်၊ အဆင်းလှကုန်၊ အဆင်းမလှကုန်၊ကောင်းသောအလားရှိ၊ မကောင်းသောအလားရှိကုန်သော သတ္တဝါတို့ကိုမြင်တော်မူ၏။ ကောင်းမှု, မကောင်းမှု ကံအားလျော်စွာ ကပ်ရောက်တတ်ကုန်သော သတ္တဝါတို့ကို အပြားအားဖြင့် သိတော်မူ၏။

---

## (၁၈၁) ဒေဝဂါထာကိုပြခြင်း

အို-အချင်းတို့။ ဤသတ္တဝါဘို့သည် သုံးပါးသော ကာယသုစရိုက်နှင့် ပြည့်စုံကုန်စွ၊ လေးပါးသော ဝစီသုစရိုက်နှင့် ပြည့်စုံကုန်စွ၊သုံးပါးသော မနောသုစရိုက်နှင့် ပြည့်စုံကုန်စွ၊ အရိယာ

သူတော် ကောင်းတို့ကို မစွပ်စွဲတတ်ကုန်။ သမ္မာဒိဋ္ဌိနှင့် ပြည့်စုံကုန်၏။ သမ္မာဒိဋ္ဌိကံကိုဆောက်တည်ကုန်၏။ ထိုသုစရိုက်ဆယ်ပါးနှင့် ပြည့်စုံကုန်သော သတ္တဝါတို့သည်၊ ကာယပျက်ကြွေ၊ သေသည်မှနောက်ကာလ၌၊ ကောင်းသော အလားရှိသောနတ်ပြည်သို့ရောက်ကုန်၏။

---

## (၁၈၂) မနုဿဂတိကိုပြခြင်း

အို-အချင်းတို့ ဤသတ္တဝါ တို့သည် မူလည်း သုံးပါးသော ကာယသုစရိုက်နှင့်ပြည့်စုံကုန်စွ၊ လေးပါးသော ဝစီသုစရိုက်နှင့် ပြည့်စုံကုန်စွ၊ သုံးပါးသော မနောသုစရိုက်နှင့် ပြည့်စုံကုန်စွ၊ အရိယာသူတော်ကောင်းတို့ကို မစွပ်စွဲ တတ်ကုန်။ သမ္မာဒိဋ္ဌိနှင့် ပြည့်စုံကုန်၏။ သမ္မာဒိဋ္ဌိကံကို ဆောက်တည်ကုန်၏။ ထိုသုစရိုက်ဆယ်ပါးနှင့် ပြည့်စုံကုန်သော သတ္တဝါ တို့သည် ကာယပျက်ကြွေသေသည်မှနောက်ကာလ၌ လူတို့၌ဖြစ်ကုန်၏။

---

## (၁၈၃) ပေတဂတိကိုပြခြင်း

အို-အချင်းတို့ ဤသတ္တဝါတို့သည် စင်စစ်သဖြင့် သုံးပါးသော ကာယဒုစရိုက်နှင့် ပြည့်စုံကုန်၏။ လေးပါးသော ဝစီဒုစရိုက်နှင့်ပြည့်စုံကုန်၏။ သုံးပါးသော မနော ဒုစရိုက်နှင့်ပြည့်စုံကုန်၏။ အရိယာသူတော်ကောင်းတို့ကို စွပ်စွဲဆဲရေး တတ်ကုန်၏။ မိစ္ဆာဒိဋ္ဌိ အယူရှိကုန်၏။ မိစ္ဆာဒိဋ္ဌိကံကို ဆောက်တည်ကုန်၏။ ထိုဒုစရိုက်ဆယ်ပါးနှင့် ပြည့်စုံကုန်သော သတ္တဝါတို့သည် ကိုယ်၏ ပျက်ကြွေသေသည်မှ နောက်ကာလ၌ ပြိတ္တာဘုံသို့ရောက်ကုန်၏။

## (၁၈၄) တိရစ္ဆာနဂတိကိုပြခြင်း

အို-အချင်းတို့ ဤသတ္တဝါတို့သည် ပူလည်း သုံးပါးသော ကာယဒုစရိုက်နှင့်ပြည့်စုံကုန်၏။ လေးပါးသော ဝစီဒုစရိုက်နှင့် ပြည့်စုံကုန်၏။ သုံးပါးသော မနော ဒုစရိုက်နှင့် ပြည့်စုံကုန်၏။ အရိယာ သူတော်ကောင်းတို့ကို စွပ်စွဲ ဆဲရေး တတ်ကုန်၏။ မိစ္ဆာအယူရှိကုန်၏။ မိစ္ဆာဒိဋ္ဌိကံကို ဆောက်တည်ကုန်၏။ ॥ ထို ဒုစရိုက်ဆယ်ပါး လိုက်စားပြုကျင့် ကုန်သော သတ္တဝါတို့ သည် ကိုယ်၏ ပျက်ကြွေသေသည်မှနောက်ကာလ၌ တိရစ္ဆာန် ဘုံသို့ရောက်ရကုန်၏။

---

## (၁၈၅) နိရယ ဂတိကိုပြခြင်း

အို-အချင်းတို့ ဤသတ္တဝါ တို့သည်ကား။ စင်စစ်အားဖြင့် သုံးပါးသော ကာယ ဒုစရိုက်နှင့် ပြည့်စုံကုန်၏။ လေးပါးသော ဝစီဒုစရိုက်နှင့် ပြည့်စုံကုန်၏။ သုံးပါးသော မနော ဒုစရိုက်နှင့် ပြည့်စုံကုန်၏။ အရိယာ သူတော်ကောင်းတို့ကို စွပ်စွဲဆဲရေး တတ်ကုန်၏။ မှားသောအယူရှိကုန်၏။ မှားသောအယူရှိသော ကံကို ဆောက်တည်ကုန်၏။ ထိုဒုစရိုက်ဆယ်ခု ပြုကျင့်မိုက်မှား ကုန်သော သတ္တဝါတို့သည် ကိုယ်၏ ပျက်ကြွေ သေသည် မှ နောက်ကာလ၌ ချမ်းသာ ကင်းသော မကောင်းသော အလား ရှိသော ရွှတ်ယွင်း၍ ကျရာဖြစ်သော နရက်သို့ ရောက်ကြကုန် ၏။

## (၁၈၆) ယမမင်း၏စစ်တမ်း ၅-ချက်

### ပဌမ ဒေဝဒူတကိုပြခြင်း (၁)

ချစ်သားတို့ ငရဲထိန်းတို့သည် ထိုငရဲသို့ရောက် လာသော သူ၏ မောင်းနှစ်ဘက်တို့ကိုကိုင်ကုန်၍ ယမမင်းအားပြကြကုန်၏။ချစ်သားတို့ ထိုသူကို ယမမင်းသည် ရှေးဦးစွာသော နတ်တမန်ကို စိစစ်မေးမြန်းလေ၏။ အချင်းယောကျာ်း သင်သည် လူပြည်တို့၌ ရှေးဦးစွာသော နတ်တမန်ထင်ရှားသည်ကိုမမြင်ဘူးပါလောဟု မေးမြန်း၏။ ထိုအစစ်ခံသောသူသည် အရှင်မင်းကြီး အကျွန်ုပ်မမြင်ဘူးပါ။ ဤသို့လျှောက်ထား၏။ ချစ်သားတို့ ထိုသူကိုယမမင်းသည် ဤသို့ဆိုပေ၏။ အချင်းယောကျာ်း သင်သည်လူတို့တွင် ငယ်ငယ်ရွယ်ရွယ်ဖြစ်သော အကျိုးအပြစ်မသိသေးသော မိမိ၏ ကျင်ကြီး ကျင်ငယ်၌ နစ်လျက် အိပ်သော သူငယ်ကို မမြင်ခဲ့ဘူးပါလောဟု ဆို၏။ ထိုအစစ်ခံသော သူသည် အရှင်မင်းကြီး ဤသူငယ်ကို မြင်ဘူးပါ၏ဟုလျှောက်ထား၏။ ချစ်သားတို့ ထိုသူကို ယမမင်းသည် ဤသို့ဆိုပေ၏။ အချင်းယောကျာ်း သိကြား လိမ္မာသော သတိနှင့်ပြည့်စုံသော ကြီးမားသော ထိုသင်ယောကျာ်းအား ငါသည်လည်း ဇာတိသဘောရှိသည် ပဋိသန္ဓေနေရခြင်းကိုမလွန်နိုင်။ ငါသည် ယခု ကိုယ်ဖြင့်၎င်း၊နှုတ်ဖြင့်၎င်းစိတ်ဖြင့်၎င်း ကောင်းမှုပြုအံ့။ ဤသို့သောအကြံမဖြစ်ပါလောဟု ဆိုပေ၏။ ထိုအစစ်ခံသောသူသည် အရှင်မင်းကြီးမစွမ်းနိုင်ခဲ့ အရှင်မင်းကြီး မေ့လျော့ခဲ့ပေ၏ ဟု လျှောက်ထား၏။

ထိုသူကို ယမမင်းသည် ဤသို့ဆိုပေ၏။ အချင်းယောကျာ်း မေ့လျော့သည်၏ အဖြစ်ကြောင့် ကိုယ်နှုတ်စိတ်ဖြင့် ကောင်းမှုကံကိုသင်မပြုခဲ့၊ အချင်းယောကျာ်း အကြင်အခြင်းဖြင့် ထိုမေ့လျော့ခြင်းဖြစ်၏။ ထိုအခြင်းဖြင့်သင့်ကိုပြုကြကုန်လတ္တံ့၊ ထိုသို့

ပြုခြင်းသည် အဘယ့်ကြောင့်နည်းဟူမူကား။ ထိုမကောင်းမှုကို သင်၏ မိခင်ပြုအပ်သည်မဟုတ်။ ဘခင်ပြုအပ်သည်မဟုတ်။ ညီရင်းအကိုပြုအပ်သည်မဟုတ်။ နှမပြုအပ်သည်မဟုတ်။ အဆွေခင်ပွန်းတို့ ပြုအပ်သည်မဟုတ်။ ဆွေမျိုးသားချင်းတို့ ပြုအပ်သည်မဟုတ်။ ရဟန်းပုဏ္ဏားတို့ ပြုအပ်သည်မဟုတ်။ နတ်တို့ပြုအပ်သည်မဟုတ်ချေ။ သင်သည်သာ ဤမကောင်းမှုကံကို ပြုအပ်ခဲ့ပြီ။ သင်သည်သာ ထိုမကောင်းမှုကံ၏ အကျိုးကို ခံစားရလတ္တံ့ဟုဆိုပေ၏။

## ပဉ္စမစစ်ကြောပြီးသော်

## (၁၈၇) ဒုတိယ ဒေဝဒူတကိုပြခြင်း (၂)

ချစ်သားတို့ ထိုပဉ္စမ စစ်ကြောပြီးသော သူကို ပဉ္စမဒေဝဒူတကိုမေးစီစစ်ပြီး၍ နှစ်ခုမြောက်သောနတ်တမန်ကို မေးမြန်းစီစစ်လေ၏။ အချင်းယောကျ်ား သင်သည်သူတို့၌ နှစ်ခုမြောက်သောနတ်တမန် ထင်ရှားသည်ကို မမြင်ဘူးပါလောဟု မေးမြန်း၏။

ထိုအစစ်ခံသောသူသည် အရှင်မင်းကြီး အကျွန်ုပ်မမြင်ခဲ့ပါ၊ ဤသို့လျှောက်ထား၏။ ချစ်သားတို့ ထိုသူကို ယမမင်းသည် ဤသို့ဆိုပေ၏။ အချင်းယောကျ်ား သင်သည်လူတို့တွင် အိုမင်းကုန်းကွသောတောင်ဝှေးလျှင် လည်းလျောင်းရာရှိသည်ဖြစ်၍ တိမ်းယိမ်းလျက်သွားသော ဦးခေါင်း ကိုယ်ရှိသောသွားကျိုး ဆံဖြူဦးပြည်းသော ဦးခေါင်း ကွန့်သောအရေ မှည့်ပေါက်ရောက်သောကိုယ်ရှိသော မိန်းမကိုရင်း ယောကျ်ားကိုရင်း မမြင်ခဲ့ဘူးပါလောဟုဆိုပေ၏။ ထိုအစစ်ခံသောသူသည် အရှင်မင်း

တြား ဤသူအိုကို မြင်ဘူးပါ၏ဟု လျှောက်ထား၏။ ချစ်သားတို့ ထိုသူကို ယမမင်းသည် ဤသို့ဆိုပေ၏။ အချင်းယောကျ်ား သိကြား လိမ္မာသောသတိနှင့်ပြည့်စုံသော ကြီးမားသော ထိုသင် ယောကျ်ားအား ငါသည် အိုမင်းသောသဘောရှိ၏။ အိုခြင်းကို မလွန်နိုင်ချေ။ ငါသည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း၊ ကောင်းမှုကို ယခုပြုအံ့။ ဤသို့သောအကြံမဖြစ်ပါလောဟု ဆိုပေ၏။ ထိုအစစ်ခံသောသူသည် အရှင်မင်းတြားမစွမ်းနိုင်ခဲ့၊ အရှင်မင်တြား မေ့လျော့ပေ၏ဟု လျှောက်ထား၏။ ချစ်သားတို့ ထိုသူကို ယမမင်းသည် ဤသို့ဆိုပေ၏။ အချင်းယောကျ်ား မေ့လျော့သည်၏အဖြစ်ကြောင့်၊ ကိုယ်နှုတ်စိတ်ဖြင့် မကောင်းမှုကံကို သင်မပြုခဲ့၊ အချင်းယောကျ်ား အကြင်အခြင်းဖြင့် ထိုမေ့လျော့ခြင်းဖြစ်၏။ ထိုအခြင်းတို့ဖြင့် သင့်ကိုပြုကြကုန်လတ္တံ့၊ ထိုသို့ပြုခြင်းသည် အဘယ့်ကြောင့်နည်းဟူမူကား၊ သင်၏ မိခင်ပြုအပ်သည်မဟုတ်၊ ဘခင်ပြုအပ်သည်မဟုတ်၊ ညီရင်း အစ်ကိုပြုအပ်သည်မဟုတ်၊ နှမ ပြုအပ်သည်မဟုတ်၊ အဆွေ ခင်ပွန်းတို့သည် ပြုအပ်သည်မဟုတ်၊ ဆွေမျိုး သားချင်းတို့သည် ပြုအပ်သည်မဟုတ်၊ ရဟန်းပုဏ္ဏားတို့သည် ပြုအပ်သည်မဟုတ်၊နတ်တို့သည် ပြုအပ်သည်မဟုတ်ချေ။ သင်သည်သာ ဤမကောင်းမှုကို ပြုအပ်ခဲ့ပြီ၊ သင်သည်သာ ထိုမကောင်းမှု ကံ၏အကျိုး ခံစားရလတ္တံ့ဟု ဆိုပေ၏။

---

## (၁၈၈) တတိယ ဒေဝဒူတကိုပြခြင်း (၃)

ချစ်သားတို့ ထိုဒုတိယ စစ်ကြောပြီးသောသူကို ယမမင်းသည် နှစ်ခုမြောက်သော ဒေဝဒူတကို မေးစီစစ်ပြီး၍၊ သုံးခုမြောက်သော နတ်တမန်ကို မေးမြန်း စီစစ်လေ၏။ အို-အချင်း

ယောကျ်ား၊ လူတို့၌ သုံးခုမြောက်သော နတ်တမန်ထင်ရှားသည်ကို သင်မမြင်ခဲ့ပါလောဟု မေးမြန်းစီစစ်လေ၏။

ထိုအစစ်ခံသောသူသည် အရှင်မင်းကြီး၊ အကျွန်ုပ် မမြင်ခဲ့ပါဟုလျှောက်ထား၏။ ချစ်သားတို့ ထိုသူကို ယမမင်းသည် ဤသို့ဆိုပေ၏။ အချင်းယောကျ်ား လူတို့တွင် အနာရှိသော ဆင်းရဲသော ပြင်းစွာနာဖျားသော၊ မိမိ၏ ကျင်ကြီး ကျင်ငယ်၌ မြုပ်နစ်လျက် အိပ်သည်ဖြစ်၍၊ သူတပါးတို့သည် ခံစားအပ်သော မိန်းမဖြစ်သူကိုငှင်း၊ ယောကျ်ားဖြစ်သူကိုငှင်း၊ သင်မမြင်ခဲ့ပါလောဟုဆိုပေ၏။ ထိုအစစ်ခံသောသူသည် အရှင်မင်းကြီး ၊ဤသူနာကိုမြင်ခဲ့ဘူးပေ၏ဟု လျှောက်ထား၏။ ချစ်သားတို့ ထိုသူကို ယမမင်းသည် ဤသို့ဆိုပေ၏။ အချင်းယောကျ်ား သိကြားလိမ္မာသော သတိနှင့် ပြည့်စုံသော ကြီးမားသော ထိုသင်ယောကျ်ားအား၊ ငါသည်လည်း နာခြင်းသဘောရှိ၏၊ နာခြင်းကိုမလွန်နိုင်၊ ငါသည် ကိုယ်နှုတ်စိတ်ဖြင့် ကောင်းမှုကံကို ယခုပြုအံ့ဟု အကြံမဖြစ်ခဲ့ပါလောဟူ၍ ဆိုပေ၏။ ထိုအစစ်ခံသောသူသည် အရှင်မင်းကြီး မစွမ်းနိုင်ခဲ့၊ အရှင်မင်းကြီး မေ့လျော့ခဲ့ပေ၏ ဟု လျှောက်ထား၏။ ချစ်သားတို့ ထိုသူကို ယမမင်းသည် ဤသို့ဆိုပေ၏။ အချင်း ယောကျ်ား မေ့လျော့သည်၏ အဖြစ်ကြောင့်၊ ကိုယ်နှုတ် စိတ်ဖြင့် ကောင်း မှု ကံကို သင်မပြုခဲ့၊ အချင်းယောကျ်ား အကြင်အခြင်းဖြင့် ထို မေ့ လျော့ ခြင်း ဖြစ် ၏။ ထိုအခြင်းဖြင့် သင့်ကို စင်စစ်ပြုကြကုန်လတ္တံ့။ ထိုပြုကြခြင်းသည် အဘဲ့ကြောင့်နည်းဟူမူကား၊ ဤမကောင်းမှုကံကို သင်၏ အမိမပြုအပ်၊ သင်၏အဘ မပြုအပ်၊ သင်၏ ညီရင်းအစ်ကို မပြုအပ်၊ သင်၏နှမ မပြုအပ်၊ သင်၏အဆွေခင်ပွန်းတို့သည် မပြုအပ်၊ သင်၏ ဆွေမျိုးသားချင်းတို့သည် မပြုအပ်၊ ရဟန်းပုဏ္ဏားတို့သည် မပြုအပ်၊ နတ်တို့သည် မပြုအပ်၊ သင်သည်သာ ဤမကောင်းမှုကို ပြုအပ်ပြီ၊ သင်သည်သာ ထိုမကောင်းမှု၏ အကျိုးကို ခံစားရလတ္တံ့ဟုဆိုပေ၏။

## (၁၈၃) စတုတ္ထ ဒေဝဒူတကိုပြခြင်း (၄)

ချစ်သားတို့ ထိုတတိယစစ်ကြောပြီးသောသူကို ယမမင်းသည် သုံးခုမြောက်သော နတ်တမန်ကိုမေးမြန်းစိစစ်ပြီး၍ လေးခုမြောက်သောနတ်တမန်ကိုမေးမြန်းစိစစ်လေ၏။အချင်းယောကျ်ား လူတို့၌ လေးခုမြောက်သောနတ်တမန် ထင်ရှားဖြစ်သည်ကို သင်မမြင်ခဲ့ပါလောဟု မေးမြန်းစိစစ်လေ၏။ ထို အ စစ် ခံ သော သူ သည် အရှင်မင်းကြီးမမြင်ခဲ့ဘူးပါဟု လျှောက်ထား၏။ချစ်သားတို့ထိုသူကို ယမမင်းသည် ဤသို့ဆိုပေ၏။ အချင်းယောကျ်ား လူတို့တွင် မင်းစိုးတို့သည် ခိုးသူကိုဖမ်းယူကုန်၍၊ အထူးထူးသော တမ္ဘကရဏာတို့ကို ပြုလုပ်သည်တို့ကိုငင်း၊ ဆူးရှိသော ကြိမ်တို့ဖြင့် ရိုက်နှက်သည်တို့ကိုငင်း၊ ဆူးမရှိသော ကြိမ်တို့ဖြင့် ရိုက်နှက်သည်တို့ကိုငင်း၊ လံ ဝက်မျှ သော ဒုတ်လုံးတို့ဖြင့် ရိုက်နှက်သည်တို့ကိုငင်း၊ လက်ကိုလည်းဖြတ်၊ ခြေကိုလည်းဖြတ်၊ လက်ခြေကိုလည်း ဖြတ်၊ နားကိုလည်း ဖြတ်၊ နားနှာခေါင်းကိုလည်း ဖြတ်သည်တို့ကိုငင်း၊ ဦးခေါင်းခွံကို ခွာ၍ လောလောပူသော သံတွေခဲကို ညှပ်ဖြင့်ကိုင်ယူ၍၊ ဦးနှောက်ထည်းသို့ ထည့်သဖြင့် ကျိုက်ကျိုက်ဆူသော ပ အုံး ရည် အိုး သ ဘွယ် ရှိ သည်ကိုပြုသော၊ ဗိလင်္ဂတာလကမည်သော၊ ကမ္ဘကရဏာကိုလည်း ပြုသည်။ အထက်နှုတ်ခမ်း-နားပန်းဆံ၊ နောက် ဆံ ဟိုင် အောင် အရေကိုဖြတ်၍ ဆံပင်တို့ကို တပေါင်းတည်း လုံးကျံ၍ရစ်ပတ်ပြီး လျှင်၊ အရေနှင့်ဆုတ်ခွါ၍၊ ကြမ်းတမ်းသော အိုးခြမ်းကျောက်စရစ်ဖြင့် ပွတ်တိုက်၍၊ ခရုသင်းသဘွယ် ဦးခေါင်းခွံ ရှိသည်ကိုပြုသော- သင်္ခမုဏ္ဍိက မည်သော၊ က မ္ဘ က ရ ဏာ ကို လည်း ပြုသည်။ သံဘံသင်းဖြင့် ခံတွင်းကိုဖွင့်၍ ခံ တွင်း ထည်း ၌ ဆီမီးညှိ ထွန်းသဖြင့်ငင်း၊ နားပန်းဆံမှစ၍ မျက်နှာကို ဆောက်ဖြင့် ရွေ၍၊ ခံတွင်းပြည့်အောင် သွေးယိုစေသဖြင့်ငင်း၊ နေကိုငုံသ

ဖြင့် ရာဟုသဘွယ် ဖြစ်စေ၍ ပြုသော၊ ရာဟု မုခ မည်သော ကမ္မကရဏကိုလည်းပြုသည်။ တကိုယ်လုံးကို ဆီစိမ်သော ပုဆိုး ကြမ်းဖြင့်ရစ်ပတ်၍ မီးတိုက်သဖြင့် အလျှံကိုဖြစ်စေ၍ ပြုသော၊ ဇောတိ မာလိက မည်သော ကမ္မကရဏကိုလည်း ပြုသည်။ လက်၌ ဆီစိမ်သော ပုဆိုးကို ရစ်ပတ်၍ မီး ညှိ သ ဖြင့် ဆီ မီးတောက်သဘွယ် ရှိ သည် ဖြစ် စေ ၍ ပြုသော၊ ဟတ္ထပဇ္ဇော တိကမည်သော ကမ္မကရဏကိုလည်း ပြုသည်။ ရေမျိုအောက် မှစ၍ အရေလွှာကို ခွါပြီးလျှင်၊ ဖနောင့်၌ ကျစေပြီးမှ ကြိုး ဖြင့် ဘွဲ၍ ငင်ကုန်လေသော် မိမိ၌ အရေ၌ နင်း၍ လည်းစေ သဖြင့်၊ ပြိန်း မြက်ရွက်သဘွယ် အ ရေ ခွါ ခြင်း ကို ဖြစ်စေ၍ ပြုသော၊ ဧရကပတ္တိကမည်သော ကမ္မကရဏကိုလည်း ပြုသည်။ လည်မှစ၍ အရေကိုခွါပြီးလျှင် ဖမျက်၌ ထားသဖြင့်၊ လျှော်တေ ဝတ်သဘွယ် ရှိသည်ကိုဖြစ်စေ၍ ပြုသော စီရကဝါ သိကမည် သော ကမ္မကရဏကိုလည်း ပြုသည်။ တတောင် နှစ်ဖက်၊ မြင်း ခေါင်းနှစ်ဖက်တို့၌ သံခြေခြင်း သံကွင်းခပ်လျှို၍၊ သံချောင်းနှက် ပြီးသော် ထက်ဝန်းကျင် မီးထိ၍၊ ဧဏိမည်သော သားကဲ့သို့၊ လေးဘက်တွားလျက် ရှိသည်ကို ဖြစ်စေ၍ ပြုသော၊ ဧဏေယျ ကမည်သော ကမ္မကရဏကိုလည်း ပြုသည်။ နှစ် ဘက် အ သွား ရှိသော သံမျှားချိတ်ဖြင့်ချိတ်၍၊ အရေ အသား အကြောတို့ကို လွှာစေသဖြင့်၊ အရေ အသား အကြောတို့ကို လျှော့စေ၍ အရိုး ကျဲတဲသာ တည်စေလျက် ပြုသော၊ ဗဠိသ- မံသိကမည်သော ကမ္မကရဏကိုလည်း ပြုသည်။ ထက်လှစွာသော ဓားမ၊ ပဲခွပ် စသည်တို့ဖြင့် ရွေ၍၊ တသပြာ၊ တသပြာမျှသော အသားတစ်ကို ချစေ၍ ပြုသော၊ က ဟာ ပ ဏ က မည်သော ကမ္မ ကရဏကို လည်း ပြုသည်။ ထိုထို ကိုယ်အစိတ်၌ လှံစသော လက်နက်ဖြင့် ခပ်ပြီးလျှင်၊ ဝက်မှင်ဘီးဖြင့်အသား အရေ အကြောတို့ကိုလျှော့ စေ၍၊ အရိုးကြဲတဲသာတည်စေလျက် ပြုသော၊ ခါရာ ပဋိစ္ဆက မည်သော ကမ္မကရဏကိုလည်းပြုသည်။ နံပါးတဘက်စောင်း အိပ်စေ၍နားၐ သံတကျင်မြေနှင့် စပ်အောင် နှက်ပြီးမှ၊ ခြေကို

ကိုင်၍ တံခါးကျည်ကို လည်စေသကဲ့သို့ပြုသော၊ ပဋိဃ ပရိဝတ္တက မည်သော ကမ္မကရဏကိုလည်းပြုသည်။ အရေ အသားတို့ကို မစုတ်မပဲ့စေဘဲ၊ ကျောက်ဖြင့် အရိုးတို့ကို ထုပြီးသော် ဆံကိုကိုင်၍ အသားစုသာကျန်အောင်စားပြီးမှ ဆံဖြင့်ရစ်ပတ်၍ ကောက်ရိုးခွေကဲ့သို့ပြုသော ပလာလပိဋ္ဌက မည်သော ကမ္မကရဏကိုလည်း ပြုသည်တို့ကိုငင်း၊ လောလောပူသော ဆီဖြင့် သွန်းလောင်းသည်တို့ကိုငင်း၊ ခွေးကိုက်စေသည်တို့ကိုငင်း၊ အသက်ရှည်စဉ် တံကျင်လျှိုသည်တို့ကိုငင်း၊ ဓားသံလျက်ဖြင့် ဦးခေါင်းဖြတ်သည် တို့ကိုငင်း၊ သင်မမြင်ခဲ့ ဘူးပါသလော ဟု ဆိုပေ၏။ ထိုအစစ်ခံသောသူသည် အရှင်မင်းကြီး ဤရာဇဝတ် ကောင်ကိုမြင်ခဲ့ဘူးပါ၏ဟု လျှောက်ထား၏။ ချစ်သားတို့ ထိုသူကိုယမမင်းသည် ဤသို့ဆိုပေ၏။ အချင်းယောကျ်ား သိကြားလိမ္မာသော သတိနှင့် ပြည့်စုံသော ကြီးမားသော ထိုသင် ယောကျ်ားအား ဤအကြံသည် မဖြစ်ပါလော၊အချင်းတို့ အကြင်သူတို့သည် မကောင်းမှုတို့ကို ပြုကုန်၏၊ ထိုသူတို့ကို မျက်မှောက်ဘဝ၌သာလျှင်၊ ဤသို့ကြောက်လန့်ဘွယ်သော သဘောရှိကုန်သော၊ အထူးထူး အပြားပြားသော၊ ကမ္မကရဏတို့ကို ပြုအပ်ကုန်သတတ်။ တမလွန်ဘဝ၌ကား အဘယ်ဆိုဘွယ်ရာ ရှိကုန်အံ့နည်း။ ယခုငါသည် ကိုယ်နှုတ်စိတ်ဖြင့်၊ ကောင်းမှု ကံကိုပြုပေအံ့ဟု၊ အကြံမဖြစ်ပါလောဟူ၍ ဆိုပေ၏။ ထိုအစစ်ခံသောသူသည်၊ အရှင်မင်းကြီး မစွမ်းနိုင်ခဲ့၊ အရှင်မင်းကြီး မေ့လျော့ ခဲ့ပေ၏ဟု လျှောက်ထား၏။ ချစ်သားတို့ ထိုသူကိုယမမင်းသည် ဤသို့ဆိုပေ၏။ အချင်းယောကျ်ား မေ့လျော့သည်၏ အဖြစ်ကြောင့်၊ ကိုယ်နှုတ်စိတ်ဖြင့် ကောင်းမှုကံကိုသင်မပြုခဲ့၊ အချင်းယောကျ်ား အကြင်အခြင်းဖြင့်၊ ထိုမေ့လျော့ခြင်းဖြစ်၏။ ထိုအခြင်းဖြင့်သင့်ကိုစင်စစ်ပြုကုန်လတ္တံ့။ထိုသို့ပြုခြင်းသည်၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဤမကောင်းမှုကို သင့်မိခင်မပြုအပ်၊ သင့်ဘခင်မပြုအပ်၊ သင်၏ ညီရင်းအစ်ကိုရင်း မပြုအပ်၊ သင့်နှမ မပြုအပ်၊ သင်၏ အဆွေ ခင်ပွန်းတို့သည်မပြု

အပ်၊ သင်၏ ဆွေမျိုးသားချင်းတို့သည် မပြုအပ်၊ ရဟန်းပုဏ္ဏားတို့ သည် မ ပြု အပ်၊ နတ် တို့ သည် မ ပြု အပ်၊ သင် သည် သာ ဤမကောင်းမှုကို ပြုအပ်၏။ သင်သည်သာ ထိုမကောင်းမှု ကံ၏ အကျိုးကို ခံစားရလတ္တံ့ဟု ဆိုပေ၏။

---

## (၁၄၀) ပဥ္စမဒေဝဒူတကိုပြခြင်း။ (၅)

ချစ် သား တို့ ထိုစတုတ္ထစစ်ကြောပြီးသော သူ ကို ယ မ မင်း သည် ၄-ခုမြောက်နတ်တမန်ကို မေးစိစစ်ပြီး၍၊ ၅-ခုမြောက်နတ်တမန်ကို မေးမြန်းစိစစ်လေ၏။ အချင်းယောကျ်ား၊ လူတို့၌ ၅-ခုမြောက်နတ်တမန် ထင်ရှားဖြစ်သည်ကို သင်မမြင်ခဲ့ပါလော ဟု မေးမြန်းစိစစ်လေ၏။ ထိုအစစ်ခံသောသူသည်၊ အရှင်မင်းကြီး အကျွန်ုပ် မမြင်ခဲ့ဘူးပါဟု လျှောက်ထား၏။ ချစ်သားတို့ ထိုသူကိုယမမင်းသည်ဤသို့ဆိုပေ၏။အချင်းယောကျ်ားလူတို့တွင် သေ၍တရက်မြောက်သည်လည်းဖြစ်သော၊ နှစ်ရက်မြောက်သည် လည်းဖြစ်သော သုံးရက် မြောက်သည်လည်း ဖြစ်သော ဖူးဖူး ရောင် သည် လည်း ဖြစ် သော၊ ညို မဲ သည် လည်း ဖြစ် သော၊ ပိုးလောက်ကျသည်လည်း ဖြစ်သော၊မိန်းမကိုငင်း၊ယောကျ်ားကို ငင်း၊သင်မမြင်ခဲ့ပါလောဟုဆိုပေ၏။ ထိုအစစ်ခံသော သူသည် အရှင်မင်းကြီး ဤသူသေကို မြင်ခဲ့ဘူးပါ၏ဟု လျှောက်ထား ၏။ ချစ်သားတို့ ထိုသူကို ယမမင်းသည် ဤသို့ဆိုပေ၏။ အချင်း

ယောကျ်ား သိ ကြား လိမ္မာသောသတိနှင့် ပြည့်စုံသော ကြီးမား သော ထိုသင် ယောကျ်ားအား ငါသည် သေရခြင်း သဘောရှိ သည်ဖြစ်၏။ သေခြင်းကိုမလွန်နိုင်၊ ကိုယ်နှုတ်စိတ်ဖြင့် ကောင်းမှု ကို ငါပြုပေအံ့။ ဤသို့သော အကြံမဖြစ်ပါလောဟု ဆိုပေ၏။ ထိုအစစ်ခံသော သူသည်။ အရှင်မင်းကြား မစွမ်းနိုင်ခဲ့၊ အရှင် မင်းကြားမေ့လျော့၏။ ဤသို့ လျှောက် ထား ၏ ချစ်သားတို့ ထို သူ ကို ယ မ မင်း သည် ဤသို့ ဆိုပေ၏။ အချင်းယောကျ်ား မေ့လျော့သည်၏ အဖြစ်ကြောင့် ကိုယ်နှုတ်စိတ်ဖြင့် ကောင်းမှုကံ ကို သင်မပြုခဲ့၊ အချင်းယောကျ်ား အ ကြင် အ ခြင်း ဖြင့် လိုမေ့ လျော့ခြင်းဖြစ်၏။ ထိုအခြင်းဖြင့် သင့်ကိုစင်စစ် ပြုကုန်လတ္တံ့။ ထိုသို့ ပြုခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူကား။ ဤမကောင်း မှုကို သင်၏မိခင်မပြုအပ်၊ သင် ၏ ဘ ခင် မ ပြု အပ်၊ သင် ၏ ညီရင်း အစ်ကိုရင်းမပြုအပ်၊ သင်၏နှမ မပြုအပ်၊ သင်၏ အဆွေ ခင်ပွန်းတို့သည်မပြုအပ်၊ သင်၏ ဆွေမျိုးသားချင်းတို့သည် မပြု အပ်၊ ရဟန်း ပုဏ္ဏားတို့သည် မပြုအပ်၊ နတ်တို့သည် မပြုအပ်၊ သင်သည်သာ ဤ မကောင်းမှုကို ပြု အပ် ၏။ သင် သည် သာ ထို မ ကောင်း မှု ကံ ၏ အကျိုးကိုခံစားရလတ္တံ့ဟု ဆိုပေ၏။ ချစ်သားတို့ ထိုသူကို ယမမင်းသည် ငါးကြိမ်မြောက် နတ်တမန် ကို စိစစ်ပြီး၍ ဆိတ်ဆိတ်နေလေ၏။

---

## (၁၃၁) အဘွဲ့ငါးပါးခံစားရပုံ။ (၁)

ချစ်သားတို့ နတ်တမန် (၅) ချက်စစ်ကြောလျက် မရသော သူကို ငရဲထိန်းတို့သည် (၅) ပါးအပြားရှိသော-အနှောင်အဘွဲ့ မည်သော- က မ္မ က ရ ဏ ကို ပြု ကုန် ၏။ လော လော ပူ သော သံတသင်းကို-လက်ဝဲလက်ဝဲ၌စိုက်နှက်ကုန်၏။ လောလောပူသော

သံတသင်းကို လကျ်ာလက်၌ စိုက်နှက်ကုန်၏။ လောလောပူသော သံတသင်းကို လက်ဝဲခြေ၌ စိုက်နှက်ကုန်၏။ လောလောပူသော သံတသင်းကို လကျ်ာခြေ၌ စိုက်နှက်ကုန်၏။ လောလောပူသော သံတသင်းကို ရင်လယ်၌ စိုက်နှက်ကုန်၏။ ထိုသူသည် ထို (၅) ပါးသော အဘွဲ့၌ ဆင်းရဲသော-ထက်သော-ကြမ်းသော-စပ်ပူသော-ဝေဒနာတို့ကို ခံစားရလေ၏။ အကြင်မျှ လောက်သော ကာလပတ်လုံး-ထိုမကောင်းမှုကံ မကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး သေခြင်းကို မပြုရ။

---

## (၁၉၂) ဓားမပဲခွပ် အရွေခံစားရပုံ။ (၂)

ချစ်သားတို့ ထိုအဘွဲ့(၅)ပါး ခံစားပြီးသောသူတို့ ငရဲထိန်းတို့သည် အလျှံပြောင်ပြောင်တောက်သော သံမြေ၌ အိပ်စေ၍ အိမ်မိုးတဘက်မျှ အ ရွယ် ရှိ သော ဓား မ တို့ ဖြင့် ရွေ ကုန် ၏။ စောက်ထိုးထားကုန်၍၊ စံကောမျှ အရွက်ရှိသော ပဲခွပ်တို့ဖြင့် ရွေကုန်၏။

---

## (၁၉၃) ရထားနှင်းခံစားရပုံ။ (၃)

ချစ်သားတို့ ထို ဓားမ ပဲခွပ် ရွေ ခံစားပြီးသော သူကို ငရဲထိန်းတို့သည်။ အလျှံပြောင်ပြောင် တောက်သော သံရထားက၌ ရဲရဲတောက်သော ပြောင်ပြောင် တောက်သော အလျှံနှင့် တကွ ဖြစ်သော သံမြေ၌အိပ်စေ၍၊ ထိုမှ ဤမှနှင်းကုန်၏။

## (၁၄၄) မီးတောင်တက်လျှောက်

## ခံစားရပုံ။ (၄)

ချစ်သားတို့ ထိုသံရထားနင်း ခံစားပြီးသော လူကို ငရဲ ထိန်းတို့သည် ရဲရဲတောက်သော၊ ပြောင်ပြောင် တောက်သော အလျှံနှင့်တကွ ဖြစ်သော မီးကြီးခဲတောင်သို့ တက်လည်းတက် စေကုန်၏၊ သက်လည်းသက်စေကုန်၏။

---

## (၁၄၅) ကြေးနီအိုးမှာ ခံစားရပုံ။ (၅)

ချစ်သားတို့ ထိုမီးတောက်တက်လျက် ခံစားပြီးသော သူကို ငရဲထိန်းတို့သည် ခြေကို ထိုး ကိုင်ငင်ကုန်၍ လောလောပူ သော ရဲရဲတောက်သော ပြောင်ပြောင်တောက်သော အလျှံနှင့် တကွဖြစ်သော သံဖြင့်ပြီးသော အိုး၌ ဝါ ကြေးနီအိုး၌ ထည့် ကုန်၏။ ထိုငရဲသူသည် ထိုကြေးနီအိုး၌ အမြှုပ်ဖြစ်၍ ကျက်၏။ ထိုငရဲသူသည် ထိုကြေးနီအိုး၌ အမြှုပ်ဖြစ်၍ ကျက်လျက် တကြိမ် အထက်သို့ ရောက်၏။ တကြိမ် အောက်သို့ ရောက်၏။ ထိုငရဲသူသည် ထိုကျေးနီအိုး၌ ဆင်းရဲသော၊ ထက်သော၊ ကြမ်းသော၊ ပူစပ်သော ဝေဒနာတို့ကို ခံစားရ၏။ အကြင်မျှ လောက်သော ကာလပတ်လုံး ကိုမကောင်းမှုကံ မကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး သေခြင်းကိုမပြုရ။

## (၁၄၆) ငရဲကြီးမှာ ခံစားရပုံ။ (၆)

ချစ်သားတို့ ထိုကြေးနီအိုး၌ ခံစားပြီးသောသူကို ငရဲထိန်း တို့သည် ငရဲကြီး၌ ပစ်ချကုန်၏။ ချစ်သားတို့ ထိုငရဲကြီးသည်

ကား လေးထောင့်နေ၏။ လေးတံခါးရှိ၏။ အတိုအစုအားဖြင့် ဝေဘန်အပ်၏။ သံတံတိုင်းဖြင့် ခြံရံအပ်၏။ သံဖြင့်မိုးအပ်၏။ ထို ငရဲကြီး၏ သံဖြင့်ပြီးသော မြေသည် မီးဖြင့် တောက်လောင်၏။ ထက်ဝန်းကျင်မှ ယူဇနာတရာ တိုင်တိုင် နှံ့၍၊ အခါခပ်သိမ်း တည်၏။ ချစ်သားတို့ ထို ငရဲကြီး၏ အရှေ့နံရံမှ မီးလျှံထ၍ အနောက်နံရံ၌ ထိပါး၏။ အနောက်နံရံမှ မီးလျှံထ၍ အရှေ့နံရံ၌ ထိပါး၏။ မြောက် နံရံမှ မီး လျှံ ထ၍ တောင် နံရံ ၌ ထိပါး၏။ တောင်နံရံမှ မီးလျှံထ၍ မြောက်နံရံ၌ ထိပါး၏။ အောက်သံမြေ မှမီးလျှံထ၍ အထက်သံ အမိုး၌ထိပါး၏။ အ ထက် သံ အ မိုး မှ မီး လျှံ ထ ၍ အောက် သံ မြေ ၌ ထိ ပါး ၏။ ထိုငရဲသူသည် ထို ငရဲကြီး၌ ဆင်းရဲသော၊ ထက်သော၊ ခါးသော၊ ငံသော, စပ် ပူသော ဝေ ဒ နာ တို့ ကို ခံစားရ၏။ အ ကြင် မျှ လောက် သော ကာလပတ်လုံး ထိုမကောင်းမှု ကံ မကုန်သေး။ ထိုမျှလောက် သော ကာ လ ပတ် လုံး သေခြင်းကိုမပြုရ။ ချစ်သားတို့ အကြင် အခါမှစ၍ တရံတခါရှည်သော အဓွန့်လွန်သဖြင့် ထိုငရဲကြီး၏ အကြင် အ ရှေ့ တံ ခါး ပွင့် ၏။ ထို အ ရှေ့ တံ ခါး ပွင့်သောအခါ ဖြစ်၏။ ထိုငရဲသူသည် ထိုအရှေ့တံခါးသို့ လျင်သော အဟုန်ဖြင့် ပြေး၏။ လျင်သော အ ဟုန် ဖြင့် ပြေးသော ထိုသူ၏ အရေပါး ကိုလည်း လောင်၏။ အရေထူ ကိုလည်း လောင်၏။ အသားကို လည်း လောင်၏။ အ ကြော ကို လည်း လောင် ၏။ အရိုးတို့ကို လည်း လောင်၏။ အခိုးအလျှံထကုန်၏။ အောက်အထက် ရှက် သော မီးလျှံဖြစ်၏။ ချစ် သား တို့ ထို ငရဲ သူ သည် အကြင်အခါ မှစ၍ များစွာ အနှစ်တသိန်းတို့သို့ ရောက်၏။ ထိုအခါ ထိုအရှေ့ တံခါး ပိတ်လေ၏။ ထိုငရဲသူသည် ထို ငရဲ ကြီး ၌ ဆင်းရဲသော ထက်သော၊ ကြမ်းသော၊ စပ်ပူသော၊ ဝေဒနာတို့ကို ခံစားရ လေ၏။ အကြင်မျှလောက်သော ကာလပတ်လုံး ထိုမကောင်းမှု ကံမကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး သေခြင်းကို မပြုရ။ အနောက်တံခါး၊ မြောက်တံခါး၊ တောင်တံခါးတို့၏ ပွင့် ခြင်း၊ ပိတ် ခြင်း ၌ လည်း အ ရှေ့ တံ ခါး နည်း တူ သာ ဖြစ် ၏။

ချစ်သားတို့ အကြင်အခါမှစ၍ တရံတခါရှည်သော အခွန့်လွန်သဖြင့် ထိုငရဲကြီး၏ အကြင် အရှေ့တံခါးပွင့်၏။ ထိုအရှေ့တံခါးပွင့်သော အ ခါ ဖြစ် ၏။ ထို င ရဲ သူ သည် ထို အ ရှေ့ တံ ခါး သို့ လျင်သောအဟုန်ဖြင့် ပြေး၏။ လျင်သောအဟုန်ဖြင့် ပြေးသော ထိုသူ၏ အရေပါးကိုလည်းလောင်၏။ အရေထူကိုလည်း လောင်၏။ အသားတို့ကိုလည်းလောင်၏။ အကြောကိုလည်းလောင်၏။ အရိုးတို့ကိုလည်း လောင်၏။ အ ခိုး အ လျှံ ထ ကုန် ၏။ အောက် အထက်ရှက်သော မီးလျှံဖြစ်၏။ ထိုငရဲသူသည် ထိုပွင့်သော တံခါးဖြင့် ထွက်လေ၏။

---

## (၁၃၇) ဘင်ပုပ်ငရဲ၌ ခံစားရပုံ (၇)

ချစ်သားတို့ ထိုငရဲကြီး၏ အခြားမဲ့၌ တကွစပ်လျက်တည်သော ယူ ဇ နာ သုံး ရာ ကျယ် သော ဘင် ပုပ် င ရဲ သည် ရှိ ၏။ ထိုငရဲသူသည် ထိုဘင်ပုပ်ငရဲ ကျရ၏။ ချစ်သားတို့ ထိုဘင်ပုပ်ငရဲ၌ အပ်ကဲ့သို့ထက်သော နှုတ်သီးရှိကုန်သော ဆင်၏လည်ပင်း၊ ပိန်းကောမျှ ရှိကုန်သော ပိုးတို့သည် အရေပါးကိုလည်း ဖြတ်ကုန်၏။ အရေးပါးကို ဖြတ်ကုန်ပြီး၍ အရေထူကိုလည်း ဖြတ်ကုန်၏။ အရေထူကို ဖြတ်ကုန်ပြီး၍ အသားကိုလည်း ဖြတ်ကုန်၏။ အသားကိုဖြတ်ကုန်ပြီး၍ အကြောကိုလည်းဖြတ်ကုန်၏။ အကြောကို ဖြတ်ကုန်ပြီး၍ အရိုးကိုလည်း ဖြတ်ကုန်၏။ အရိုးကို ဖြတ်ကုန်ပြီး၍ ရိုး တွင်း ချင် ဆီကို စားကုန်၏။ ထိုငရဲသူသည် ထိုဘင်ပုပ်ငရဲ၌ ဆင်းရဲသော ထက်သော ကြမ်းသော စပ်ပူသော ဝေဒနာတို့ကို ခံစားရ၏။ အကြင်မျှလောက်သော ကာလပတ်လုံး ထိုမကောင်းမှုကံသည် မကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး သေခြင်းကိုမပြုရ။

## (၁၉၈) ပြာပူငရဲ၌ ခံစားရပုံ (၈)

ချစ်သားတို့ ထိုဘင်ပုပ်ငရဲ၏ အခြားမဲ့၌တကွ စပ်လျက်တည်သော ယူဇနာသုံးရာကျယ်ဟောအတွင်း၌ အိမ်ထွတ်ပမာရှိသော မီးကြီးခဲတို့ဖြင့်ပြည့်သော ရဲရဲညီသော ပြာပူငရဲသည် ရှိ၏။ ထိုငရဲသူသည် ထိုပြာပူငရဲ၌ကျရ၏။ ထိုငရဲသူသည် ထိုပြာပူငရဲ၌ ဆင်းရဲသော၊ ထက်သော၊ ကြမ်းသော၊ စပ်ပူသော ဝေဒနာတို့ကို ခံစားရ၏။ အကြင်မျှလောက်သော ကာလပတ်လုံး ထိုမကောင်းမှုကံ မကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး သေခြင်းကိုမပြုရ။

---

## (၁၉၉) လက်ပန်တောငရဲ၌ ခံစားရပုံ (၉)

ချစ်သားတို့ ထိုပြာပူငရဲ၏ အခြားမဲ့၌တကွ စပ်လျက်တည်သော ယူဇနာသုံးရာ ကျယ်သော အစောက် တယူဇနာရှိသော ၁၆-သစ်အဆူးရှိသော ရဲရဲတောက်သော ပြောင်ပြောင်တောက်သော အလျှံနှင့်တကွ ဖြစ်သော လက်ပံတော ငရဲသည် ရှိ၏။ ထိုငရဲသူကို ထိုလက်ပံပင်သို့ တင်ကုန်၏။ သက်ဆင်းစေကုန်၏။ ထိုငရဲသူသည် ထိုလက်ပံတောငရဲ၌ ဆင်းရဲသော၊ ထက်သော၊ ကြမ်းသော၊ စပ်ပူသော ဝေဒနာတို့ကို ခံစားရ၏။ အကြင်မျှလောက်သော ကာလပတ်လုံး ထိုမကောင်းမှုကံ မကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး သေခြင်းကိုမပြုရ။

---

## (၂၀၀) သံလျက်တောငရဲ၌ ခံစားရပုံ (၁၀)

ချစ်သားတို့ ထိုလက်ပံတောငရဲ၏ အခြားမဲ့၌တကွ စပ်လျက်တည်သော ယူဇနာ သုံးရာ ကျယ်သော ဓား သံလျက် ကဲ့သို့

သော အ ရွက် ရှိ သော သံ လျက် တော ငရဲသည်ရှိ၏။ ထိုငရဲသူသည် ဆိုသံလျက်တော ငရဲသို့ဝင်၏။ လေခပ်၍ ကြွေကျကုန်သော ဓားသံလျက် အရွက်တို့သည် ထိုငရဲသူ၏ လက်ကိုလည်းဖြတ်ကုန်၏။ ခြေကိုလည်း ဖြတ်ကုန်၏။ နားကိုလည်းဖြတ်ကုန်၏။ နှာခေါင်းကိုလည်း ဖြတ်ကုန်၏။နား-နှာခေါင်းကိုလည်းဖြတ်ကုန်၏။ ထိုငရဲသူသည် ထိုသံလျက်တောငရဲ၌ ဆင်းရဲသော ထက်သော၊ ကြမ်းသော၊ စပ်ပူသော ဝေဒနာတို့ကို ခံစားရ၏။ အကြင်မျှ လောက်သော ကာလပတ်လုံး ထိုမကောင်း မှု ကံ မကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး သေခြင်းကို မပြုရ။

## (၂၀၁) ကြိမ်ပိုက်ချောင်း၌ ခံစားရပုံ (၁၁)

ချစ်သားတို့ ထိုသံလျက် တောငရဲ၏ အခြားမဲ့၌ တကွစပ်လျက်တည်သော ယူဇနာ သုံး ရာ ကျယ် သော ခါးငံသော ရေ ရှိ သော သံ ဖြင့် ပြီး သော သင်ဝုန်းသွားကဲ့သို့ ထက် သော သင်မုန်းသွားနှယ် သင်မုန်းသွား။ ကြာရွက်ရှိသော အောက်၌ သင်ဝုန်းသွား၊ ကမ်းပါးနှစ်ဘက်တို့၌ ကြိမ်နွယ် သမန်းမြက်ရှိသော ကြိမ်ပိုက်မည်သော ချောင်း သည် ရှိ ၏၊ ထိုငရဲ သူ သည် ထိုကြိမ်ပိုက်ချောင်း၌ အစုံလည်းမျော၏။ အဆန်လည်း မျော၏။ အစုံအဆန်လည်း မျော၏။ ထိုငရဲသူသည် ထိုကြိမ်ပိုက်ချောင်း၌ ဆင်းရဲသော၊ ထက်သော၊ ကြမ်းသော၊ စပ်ပူသော ဝေဒနာတို့ကို ခံစားရ၏။ အကြင် မျှ လောက် သော ကာ လ ပတ် လုံး ထို မကောင်းမှု ကံ မကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး သေခြင်းကို မပြုရ။

## (၂၀၂) သံတွေခဲမျို၍ ခံရပုံ (၁၂)

ချစ်သားတို့ ထိုငရဲသူကို ငရဲထိန်းတို့သည် ငါးမျှားချိတ်ဖြင့် ထုတ်ဆယ်၍ ကုန်းမှာ တည် နေ စေ ပြီး၍ အချင်းယောကျ်ား အဘယ်ကို သင်အလိုရှိသနည်း ဤသို့မေးကုန်၏။ ထိုငရဲသူသည် အရှင်တို့ အကျွန်ုပ် ဆာမွတ်သည်ဖြစ်၏၊ ဤသို့လျှောက်ကြား၏။ ချစ်သားတို့ ထိုငရဲသူကို ငရဲထိန်းတို့သည် သောလောပူသော ရဲရဲတောက်သော ပြောင်ပြောင် တောက် သော အလျှံနှင့်တကွ ဖြစ်သော သံတသင်းဖြင့် ခံတွင်းကိုဖွင့်၍ လောလောပူသော ရဲရဲတောက်သော ပြောင်ပြောင်တောက် သော အလျှံ နှင့် တကွ ဖြစ်သော သံတွေခဲကို ခံတွင်း၌ ထည့်ကုန်၏။ ထိုသံတွေခဲသည် ထိုငရဲသူ၏ နှုတ်ခမ်း ကို လည်း လောင် ၏။ ခံ တွင်း ကို လည်း လောင်၏။ လည်ပင်းကိုလည်းလောင်၏၊ ရင်ကိုလည်းလောင်၏။ အူမကိုငင်း အူသိမ်ကိုငင်း ယူ၍ အောက်အဘို့သို့ထွက်၏။ ထို ငရဲသူသည် ထိုသံတွေခဲလောင်ခဲသောငရဲ၌ ဆင်းရဲသော ထက်သော ကြမ်းသော စပ် ပူ သော ဝေ ဒ နာ တို့ ကို ခံ စား ရ ၏။ အကြင်မျှသောက်သော ကာလပတ်လုံး ထိုမကောင်းမှု ကံမကုန်သေး။ ထိုမျှသောက်သော ကာလပတ်လုံး သေခြင်းကိုမပြုရ။

---

## (၂၀၃) ကြေးနီရေလောင်း၍ခံရပုံ (၁၃)

ချစ်သားတို့ ထိုငရဲသူကို ငရဲထိန်းတို့သည် အချင်းယောကျ်ား အဘယ်ကို အလိုရှိသနည်း။ ဤသို့မေးကုန်၏။ ထို ငရဲ သူ သည် အရှင်တို့ အကျွန်ုပ်သည် ရေငတ်လှပါ၏။ ဤ သို့ လျှောက် ကြား ကုန်၏။ ချစ်သားတို့ ထိုငရဲသူကို ငရဲထိန်းတို့သည် လောလော

ပူသော ရဲရဲတောက်သော ပြောင်ပြောင်တောက်သော အလျှံနှင့် တကွဖြစ်သော သံတသင်းဖြင့် ခံတွင်းကိုဖွင့်၍ လောလောပူသော ရဲရဲတောက်သော ပြောင် ပြောင် တောက် သော အလျှံနှင့်တကွ ဖြစ်သော ကြေးနီရေကို ခံတွင်း၌သွန်းလောင်းကုန်၏၊ ထိုကြေးနီရေသည် ထိုငရဲသူ၏ နှုတ် ခမ်း ကို လည်း လောင် ၏၊ ခံတွင်းကို လည်း လောင်၏။ လည် ကို လည်း လောင်၏။ ရင် ကို လည်း လောင်၏၊ အူမကိုငင်၊ အူသိမ်ကိုငင်းယူ၍ အောက်အဘို့မှထွက်၏။ ထိုငရဲသူသည် ကြေးနီရေလောင်းသော ငရဲ၌ဆင်းရဲသော ထက်သော ကြမ်းသော စပ်ပူသော ဝေဒနာတို့ကို ခံစားရ၏။ အကြင်မျှလောက်သော ကာလပတ်လုံး ထိုမကောင်းမှုကံမကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး သေခြင်းကိုမပြုရ။

---

## (၂၀၄) ငရဲကြီး၌ တဖန်ပြန်၍ခံရပုံ

ချစ်သားတို့ ထို(၁၃)ပါးသော ကမ္မကရဏ တို့ကို ခံပြီးသော ငရဲသူကို ငရဲထိန်းတို့သည် တဖန် ငရဲကြီး၌ ထည့်ကြပြန်ကုန်၏။

တဖန် ငရဲကြီး၌ ထည့်ကြကုန်၏ ဟူသည် နှောင်း ၅-ပါးမှစ၍ အစဉ်အတိုင်းခံရသည်ကိုယူ။

## (၂၀၅) ယမမင်းအကြံဖြစ်ဘူးသည်ကိုပြခြင်း

ချစ်သားတို့ ရှေး၌ဖြစ်ဘူးသည် ကား၊ ယမမင်းအား ဤသို့သော အကြံသည်ဖြစ်၏။ အရှင်တို့ လောက၌ အကြင် သူတို့သည် ယုတ်မာသော အကုသိုလ်အမှုတို့ကိုပြုကုန်၏။ ထိုသူတို့ကို

ဤသို့သဘောရှိကုန်သော အထူးထူး အပြားပြားသော ကမ္မကရဏာတို့ကို ပြုအပ်ကုန်သတတ်။ ငါသည် လူ၏ အဖြစ်ကို ရပါမူကား၊ ပူဇော်အထူးကို ခံတော်မူထိုက်သော ခပ်သိမ်းသော တရားတို့ကို မဖေါက်မပြန် ရှေကိုယ်တော်တိုင် သိမြင်တော်မူပြီးသော ရှေးဘုရားတို့ပမာ၊ လာခြင်းကောင်းတော်မူသော ဘုရားရှင်သည် လောကဦပွင့်တော်မူပါမူကား ထိုဘုရားရှင်ကိုလည်း ငါသည် ဆည်းကပ်ရပါမူကား၊ ထိုဘုရားရှင်သည် ငါ့အား တရားတော်ကို မြွက်ဖေါ်ဟောကြားတော်မူပါမူကား။ ငါသည် ထိုဘုရားရှင်၏ တရားတော်ကိုလည်း သိရပါမူကား။ ဩြော်- ကောင်းလေစွဟု အကြံဖြစ်၏။

---

## (၂၀၆) ကိုယ်တိုင်သိတော်မူ၍ ဟောတော်မူသည်ကိုပြခြင်း

ချစ်သားဘို့ ထိုဒေဝဒူတသုတ်တော်ကို တပါးသော ရဟန်း၏၎င်း၊ ပုဏ္ဏား၏၎င်း အထံမှမှတ်ယူနာကြား၍ ငါဘုရား ဟောတော်မူသည် မဟုတ်၊ စင်စစ်သော်ကား။ အကြင် ဒေဝဒူတသုတ်တော်ကို ငါ့ဘုရားကိုယ်တော်တိုင် သိမြင်တော်မူအပ်၏။ ထိုဒေဝဒူတသုတ်တော်ကိုသာလျှင် ငါဘုရားဟောတော်မူပေ၏။

## ဥပရိပဏ္ဏာသအဋ္ဌကထာ ဒေဝဒူတသုတ်အဖွင့်

## (၂၀၇) ငရဲထိန်းရှိကြောင်းကိုပြခြင်း

လူတို့၏ပြည်၌ ထိုးခုတ်သတ်ဖြတ်ခြင်း စသော ကမ္မကရဏာ

အမှု့ကို ပြုတတ်ကုန်သော မင်းမှုထမ်းတို့သည် ရှိကုန်သကဲ့သို့ ဤအတူ ငရဲ၌ ငရဲထိန်းတို့သည် ရှိကုန်၏။

## (၂၀၈) ယမမင်းကိုပြခြင်း

ယမမင်း မည်သည်ကား ဝေမာနိက ပြိတ္တာ မင်းတည်း။ တပါးသောအခါ၌ နတ်ဗိမာန်၊နတ်ပဒေသာ၊ နတ်ဥယျာဉ်၊နတ်ကချေသည် နတ်စည်းစိမ်ကို ခံစားရ၏။ တပါး သော အခါ၌ မကောင်းမှု့ကံ၏ အကျိုးကို ခံစားရ၏။ ဤယမမင်းဟူသည် တရားစောင့်သော မင်းတည်း။ တယောက်တည်း သာ မ ဟုတ်။ လေးတံခါးတို့၌ လေးယောက်ဖြစ်ကုန်၏။

---

## (၂၀၉) ပဌမဒေဝဒူတ အစီရင်ကို ပြခြင်း

ရှေးဦးစွာသော နတ်တမန်ကို မေးစိစစ်၍ ဟူရာ၌ သူငယ်သည် အနက်အားဖြင့် ဤသို့ဆိုသည်မည်၏။ အချင်းတို့ ရှုကြပါ ကြည့်ကြပါ ငါ့အားလည်း သင်တို့ကဲ့သို့ လက်ခြေရှိပါကုန်၏၊ သို့ဖြစ်လျက် ကျင်ကြီး ကျင်ငယ်၌ နစ်ရ၏၊ မိမိသဘောအားဖြင့် ထ၍ရေမချိုးနိုင်၊ ငါ၌ညစ်နွမ်းသောကိုယ်ရှိ၏။ ငါ့ကိုရေချိုးကြဟု မဆိုနိုင်။ ပဋိသန္ဓေနေခြင်းမှလည်း မလွတ်သောကြောင့် ဤဆင်းရဲသော သဘောဖြစ်ခဲ့၏။ ငါသည်သာ ဇာတိမှ မလွတ်သည်မဟုတ်။ သင်တို့လည်း ဇာတိမှမလွတ်ကြ။ ထိုစကား သင့်စွ။ ငါ့အား ဇာတ်လာသကဲ့သို့ သင်တို့အားလည်း ဇာတိလာလတ္တံ့။ ထိုကြောင့် ဇာတိမလာမီသာလျှင် ကောင်းမှုကို ပြုကြကုန်လော့။ ဤသို့ဆိုသည် မည်၏။ ထိုကြောင့် ဤသူငယ်သည် နတ်တမန် မည်သည်ဖြစ်၏။

## (၂၁၀) ဒုတိယဒေဝဒူတ အစီရင်ခံပြခြင်း

နှစ်ခုမြောက်သောနတ်တမန်ဟူရာ၌လည်း အိုခြင်း၊ ရင့်ရော်ခြင်းသို့ ရောက်ပြီးသောသူသည် အနက်အားဖြင့် ဤသို့ဆိုသည်မည်၏။ အချင်းတို့ ရှုကြကုန်လော့၊ ငါသည်လည်း သင်တို့ကဲ့သို့ နုပျိုဘူး၏။ ပေါင်အား လက်ရုံးအားနှင့် ပြည့်စုံ၏။ ထိုငါ့အား အားအဟုန်နှင့် ပြည့်စုံခြင်းကွယ်ခဲ့ပြီ။ လက်ခြေတို့၊ လက်ခြေကိစ္စကိုမပြုနိုင်ကုန်။ အိုခြင်းမှလည်း မလွတ်သောကြောင့် ဤဆင်းရဲသော သဘောဖြစ်ခဲ့၏။ ငါသာလျှင် အိုခြင်းမှ မလွတ်၊ မလွတ်သည်မဟုတ်၊ သင်တို့သည်လည်း အိုခြင်းမှ မလွတ်ကုန် သည်သာတည်း။ ထိုစကားသင့်စွ၊ ငါ့အား အိုခြင်းတရားလာရောက်သကဲ့သို့ သင်တို့အားလည်း အိုခြင်းတရား လာရောက်လတ္တံ့၊ ထိုကြောင့် ထိုအိုခြင်းတရားမလာမီ ကောင်းမှုကို သင်တို့ပြုကြကုန်လော။ ဤသို့ဆိုသည်မည်၏။ ထိုကြောင့် ဤသူ အိုသည် နတ်တမန် မည်သည်ဖြစ်၏။

---

## (၂၁၁) တတိယဒေဝဒူတ အစီရင်ခံပြခြင်း

သုံးခုမြောက်သော နတ် တ မန် ဟူရာ၌ လည်း သူ နာ သည် အနက်အားဖြင့် ဤသို့ ဆိုသည်မည်၏။ အ ချင်း တို့ ရှု ကြ ကုန် လော ငါသည်လည်း သင်တို့ကဲ့သို့ ရောဂါမ ရှိ ဖြစ် ၏။ ယခု အခါ၌ အနာနှိပ်စက်အပ်သည်ဖြစ်၍၊ မိမိကျင်ငယ်ကျင်ကြီး၌ မြုပ်ရ၏။ ထခြင်းငှာလည်းမစွမ်းနိုင်၊ ငါ့အား လက်ခြေတို့သည် ရှိကုန်သော်လည်း၊ လက်ခြေကိစ္စကိုမပြုနိုင်ကုန်။ နာခြင်းမှလည်း မလွတ်နိုင်သောကြောင့် ဤ ဆင်း ရဲ သော သ ဘော ဖြစ် ခဲ့ ၏။ ငါသည်သာ နာခြင်းမှ မလွတ်သည်မဟုတ်၊ သင်တို့သည်လည်း

မလွှတ်ကုန်သည်သာတည်း။ ထိုစကားသင့်စွ၊ ငါ့အား နာခြင်းတရား လာရောက်သကဲ့သို့ သင်တို့အားလည်း နာခြင်းတရား လာရောက်လတ္တံ့။ ထိုကြောင့် ထိုနာခြင်းတရားမလာမီ ရှေးအတွက် ဥသာလျှင် ကောင်းမှုကို သင် တို့ ပြု ကြ ကုန် လော ဟု ဆိုသည် မည်၏။ ထို့ကြောင့် ဤသူနာသည် နတ်တမန် မည်သည်ဖြစ်၏။

---

## (၂၁၂) စတုတ္ထဒေဝဒူတ၏ အဓိပ္ပါယ်ကို ပြခြင်း

လေးကြိမ်မြောက် နတ်တမန်ဟူရာ၌ ကမ္မကရဏာငင်း၊ ကမ္မကရဏာ ပြုတတ်သောသူငင်း၊ ဤသို့နှစ်ပါးပြားကုန်၏။ ထိုနှစ်ပါးတို့တွင် ကမ္မကရဏာအတို့၌ ၃၂-ပါးသော ကမ္မကရဏာဟူသည် အနက်အားဖြင့် ဤသို့ဆိုသည်မည်ကုန်၏။ ငါ တို့ ဖြစ် ကုန် သည် ရှိသော် သစ်ပင်၌ မဖြစ်ကုန်၊ ကျောက် ၌ မ ဖြစ် ကုန်၊ သင်တို့ကဲ့သို့သော သူတို့၏ကိုယ်၌ ဖြစ်ကုန်၏။ ထို့ကြောင့် ငါတို့မဖြစ်မီ ကောင်းမှုကို သင်တို့ပြုကြလော။ ဤ သို့ ဆို သည် မည် ၏။ ထို့ကြောင့် ထို ကမ္မ က ရ ဏာ တို့ သည် နတ် တ မန် မည် ကုန် သည် ဖြစ်ကုန်၏။ ကမ္မကရဏာကိုပြုတတ်သောသူတို့သည်လည်း အနက်အားဖြင့် ဤသို့ဆိုသည်မည်ကုန်၏။ ငါတို့သည် (၃၂)ပါးသော ကမ္မကရဏာကို ပြုကုန်သည်ရှိသော် သစ်ပင်စသည်တို့၌ မပြုကုန်။ သင်တို့ကဲ့သို့သော သတ္တဝါတို့၌သာလျှင် ပြုကုန်၏။ ထို့ကြောင့် ကမ္မကရဏာကို ငါတို့မပြုမီ ကောင်းသောတရားကို ပြုကြကုန်လောဟု ဆိုသည်မည်၏။ ထို့ကြောင့် ထိုကမ္မကရဏာကို ပြုတတ်သော သူတို့သည်လည်း နတ်တမန်မည်ကုန်သည် ဖြစ်ကုန်၏။

## (၂၁၃) ပဉ္စမဒေဝဒူတ၏ အဓိပ္ပါယ်ကို ပြခြင်း

ငါးခုမြောက် နတ်တမန်ဟူရာ၌ သေသော သတ္တဝါသည် အနက်အားဖြင့် ဤသို့ဆိုကုန်သည်မည်၏။ အချင်းတို့ သုသာန်၌ စွန့်အပ်သော ဖူးဖူးရောင်သော အကောင်စသည်၏ အဖြစ်သို့ ရောက်သော ငါ့ကိုရှုကြကုန်လော၊ သေခြင်းမှလည်း မလွတ်နိုင်ကုန်သောကြောင့် ဤသို့ သော ဆင်းရဲဖြစ်၏။ ငါသည်သာ သေခြင်းမှ မလွတ်နိုင်သည်မဟုတ်။ သင်တို့သည်လည်း မလွတ်နိုင်ကုန် သည်သာတည်း။ ထိုစကားသင့်စွ၊ ငါ့အား သေခြင်း တရား လာရောက်သကဲ့သို့ သင်တို့အားလည်း သေခြင်းတရား လာရောက်လတ္တံ့။ ထို့ကြောင့် သေခြင်းတရားမလာမီ ကောင်းမှုကို ပြုကြကုန်လော၊ ဤသို့ဆိုသည်မည်၏။ ထို့ကြောင့် ဤသူသေသည် နတ်တမန်မည်သည်ဖြစ်၏။

---

## (၂၁၄) နတ်တမန်အစစ်ခံရသူ မခံရသူကို ပြခြင်း

ဤနတ်တမန် အစီအစစ်ကို အဘယ်သူရသနည်း၊ အဘယ်သူ မရသနည်း။ ဤသို့ အမေးရှိသော် အကြင်သူသည် များစွာ မကောင်းမှုကိုပြုအပ်၏။ ထိုသူသွား၍ ငရဲ၌ ဖြစ်လေသလျှင်က တည်း။ အကြင်သူသည်ကား အနည်းငယ်မျှသော မကောင်းမှုကို ပြုအပ်၏။ ထိုသူသည် အစီအစစ်ခံခြင်းကိုရ၏။ ထင်စွာ ပြအံ့။ ခိုးထုပ်နှင့်တကွသော ခိုးသူကိုမိ၍ ပြုအပ်သည်ကိုသာ ပြုကုန်၏။ မစီစစ်ရကုန်။ မေးစီစစ်၍ယူအပ်သောသူကိုမူကား တရားဆုံးဖြတ်ရာသို့ ဆောင်ကုန်၏။ ထိုသူသည် အဆုံးအဖြတ်ကိုရ၏။ ဤဥပမာ၏ ပြည့်စုံခြင်းကိုမှတ်ရာ၏။ **ဤသို့ ဖြေဆိုရာ၏။**

## (၂၁၅) ကောင်းမှုကို အောက်မေ့နိုင်သူကို ပြခြင်း။

အနည်းငယ်မျှ မကောင်းမှုရှိသော သူတို့သည် မိမိ၏ သဘောအားဖြင့်လည်း ကောင်းမှုကံကို အောက်မေ့ကုန်၏။ အမှတ်ရကုန်၏။ ယမမင်းက အောက်မေ့စေသည်ဖြစ်ကုန်၍လည်း ကောင်းမှုကို အောက်မေ့ကုန်၏။ ထိုနှစ်ယောက်တို့တွင် ဒီဃဇယန္တမည်သော ကျည်းလူမျိုးသည် သုမနဂိရိကျောင်း အာကာသစေတီကို ပုဆိုးနီဖြင့် ပူဇော်ခဲ့ဘူး၏။ သေသောအခါ ဥဿဒငရဲအနီးသို့ ရောက်သည်ရှိသော် ငရဲမီး၏ အဆင်းကို မြင်၍ မိမိပူဇော်ခဲ့ဘူးသော ပုဆိုးနီကိုအောက်မေ့၏။ ထိုကျည်းလူမျိုးသည် သွား၍ နတ်ပြည်၌ဖြစ်လေ၏။ တဦးသောသူသည် လည်း သားရဟန်း ငယ်အား ပေးလှူသည်ရှိသော် ခြေရင်း၌ ထားသောအခါ ချွတ်ချွတ်မည်သော အသံနိမိတ်ကို ယူဘူး၏။ ထိုသူသည် ဥဿဒအနီး၌ ဖြစ်လေသော်၊ ဖျစ်ဖျစ်ဟူသော မီးသံကြောင့် အစဉ်အောက်မေ့၍ သွား၍နတ်ပြည်မှာ ဖြစ်လေ၏။ ဤသို့ရှေးဦးစွာ မိမိသဘောအားဖြင့် ကုသိုလ်ကံကို အောက်မေ့သောကြောင့် နတ်ပြည်မှာဖြစ်၏။

---

## (၂၁၆) ယမမင်း အောက်မေ့စေသည်ကိုပြခြင်း

မိမိသဘောအားဖြင့် မအောက်မေ့နိုင်သူကို ငါးပါးသော ဒေဝဒူတကိုမေး၏။ ထိုငါးပါးသော ဒေဝဒူတတို့တွင် အချို့သောသူသည် ပဌမနတ်တမန်ဖြင့် အောက်မေ့၏။ အချို့သော သူသည် ဒုတိယနတ်တမန် စသည်တို့ဖြင့် အောက်မေ့၏။ အကြင်သူကား ငါးပါးကုန်သော နတ်တမန်တို့ဖြင့်လည်း ကောင်းမှု

ကံကို မအောက်မေ့နိုင်။ ထိုသူကို ယမမင်းကိုယ်တိုင် အောက်မေ့စေ၏။ တယောက်သော အမတ်သည် မြတ်လေးပန်းကို အိုးဖြင့် မဟာစေတီကိုပူဇော်ပြီး၍ ယမမင်းအား ကုသိုလ်အဘို့ကို အမျှဝေဘူး၏။ အကုသိုလ်ကံကြောင့် ငရဲ၌ဖြစ်လာသော ထိုအမတ်ကို ငရဲထိန်းတို့သည် ယမမင်း၏အထံသို့ ဆောင်ကြကုန်ပြီ။ ထိုအမတ်သည် ငါးပါးကုန်သော နတ်တမန်တို့ဖြင့် ကုသိုလ်ကံကို မအောက်မေ့နိုင်သည်ရှိသော် ယမမင်းသည် ကိုယ်တိုင်ကြည့်ရှု သိမြင်၍ သင်သည် မဟာစေတီ၌ မြတ်လေးပန်းကို အိုးဖြင့်ပူဇော်ပြီး၍ ငါ့အား အမျှပေးဘူးပြီဟုဆို၍ သတိပေး၏။ ထိုအမတ်သည် ထိုသတိပေးသောကာလ၌ အမှတ်ရ၍ နတ်ပြည်သို့ ရောက်လေပြီ။

---

## (၂၁၇) ကံအလိုက် ငရဲခံရပုံကို ပြခြင်း

ထိုငရဲ ခံရသော သူတို့တွင် အချို့သော ငရဲသားသည် နှောင်ငါးပါးဖြင့်သာလျှင် ကျက်ရ၏။ အချို့သော ငရဲသားသည် နှစ်ခုမြောက်သော ဓားမ၊ ပဲခွပ်ခုတ်သော ငရဲဖြင့် ကျက်ရ၏။ အချို့သော ငရဲသားသည် သုံးခုမြောက်သော သံရထားနင်းသော ငရဲဖြင့်ကျက်ရ၏။ အချို့သောငရဲသားသည် ကြေးနီရေလောင်းသောငရဲဖြင့် ကျက်ရ၏။ အကုသိုလ်ကံ မကုန်သည်ရှိသော် တဖန် ငရဲကြီး၌ ထည့်ကြကုန်၏။

---

## (၂၁၈) ဤဒေဝဒူတသုတ်ကို ကြားနာ၍ မဂ်ဖိုလ်ရောက်ရပုံကို ပြခြင်း

ဤ ဒေဝဒူတသုတ်ကိုသင်သော ရဟန်းငယ်တပါးသည် အရှင်ဘုရား ဤမျှတဆယ့်သုံးရပ် အထပ်ထပ်သော ဆင်းရဲကို

ခံစားရလျက် တဖန်လည်း ငရဲကြီး၌ တည်ကြကုန်၏ဟု ဟောတော်မူ၏ဟူ၍ ဆရာကိုမေးလျှောက်၏။ ငါ့ရှင် တဖန်ငရဲကြီး၌ ထည့်ကြကုန်၏ဟူ၍ ဟောတော်မူသည်ဟုဆို၏။ အကုသိုလ်ကံ မကုန်သည်ရှိသော် အဖန်တလဲလဲ ဤသို့ပြုကုန်၏ဟု ဆရာက ဆိုပေ၏။ အရှင်ဘုရား ပါဠိသင်ခြင်းကို ထားပါဦးလော။ ကမ္မဋ္ဌာန်းကိုသာ ဟောတော်မူပါကုန်ဟု တောင်းပန်၍ ကမ္မဋ္ဌာန်းကို သင်စေပြီး၍ သောတာပန်ဖြစ်မှ လာ၍ ပါဠိသင်ယူလေပြီ၊ ရဟန်းငယ်မှတပါး ကုန်သော ဤဒေဝဒူတသုတ်၌ ပါဠိသင်ခြင်းကိုထား၍ အရဟတ္တဖိုလ်သို့ရောက်ကုန်သော ရဟန်းတို့၏ အရေအတွက်မရှိ။

---

## (၂၁၉) ဆုတောင်းခံအချုပ်ကိုပြခြင်း

ဤသို့ပြုရ၊ ကုသလကြောင့်၊ ချမ်းမြေအေးကြည်၊ ကောင်းခဲ့မည်သည်။ ရွှေပြည်-ထုတ်ခြောက်၊ လမ်းမကောက်ဘဲ၊ ရောက်ရပါလို၊ ထိုထိုဘဝ၊ ကျင်လည်ရလည်း၊ ဟီန-ဘဇ္ဇ၊ အပါယနှင့်၊ မှားစွအယူ၊ မသူတော်ဆိုး၊ ထိုအမျိုး၌၊ မတိုးမကပ်၊ ဥက္ကဋ္ဌဟိတ်၊ သန္ဓေစိတ်ဖြင့်၊ မထိတ်မရွံ့၊ ရဲဝံ့တည်ကြည်၊ မျိုးမည်မြတ်လှ၊ ဓနပေါများ၊ ယောကျ်ားစင်စစ် ဆက်တိုင်းဖြစ်၍၊ ဆိုးငြစ်ဖေါက်ပြန်၊ မိစ္ဆာဒန်ကို ပယ်လှန်ချိုးဖျက်၊ အောင်စည်နှက်၍၊ နေစက်ရောင်ဝါ၊ သာသနာကို၊ ကောင်းစွာမျိုးမြှင့်၊ ထွန်းပွင့်တောက်ပ၊ ဇဝနနှင့်၊ ဟာသတိက္ခာ၊ ဂမ္ဘီရဟူ၊ ပညာအကုန်၊ သိမ်းပိုက်ခြုံ၍၊ သုံးပုံပိဋကတ်၊ လေးရပ်ဗေဒင်၊ ထက်ဝန်းကျင်ကို၊ လျှင်စွာတတ်မြောက်၊ ကွေ့ကောက်နည်းနာ၊ အဖြာဖြာကို၊ မြဲစွာမှတ်နိုင်၊ ကြံ့ခိုင်မြဲမြန်၊ ကကြံမကြံ လည်း၊ အမှန်ပြီးလွယ်၊ ကိုယ်ဝယ်ရှိငြား၊ အတတ်များလည်း၊ ရောက်

ကျားမရှိ၊ သတိလုံးလ၊ ဝိရိယနှင့်၊ နေ့ညမကွာ၊ သဿရာပဗ္ဗုပ္ပ
ကျိုးမယုတ်သည်၊ အဟုတ်ဧကံ။ စကားမှန်ကို၊ နာခံ ချစ်ဘွယ်
ဆိုဟာသွယ်လျက်၊ တင့်တယ်ချိုသာ၊ လိုရာ သို့ ကြား၊ ဆိုစကား
လည်း၊ ရွှေသွားနောက်ညီ သက်ရှည်ရန်ကင်း ကွာရှင်းဥပဒ်၊
ဘေးမစပ်ဘဲ၊ ကောင်းမြတ်စိတ်သာ၊ လိုဇ္ဈာတို့၊ ကြံခါပြည့်ဝ၊
ချမ်းလှပူပြင်း၊ ငတ်ခြင်း တောင်း ရမ်း၊ သော့သွမ်း လျှပ်ပေါ်၊
မတော်လောဘ။ ဒေါသမောဟာ၊ ဒုက္ခာပူပင်၊ ငြိုငြင်ရှာရေး၊
အသက်မွေးမှု၊ ကင်းဝေးလွတ်လို၊ ထိုထို တလွှား ဘုရားစရှိ။
လူ့ဘုံတို့၊ ထိထိရောက်ရောက်၊ ပြစ်ကောက် မှုံ ရှာ၊ ကင်းစင်
ကွာလျက်၊ မိုက် စွာ ဆို ငြား၊ ထို သူ အား လည်း၊ မကြားမသိ၊
တင်ရှိကျေးဇူး၊ ရှိပေဘူးလည်း၊ အထူးပြန်ဆပ်၊ ချီးမြှင့်အပ်က၊
လျှောက်ပတ်ချီးမြှင့်၊ ကိုယ်နှင့်တဝ၊ ကျေးဇူးပလည်း၊ နှိမ့်ချမပူ၊
အယူဖြောင့်ထွေ၊ ဇာနေ့လုံခြို၊ လေးစုံ စ ကြာ၊ သ ဃ္ဃာ မည် ခေါ်၊
သူတော်တရား၊ ဆယ်ပါးသုစရိ၊ ပြည့်စုံဘိ၍၊ မြတ်တိရတနာ၊
ဤသုံးဖြာအား၊ ကောင်းစွာကြည်ညို၊ ရိုသေထိုက်ငြား၊ သူတို့
အားလည်း၊ ညွတ်တွားရိုသေ၊ စောင့်ပေအပ်စွာ၊ စောင့်ကြပ်
ရာကို၊ မကြာစေဘိ၊ ဆုမျိုးပြည့်လျက်၊ သိရိဗိမာန်၊ ပြည်နိဗ္ဗာန်သို့၊
အမှန်ရောက်ရပါလိုသောဝ်။ ။

ဒေဝဒူတသုတ် ပြီးပြီ။

## အောက်ပါ ကျမ်းစာအုပ်များ

ကျွန်တော်များဆိုင်၌ အသင့်ရနိုင်ပါသည်။

→o←

၁။ သောတာပန်လမ်း အလင်းကျမ်း (ဓမ္မစေတီ ဆရာတော်ဘုရား) .... .... ၃-၅၀

၂။ ပရမတ္ထ အလင်းပြ ဆေးကျမ်းနှင့် ဘိန္ဓော အလင်းပြ ဆေးကျမ်း .... ပ-၁၀ိ ဒု-၅ ကျပ်

၃။ ဂိဇ္ဇာသာရကျမ်း .... .... .... ၅-ကျပ်

၄။ ဗိနတ္ထပကာသနီကျမ်း .... .... ၂၅-ကျပ်

၅။ ဇာတ်တော်ကြီး ဆယ်ဘွဲ့ ပ-ဒု သားရေဖုံး ၂၅-ကျပ်စီ

၆။ ငါးရာ့ ငါးဆယ် နိပါတ်တော်ဝတ္ထု ပ-ဒု-ဘ-စ ပဥ္စမ .... .... ၂၅-ကျပ်စီ

၇။ သုဓမ္မဝတီ ဗုဒ္ဓဝင် သားရေဖုံး .... ၃၀-ကျပ်

၈။ မိလိန္ဒပဥှာဝတ္ထု .... .... .... ၂၅-ကျပ်

၉။ ပဏ္ဍိတဝေဒနီယ ဒီပနီကျမ်း .... .... ၂၅-ကျပ်

၁၀။ ခံဘူးလက်တွေ့ကုထုံးကျမ်း ပ-၆-ကျပ်၊ ဒု-၅-ကျပ်

၁၁။ ကျောက်ကျမ်း ဂမုံးကျမ်း .... .... ၅-ကျပ်

၁၂။ ရှင်အရဟံ ပုတီးစိတ်နည်းနှင့် ဦးရှင်ကြီးပင့် စာတမ်း ၁၀၀-ကို ၃ဝိ ဈေးနှင့် တအုပ် ပြား-၅၀။

**ဦးထွန်းစိန်-ဒေါ်မြရွှေ သား မောင်မောင်ချို**

သင်္ကန်းပရိက္ခရာ စာအုပ် ယွန်းထည်

ကြေးကုန် သံကုန်ဆိုင်ကြီး

နံပါတ် ၄၇-၄၈၊ ရွှေတိဂုံဘုရား အရှေ့စောင်းတန်း

ချာချီစာတိုက်၊ ရန်ကုန်မြို့။